

တာရှုသိုင်း
ဝင်းကြွယ်
ဓလှုဏ္ဍမြောက်သိုင်းရာဇာ
ဒုတိယပိုင်း
ဇာတ်သိမ်း

တက္ကသိုလ

# ဝင်းကြွယ်

# စတုတ္ထမြောက်သိုင်းရာဇာ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

## ကြယ်တံခွန်သိုင်းသမား

စားသောက်ဆိုင်တစ်ခုလုံး စကားပြောသံ၊ ရယ်မောသံ၊ ဇွန်းသံ၊ ပန်းကန်ခွက်ယောက်သံများဖြင့် ဆူညံနေ၏။

အခန်းထောင့်တွင် လူရွယ်တစ်ယောက် မလှုပ်မယှက် ထိုင်နေ၏။

သူ၏ပုံဟန်မှာ စိတ်ပျက်လက်ပျက် ရှိနေကြောင်း သိသာလှပေသည်။

ထိုလူရွယ်မှာ ယို့ချီပင် ဖြစ်သည်။

"ဘုံကျောင်းရှေ့က တိုက်ပွဲမှာ အဖြူရောင်သိုင်းသမားတွေ အရေးနိမ့်သွားတယ်ဆိုပါလား"

အဖြူရောင်သိုင်းသမားများ အရေးနိမ့်သွားကြသည်မှာ

ဝမ်းနည်းကြေကွဲစရာ ကောင်းလှပါတော့သည်။

အဆိပ်ဂိုဏ်းကား ပျက်စီးသွားပြီ ဖြစ်သည်။

အတုမဲ့သိုင်းသခင်ကို နှိမ်နင်းနိုင်မှသာလျှင် သိုင်းလောက အေးချမ်းသာယာသွားလိမ့်မည် ဖြစ်ပေသည်။

ယို့ချီ တွေးတောစဉ်းစားနေစဉ်မှာပင် ကွမ်းကြိုးမင်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ကျင်းကျင်း မင်းကို ငါ့ရဲ့ မိတ်ဆွေတစ်ယောက်ဆီမှာ အပ်ထားခဲ့မယ်၊ သူက မင်းကို စောင့်ရှောက်ထားပါလိမ့်မယ်၊ မင်း ငါ့စကားကို နားထောင်စေချင်တယ်"

ယို့ချီသည် ကျင်းကျင်းနှင့် ကွမ်းကြိုးမင်းတို့အား မသိမသာ လှမ်းကြည့်လိုက်သည်။

ကွမ်းကြိုးမင်း၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

ကျင်းကျင်းကား စိုးရိမ်ပူပန်သည့် အသွင်ဖြင့် ရှိနေသည်ကို တွေ့ရလေသည်။

"ဘဘ... ကျွန်မ လိုက်ခဲ့လို့ မရဘူးလား"

သူမက စောဒက တက်လိုက်၏။

သို့သော်...

ကွမ်းကြိုးမင်းက လက်မခံပါချေ။

"မင်း လိုက်လို့ မဖြစ်ဘူး၊ ငါက ပန်းနီကျေးရွာကို အရင်သွားပြီး စနည်းနာမယ်၊ အခြေအနေ ကောင်းတယ်ဆိုမှ မင်းကို လာခေါ်မယ်"

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

ကွမ်းကြိုးမင်းအား မည်သို့မျှ ပြောဆို မရနိုင်တော့ ကြောင်း



သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်... ာကိုး"

ကွမ်းကြိုးမင်း၏စကားကို သဘောတူလိုက်ရပေ၏ မိန်းက

"ကောင်းပါပြီ ဘဘ၊ ကျွန်မ နေခဲ့ပါ့မယ်"

ကွမ်းကြိုးမင်း ပြုံးလိုက်သည်။

သူက ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ ကျသင့်ငွေ ပေးချေလိုက်သည်။

ထို့နောက်...

ကျင်းကျင်းကို ခေါ်ကာ စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

ယို့ချီမှာ သူတို့အား ငေးကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

♣ ♣ ♣

ကွမ်းကြိုးမင်းတို့ ထွက်သွားကြပြီ ဖြစ်သည်။

အတန်ကြာမှ ယို့ချီ သက်ပြင်းတချက်ချလိုက်သည်။

ဆိုင်ထဲ၌ ကြာကြာမနေလိုတော့သဖြင့် ကျသင့်ငွေ ပေးချေကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

ဆူညံသော စကားသံများနှင့်အတူ လူတစ်စု ဆိုင်ထဲသို့ ဝင်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်းနည်းကြေကွဲမှုများကား တမန်တော်ဂိုဏ်းသားများပင် ဖြစ်နေကြပါ အ၊

သူတို့သည် ယခင်ကလို ပုန်းလျှိုးကွယ်လျှိုး မနေကြတော့ အေးချောင်ကျကျ လှုပ်ရှားနေကြပြီ ဖြစ်လေသည်။

အနက်ရောင်သိုင်းသမားများသည် မည်သူ့ကိုမှ အမှုမထားဘဲ ဖြောင့်ကျကျ လှုပ်ရှားဝံ့ကြသည်မှာ သိုင်းလောကအတွက် ကောင်းသော လက္ခဏာ မဟုတ်ပါချေ။

တမန်တော်ဂိုဏ်းမှ သိုင်းသမားများသည် စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

တစ်ဖန်...

တဝါးဝါးတဟားဟား ရယ်မောရင်း ယင်စန်းဘုံကျောင်းရှေ့မှ တိုက်ပွဲအကြောင်း ပြောဆိုနေကြ၏။

ထိုတိုက်ပွဲတွင် အနက်ရောင်သိုင်းသမားများ အောင်ပွဲခံနိုင်ကြသလို အဖြူရောင်သိုင်းသမားများ အရေးနိမ့်သွားခဲ့ကြလေသည်။

အနက်ရောင်သိုင်းသမားများ တစထက်တစ အင်အားကောင်းလာပြီး သိုင်းလောကအတွက် အခြေအနေ မကောင်းကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ယို့ချီသည် တမန်တော်ဂိုဏ်းသားများကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက်...

စားသောက်ဆိုင်ထဲမှ မသိမသာ ထွက်လာခဲ့သည်။

တမန်တော်ဂိုဏ်းသားများသည် ယို့ချီအား သတိမပြုမိကြချေ။



ဆိုင်အပြင်ဘက်သို့ ရောက်ကာနီးမှ...

"လက်စသတ်တော့ ရှင်က သည်ရောက်နေတာကိုး"

စကားသံနှင့်အတူ ဆိုင်ထဲဝင်ရန် ဟန်ပြင်နေသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

အဆိပ်ဂိုဏ်းမှ ပန်းကလေးပင် ဖြစ်သည်။

"ဟင်"

ယို့ချီ အထိတ်တလန့် ဖြစ်သွားလေသည်။

ကပျာကယာ နောက်ဆုတ်လိုက်သည်။

ပန်းကလေး မဲ့ပြုံးပြုံးကာ ခေါင်းခါယမ်းလိုက်၏။

"ရှင် ပြေးလို့ မရတော့ပါဘူး"

သူမသည် အဆိပ်သုတ်လိမ်းထားသော ဓားမြှောင်တစ်လက်ကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ရုတ်ရုတ်သဲသဲ ဖြစ်သွားခြင်းကြောင့် ဆိုင်ထဲ၌ ရှိနေသူများ အပါအဝင် တမန်တော်ဂိုဏ်းသားများလည်း လှမ်းကြည့်လာကြလေသည်။

တမန်တော်ဂိုဏ်းသားတစ်ယောက်က လေသံမာမာဖြင့်...

"ဘာဖြစ်နေကြတာလဲ၊ ငါတို့ သည်မှာ အေးအေးဆေးဆေး စားသောက်နေကြတယ်ဆိုတာ မသိဘူးလား၊ သေချင်နေကြပြီထင်တယ်"

အမျှားရှေ့တွင် ဟိတ်ဟန်ထုတ်ကာ အော်ငေါက်လိုက်လေသည်။

ပန်းကလေး ခံပြင်းသွားသည်။

အဆိပ်ဂိုဏ်း ဖျက်ဆီးခံလိုက်ရသဖြင့် ဒေါသထွက်နေရ

ကား မည်သူ့ကိုမဆို ရန်ရှာဖို့ ဝန်မလေးတော့ချေ။

သူမ၏မျက်နှာ တင်းမာသွားသည်။

"ရှင်တို့ ပါးစပ်တွေ ပိတ်ထားလိုက်စမ်း"

သူမက ချက်ချင်းပင် ပြန်လည်အော်ငေါက်လိုက်သည်။

ထိုအခါ...

တမန်တော်ဂိုဏ်းသားများ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားကြလေတော့သည်။

"ဘာပြောတယ်"

"တောက်... သေချင်ပြီ ထင်တယ်"

တစ်ယောက်တစ်ပေါက် ဒေါသတကြီး ပြောရင်း ဝုန်းခနဲ ထရပ်လာကြသည်။

"ခြွမ်း"

"ခြွမ်း"

ဓားလှံလက်နက်များလည်း ဆွဲထုတ်လိုက်ကြသည်။

စားသောက်ဆိုင်အတွင်း၌ မမျှော်လင့်ဘဲ တိုက်ပွဲတစ်ခု ပေါ်ပေါက်လာတော့မည် ဖြစ်သည်။

ပန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မက ရှင်တို့ကို ကြောက်နေရမှာလား"

"ဘာ"

"သိကြသေးတာပေါ့"

တမန်တော်ဂိုဏ်းသားများ ချက်ချင်းပင် ပြေးလာကြ၏။

ယို့ချီက အခြေအနေကို စောင့်ကြည့်နေသည်။

ပန်းကလေးသည် တမန်တော်ဂိုဏ်းသားများထံသို့ အစရှိ



ရောက်သွားသည့် တဒင်္ဂအချိန်လေးအတွင်းမှာပင်...

"ဟိတ်"

ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

"ဟင်"

ယို့ချီ ထွက်ပြေးသွားသဖြင့် ပန်းကလေး မကျေမနပ် ဖြစ်သွားလေသည်။

ချက်ချင်းပင် ယို့ချီနောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်၏။ ထိုအခါ...

"မင်း ဘယ်ပြေးမလဲ"

"သေပေတော့"

တမန်တော်ဂိုဏ်းသားများက အနီးသို့ ရောက်ရှိလာပြီး ဝိုင်းဝန်းတိုက်ခိုက်လာကြ၏။

ပန်းကလေး အခက်ကြုံသွားသည်။

သူမက ယို့ချီနောက်သို့ လိုက်သွားရန် မဖြစ်နိုင်တော့ပါ။

ဝိုင်းရံတိုက်ခိုက်လာသော တမန်တော်ဂိုဏ်းသားများအား ပြန်လည်တိုက်ခိုက်လိုက်ရတော့သည်။

တခဏအတွင်း...

ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေသည်။

ပန်းကလေးသည် တမန်တော်ဂိုဏ်းသားများအား အမြန်ဆုံး အနိုင်ယူနိုင်ရန် အဆိပ်ပညာကို ထုတ်ဖော်အသုံးပြုလိုက်သည်။

ဤတွင်...

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

တမန်တော်ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် အဆိပ်အပ် ထိမှန်ကာ လဲကျသွားလေတော့သည်။

"ဟင်"

"ဟာ"

ကျန်ဂိုဏ်းသားများ အထိတ်တလန့် ဖြစ်သွားကြပြီး ပြန်လည်ဆုတ်ခွာသွားကြလေသည်။

ပန်းကလေးသည် ရလာသော အခွင့်အရေးကို လက်လွှတ်မခံပါ။

ချက်ချင်းပင် ခြေတစ်ဖက်ဆောင့်ကာ အပြင်ဘက် ပြေးထွက်သွား၏။

ထို့နောက်...

ယို့ချီ ထွက်သွားရာ နောက်သို့ တဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

♣ ♣ ♣

ယို့ချီသည် အတန်ကြာ ပြေးလွှားလာပြီးမှ ပြေးနှုန်းကို လျှော့ချလိုက်သည်။



သူက ပန်းကလေးကို ကြောက်ရွံ့၍ ထွက်ပြေးနေခြင်းတော့ မဟုတ်ပါ။

ပန်းကလေးနှင့် တိုက်ခိုက်ခြင်း မပြုလို၍ ထွက်ပြေးရှောင်တိမ်းသွားခြင်းသာ ဖြစ်ပါသည်။

"မပြေးနဲ့"

အတော်ဝေးဝေးသို့ ရောက်သောအခါ ပန်းကလေးက အော်ငေါက်ရင်း ပြေးလိုက်လာလေသည်။

"ဒုက္ခပဲ"

ယို့ချီ ရင်ထိတ်သွားသည်။

ချက်ချင်းပင် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးသွားလိုက်လေသည်။

ပန်းကလေးက ဒေါသတကြီး လိုက်ပါလာသည်။

ယို့ချီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး မလှမ်းမကမ်းရှိ ခြံဝင်းကြီးတစ်ခုအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

ခြံဝင်းအတွင်း၌ လှပခန့်ညားသော စံအိမ်တစ်ခု ရှိနေပါ၏။

ယို့ချီသည် သစ်ပင်ပန်းပင်များကြား၌ တိုးဝင်ပုန်းအောင်းကာ ငြိမ်နေလိုက်သည်။

သူက ဤခြံဝင်းအတွင်းသို့ ဝင်လာခဲ့သည်ကို ပန်းကလေး မတွေ့မမြင်ပါစေနှင့်ဟု ဆုတောင်းနေလိုက်မိသည်။ သို့သော်...

သူ၏ဆုတောင်း မပြည့်ခဲ့ပါချေ။

"ဟူး"

ပုန်းအောင်းနေလိုက်ပြီး မကြာမီမှာပင် အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရိပ်တစ်ခုသည် ခြံဝင်းကို ကျော်ဖြတ်ကာ အတွင်းဘက်သို့ ရောက်ရှိလာလေသည်။

ပန်းကလေးပင် ဖြစ်သည်။

ပန်းကလေးသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး

“ရှင် ပုန်းနေလို့မရဘူး ထွက်ခဲ့”

ဟု အော်ငေါက်လာသည်။

သူမ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ယို့ချီ စိတ်ပျက်သွားသည်။

“သူက ဘာကြောင့် သည်လောက်တောင် အငြိုးတကြီး ဖြစ်နေရတာလဲ”

စိတ်ထဲမှ ရေရွတ်မိလိုက်လေသည်။

ပန်းကလေးသည် ယို့ချီအား မတွေ့ရသဖြင့် ပို၍ ဒေါသ ထွက်လာလေသည်။

“တောက်… အခုထိ ရှင် မထွက်လာသေးဘူးလား၊ သေချင်ပြီ ထင်တယ်”

သူမသည် အော်ငေါက်ရင်း မလှမ်းမကမ်းရှိ စံအိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်လေသည်။ ထိုအချိန်မှာပင်…

“ကျုပ်ရဲ့ ခြံဝင်းထဲ ကျူးကျော်ဝင်ရောက်လာရဲတာ နည်းတဲ့ သတ္တိ မဟုတ်ဘူး”

စကားသံနှင့်အတူ စံအိမ်ထဲမှ လူတစ်စု ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် ဖြစ်လေသည်။



ထိုအဘိုးအိုမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

အဘိုးအို၏ဝဲယာတစ်ဘက်တစ်ချက်တွင် တပည့်တပန်းများက ခြံရံလိုက်ပါလာကြလေသည်။

ထိုတပည့်များအပြင် ကွမ်းကြိုးမင်နှင့် ကျင်းကျင်းတို့လည်း ပါဝင်နေကြသည်ကို တွေ့လိုက်ရလေသည်။

ယို့ချီ အံ့သြသွားသည်။

“လက်စသတ်တော့ သူတို့က သည်မှာ ရောက်နေကြတာကိုး”

အ န္တရာယ်ကင်းလေမည်လားဟု ခြံဝင်းထဲသို့ ဝင်လာမိတော့မှ အမှားကြီးမှားနေပြီဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

ယို့ချီ စိတ်ဓာတ်ကျသွားသည်။

ယခုအချိန်မှ ပြန်လည်ထွက်သွားရန်လည်း မဖြစ်နိုင်တော့ပါချေ။

ယို့ချီသည် ပန်းပင်များကြားမှ ပုန်းအောင်းကာ အခြေအနေ စောင့်ကြည့်နေလိုက်သည်။

ပန်းကလေးသည် ကွမ်းကြိုးမင်၊ ကျင်းကျင်းနှင့် အိမ်ရှင်အဘိုးအိုတို့ကို မြင်လျှင် မကျေမနပ် ဖြစ်သွားလေသည်။

“နေဝန်းဂေဟာက သခင်လေးယို့ချီကို ဖုက်ထားလို့ မရဘူး၊ အခုချက်ချင်း ထုတ်ပေးပါ”

ဟုလည်း ပြောလိုက်သည်။

အဘိုးအိုက ရှေ့သို့ လှမ်းထွက်လာလေသည်။

“မိန်းကလေး မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ရဲ့ ခြံဝင်း

ထဲကို ဝင်လာပြီး သောင်းကျန်းနေရတာလဲ"

"ဘာရှင့်"

ပန်းကလေး ပိုပြီး မကျေမနပ် ဖြစ်သွားလေသည်။

သူမသည် ရှေ့တိုးကာ ရင်ဆိုင်လိုက်သည်။

"ရှင် ဘယ်သူလဲ၊ ယို့ချီကို အကာအကွယ် ပေးရအောင် ရှင် ဘယ်လောက်များ သတ္တိကောင်းနေလို့လဲ ပြောစမ်းပါဦး"

အဘိုးအို မျက်နှာပျက်သွားသည်။

သူ့အား စော်ကားသည်ဟု သဘောပိုက်ကာ ခံပြင်းသွားပုံရ၏။

"ကျုပ်နာမည် နီခွမ်း၊ သိုင်းလောကသားမှန်ရင် ကျုပ်နာမည် ကြားဖူးမှာပေါ့"

"ဟင်"

ပန်းကလေး ရင်ထိတ်သွားသည်။

နီခွမ်းဆိုသော အမည်ကို ကောင်းစွာ ကြားဖူးထားသည် မဟုတ်ပါလား။

နီခွမ်းသည် ကြယ်တံခွန်သိုင်းသမားဟု သိုင်းလောက၌ ထင်ရှားခဲ့သော အဖြူရောင်သိုင်းသမားကြီးတစ်ယောက် ဖြစ်လေသည်။

နီခွမ်းသည် အနက်ရောင်သိုင်းသမားများအား ဆုံးမရာတွင် နာမည်ကြီးသူလည်း ဖြစ်လေသည်။

ပန်းကလေးသည် ချက်ချင်း မျက်နှာထားကို ပြင်လိုက်၏။

"လက်စသတ်တော့ ကြယ်တံခွန်သိုင်းသမားနီခွမ်းဆိုတာ ရှင်ကိုး၊ လေးစားပါတယ်၊ ဒါပေမယ့် ယို့ချီကို အကာအကွယ် ပေး



ထားမယ်ဆိုရင်တော့ ကျွန်မ အဆိုးမဆိုနဲ့"

"ဘာ"

နီခွမ်း၏အသံ ဟိန်းထွက်လာသည်။

ပန်းကလေးအား စေ့စေ့ကြည့်ကာ...

"ကျုပ်က ဝှက်ထားတယ်ဆိုရင် မင်း ဘာလုပ်မလဲ ပြောစမ်းပါဦး"

ဟု ခပ်ရွဲ့ရွဲ့ မေးလိုက်၏။

ပန်းကလေးကလည်း ယို့ချီအား နီးခွမ်းက တမင်ပင် ဝှက်ထားခြင်းဖြစ်ကြောင်း မှတ်ထင်ကာ ခံပြင်းသွားလေသည်။

"ယို့ချီကို ထုတ်မပေးဘူးဆိုရင် ရှင့်ရဲ့ ကြယ်တံခွန်စံအိမ်ကို ဖျက်ဆီးပစ်ရမှာပဲ"

"ဘာပြောတယ်"

နီခွမ်း ဒေါသူသွားသည်။

ပန်းကလေးက အသားလွတ် စော်ကားလာသည့်အတွက်လည်း မကျေမနပ် ဖြစ်သွားရသည်။

ကွမ်းကြုံးမင်နှင့် ကျင်းကျင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ယို့ချီအား လာရှာသည်ဟု သိလိုက်ရခြင်းကြောင့် တအံ့တသြ ဖြစ်နေကြပါတော့သည်။ ထိုစဥ်...

"ဟေ့... ဆုံးမလိုက်ကြစမ်း"

နီခွမ်း၏အမိန့်ပေးသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

နီခွမ်း၏တပည့်များက ရှေ့သို့ ပြေးထွက်လာကြသည်။

ချက်ချင်းပင် ပန်းကလေးအား ဝိုင်းရံတိုက်ခိုက်လာကြလေသည်။

ပန်းကလေးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

"ကျွန်မက ရှင်တို့ကို ကြောက်နေရမှာလား"

သူမသည် အဆိပ်လက်နက်ပုန်းများကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

"ဝှစ်... ဝှစ်... ဝှစ်"

အဆိပ်အပ်ကလေးများသည် နီခွမ်း၏တပည့် သိုင်းသမားများထံသို့ တရစပ် လွင့်သွားလေသည်။

သိုင်းသမားများကား နီခွမ်းကဲ့သို့ မဟုတ်ဘဲ အတွေ့အကြုံနည်းပါးကြသူများ ဖြစ်ကြောင်း ထင်ရှားနေပါသည်။

ပန်းကလေးက အဆိပ်လက်နက်ပုန်းများဖြင့် တရစပ် တိုက်ခိုက်လာသောအခါ...

"ပုန်း"

"အား"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ပြေးဝင်သွားကြသော သိုင်းသမားများသည် လမ်းခုလတ်မှာပင် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

ပန်းကလေး ခါးထောက်လိုက်သည်။

"ကျွန်မကို လာစမ်းရင် ရှင်တို့ ဒုက္ခရောက်သွားကြလိမ့်မယ်၊ ယို့ချီကို အေးအေးဆေးဆေး ထုတ်ပေးပါ"

"ဟား... ဟား... ဟား"



နီခွမ်း ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏မျက်နှာကြီး နီရဲနေသည်။

သူ၏ရယ်သံမှာ ဒေါသသံပါနေသည်။

နီခွမ်းသည် ရယ်မောရင်း ရှေ့သို့ ထွက်လိုက်လေတော့၏။

တစ်ဖန်...

ပန်းကလေးအား စေ့စေ့ကြည့်ကာ...

"လက်စသတ်တော့ မင်းက အဆိပ်ဂိုဏ်းကကိုး၊ ကျုပ်ရဲ့လူတွေကို ကျုပ်ရဲ့ ခြံဝင်းထဲ ဝင်ပြီး စော်ကားပြီးမှတော့ သည်အတိုင်းပြန်ထွက်သွားရမယ် မထင်နဲ့"

ဟု ပြောလိုက်သည်။

ပန်းကလေးကလည်း အားကျမခံ ပြန်ပြောလိုက်သည်။

"ရှင် ဘာများ တတ်နိုင်မှာမို့လဲ"

နီခွမ်း အံကြိတ်လိုက်၏။

"ကောင်းပြီ၊ ကျုပ် ဘာတတ်နိုင်သလဲဆိုတာ မင်း သိရမယ်"

စကားဆုံးလျှင် နီခွမ်းက စတင် တိုက်ခိုက်လိုက်လေသည်။

ပန်းကလေးက လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"ရှောင်နိုင်ရင် ရှောင်ပေတော့"

"ဝှစ်... ဝှစ်... ဝှစ်"

လက်နက်ပုန်းကလေးများသည် နီခွမ်းထံသို့ တရစပ် တိုးဝင်သွားလေသည်။

နီခွမ်း မဲ့လိုက်သည်။

"မင်းရဲ့ လက်နက်ပုန်းကို ကျုပ်က ဂရုစိုက်ရမှာလား"

ချက်ချင်းပင် အင်္ကျီလက်ကို ဝှေ့ယမ်းကာ အဆိပ်အပ်က လေးများကို ရိုက်ချလိုက်သည်။

"တောက်... တောက်"

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး လက်နက်ပုန်းများ မြေပေါ်ကျသွားတော့သည်။

နီခွမ်းသည်လည်း လေပွေတစ်ခုပမာ ပန်းကလေးအနီးသို့ ရောက်ရှိသွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဟင်"

ပန်းကလေး ရင်ထိတ်သွားသည်။

သူမက ကပျာကယာ လက်ဝါးဖြင့် ခုခံပေးလိုက်သည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ပန်းကလေးမှာ နောက်သို့ ငါးလှမ်းမျှ ဆုတ်သွားရလေ၏။

နီခွမ်းက အလွတ်မပေးပါ။

"သွားစမ်း"

အော်ငေါက်ရင်း လက်ဝါးတစ်ဖက် ရိုက်ထုတ်လိုက်ပြန်၏။

ပန်းကလေး မျက်လုံးပြူးသွား၏။

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

ပြင်းထန်သော အင်အားကြီးတစ်ခုသည် သူမထံ တိုးဝင်သွားလေတော့သည်။

"ဝုန်း"



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ပန်းကလေးမှာ အထိတ်တလန့် အော်ကာ အဝေးသို့ လွင့်စဉ်သွားလေသည်။

သူမသည် မြေပေါ်လဲကျသွားပြီး ကပျာကယာ လူးလိမ့်ထလိုက်သည်။

အခြေအနေ မဟန်မှန်းသိလျှင် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ မြေပေါ်ခြေဆောင့်နင်းကာ ခြံဝင်းအပြင်ဘက်သို့ ခုန်ထွက်ကာ ရှောင်တိမ်းသွားလေတော့သည်။

နီခွမ်း အံကြိတ်လိုက်သည်။

"အဆိပ်ဂိုဏ်းက လူတွေ ကျုပ်ရဲ့ ခြံဝင်းထဲမှာ လာပြီး စော်ကားတာကို ကျုပ်ကသည်းခံနေမှာ မဟုတ်ဘူး"

ချက်ချင်းပင် ခြံဝင်းအပြင်ဘက်သို့ ခုန်ထွက်ကာ ပန်းကလေးနောက်သို့ လိုက်သွားလေသည်။

ကွမ်းကြိုးမင်နှင့် ကျင်းကျင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ကွမ်းကြိုးမင်က...

"ကျုပ်တို့ လိုက်သွားကြစို့"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

ထို့နောက်... နှစ်ယောက်သား ပြေးလွှားလိုက်ပါသွားကြလေသည်။ ယို့ချီမှာမူ...

♣ ♣ ♣

## အတုမဲ့သိုင်းသခင်

ပန်းတောင်ကုန်း...

ပန်းတောင်ကုန်းသည် မြို့ပြင်တွင် တည်ရှိကာ ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်နေသော တောင်ကုန်းလေးတစ်ခု ဖြစ်လေ၏။

ပန်းကလေးသည် တစ်ဟုန်ထိုး ပြေးထွက်သွားရာမှ ပန်းတောင်ကုန်းလေးပေါ်သို့ ရောက်ရှိလာသောအခါ မောဟိုက်နွမ်းနယ်လာပြီး ရှေ့ဆက်မပြေးနိုင်အောင် ဖြစ်သွားရလေသည်။

သူမသည် နီခွမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရာတွင် အတွင်းဒဏ်ရာရခဲ့သည် မဟုတ်ပါလား။

သူမ၏နဖူးပေါ်တွင် ချွေးချေးများ ရွဲရွဲစိုနေသည်။



နီခွမ်းအား အထင်သေးခဲ့မိသည်မှာ မှားပြီဖြစ်ကြောင်းလည်း ကောင်းကောင်းကြီး သဘောပေါက်သွားပြီ ဖြစ်လေသည်။

ပန်းကလေး မောဟိုက်ကာ ရှေ့ဆက်မပြေးနိုင်တော့သည့်အဆုံး ခြေလှမ်းရပ်လိုက်သည်။ ထိုစဉ်မှာပင်...

"ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ နီခွမ်းရောက်ရှိလာလေသည်။

နီခွမ်းသည် ပန်းကလေးကို မှီသွားပြီ ဖြစ်ပါသည်။

လေထဲ၌ ကျွမ်းတစ်ပတ်ပစ်ကာ ပန်းကလေး၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွားပြီး လမ်းပိတ်ထားလိုက်လေသည်။

"မင်း ပြေးလို့ မလွတ်ပါဘူး"

သူက အားရကျေနပ်သော လေသံဖြင့် ပြောလိုက်၏။

ပန်းကလေး အံတင်းတင်း ကြိတ်လိုက်၏။

"သွားစမ်း"

အော်ငေါက်ကာ လက်နက်ပုန်းများဖြင့် ပစ်သွင်းတိုက်ခိုက်လိုက်သည်။

နီခွမ်း မဲ့လိုက်၏။

"ဒါမျိုး ရမလား"

ကြုံးဝါးရင်း အင်္ကျီလက်အား ဝှေ့ယမ်းလိုက်သည်။

ထိုအခါ...

လက်နက်ပုန်းကလေးများမှာ မြေပေါ်တဖြုတ်ဖြုတ် ကျသွားတော့သည်။

ပန်းကလေး မျက်နှာပျက်သွားသည်။

နီခွမ်းအား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်ကြောင်း သဘောပေါက်သွားပြီ မဟုတ်ပါလား။

နီခွမ်းက ပန်းကလေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ...

"အဆိပ်ဂိုဏ်းက လူတွေဟာ သိုင်းလောကကို ဒုက္ခပေးနေတာကြာပြီ ကျုပ်က ခွင့်မလွှတ်နိုင်တော့ဘူး"

ဟု ပြောလိုက်သည်။

ပန်းကလေး အံကြိတ်လိုက်သည်။

"ရှင် ခွင့်မလွှတ်တော့ကော ကျွန်မက ကြောက်နေရမှာလား"

နီခွမ်းက...

"စိတ်ချ... ကျုပ်က မင်းကို ဆုံးမမှာပါ"

ပန်းကလေး မဲ့လိုက်၏။

"ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်ရသေးတာပေါ့"

စကားဆုံးလျှင် ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ထိုအချိန်မှာပင်...

ကွမ်းကြုံးမင်နှင့် ကျင်းကျင်းတို့ ပြေးလွှားရောက်ရှိလာကြလေသည်။

ပန်းကလေးသည် အန္တရာယ် ကြုံနေရပြီဖြစ်ကြောင်း သဘောပေါက်မိသဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ သို့သော်...

"သွားစမ်း"



နီခွမ်းကလည်း ဝေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

ထိုအခါ...

"ဝုန်း"

ပန်းကလေးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

နီခွမ်း သက်ပြင်းချလိုက်သည်။

"အဆိပ်ဂိုဏ်းဟာ နာမည်ကြီးပေမယ့် ၄ င်သလောက်လဲ မဟုတ်ပါလား"

ထိုစကားကြောင့် ပန်းကလေး ဒေါပွသွားဟေသည်။

နီခွမ်းအား စေ့စေ့ကြည့်ကာ...

"ကျွန်မအမေသာ ရှိရင် ရှင်သည်စကားမျိုး ပြောဝံ့မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

သူမ၏လေသံမှာ မကျေနပ်မှုကြောင့် တင်းမာနေသည်၊

နီခွမ်း ပြုံးလိုက်သည်။

"မင်းအမေက ဘယ်သူများလဲ ပြောစမ်းပါဦး"

ပန်းကလေးက...

"အဆိပ်ဂိုဏ်းချုပ် ကျူးစန်းစန်းဟာ ကျွန်မအမေပဲ၊ မေမေသာ ရှိရင် ရှင့်ကို ကောင်းကောင်းကြီး ဆုံးမနိုင်လိမ့်မယ်ဆိုတာ မှတ်ထားပါ"

ဟု ပြောလိုက်သည်။

နီခွမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ မင်းအမေကို သွားခေါ်လိုက်ပါ"

"တောက်"

ပန်းကလေး တက်ခေါက်လိုက်၏။

နီခွမ်းအား စူးရဲသော မျက်လုံးများဖြင့် ကြည့်ကာ...

"ကျွန်မအမေ သေသွားလို့ပေါ့ရှင့်"

"မင်းအမေ သေသွားပြီ ဟုတ်လား"

ပန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"နေပါဦး အဆိပ်ဂိုဏ်းချုပ်က ဘယ်လိုလုပ်ပြီ သေသွားတာလဲ"

ကွမ်းကြိုးမင်က ကြားဝင်မေးလိုက်ခြင်း ဖြစ်သည်။

ပန်းကလေးက ကွမ်းကြိုးမင်အား ကြည့်ကာ...

"မေမေ့ကို အတုမဲ့သိုင်းသခင်က လုပ်ကြံလိုက်တာရှင့်"

ကွမ်းကြိုးမင်း မျက်မှောင်ကြုတ်သွား၏။

"အတုမဲ့သိုင်းသခင်"

"ဟုတ်တယ်၊ သိုင်းလောကကို အပိုင်စီးဖို့ ကြိုးစားနေသူဟာ အတုမဲ့သိုင်းသခင်ပေါ့"

ကွမ်းကြိုးမင်နှင့် ကျင်းကျင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

အတုမဲ့သိုင်းသခင်ဆိုသော အမည်ကို ယင်စန်းဘုံကျောင်းတိုက်ပွဲ ဖြစ်ပွားပြီးနောက် သူတို့ သိလာခဲ့ရလေသည်။

ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားဆိုးများအားစုစည်းကာ သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်နေသူမှာ အတုမဲ့သိုင်းသခင်ဖြစ်ကြောင်း ပေါ်ပေါက်လာခဲ့သည်။



သို့သော်...

အတုမဲ့သိုင်းသခင်မှာ မည်သူမည်ဝါဖြစ်ကြောင်း ယခုတိမည်သူမျှ မသိနိုင်ကြသေးပါချေ။

"နေပါဦး၊ အတုမဲ့သိုင်းသခင်ရဲ့ လက်အောက်မှာ အခြားဒုစရိုက်ဂိုဏ်းတွေလိုပဲ မင်းတို့ အဆိပ်ဂိုဏ်းလည်း ပါဝင်နေတာပဲမဟုတ်လား၊ ဘာကြောင့် အဆိပ်ဂိုဏ်းကို အတုမဲ့သိုင်းသခင်က ဖျက်ဆီးပစ်လိုက်တယ်လို့ ပြောရတာလဲ"

ကွမ်းကြိုးမင်က မေးလိုက်၏။

ပန်းကလေးက ရှင်းပြလိုက်သည်။

"အတုမဲ့သိုင်းသခင်ဟာ နေဝန်းဂေဟာ သခင်လေးယို့ချီကို အသက်ရှင်လျက် လက်ရဖမ်းဆီးပေးရမယ်လို့ အမိန့်ပေးခဲ့တယ်၊ ကျွန်မတို့က ယို့ချီကို လက်ရဖမ်းဆီးနိုင်ခဲ့ပေမယ့် အတုမဲ့သခင်ရဲ့ လက်ထဲကို မအပ်နိုင်ခဲ့ဘူး၊ ဘာကြောင့်လဲဆိုရင် အတုမဲ့သိုင်းသခင်က အဆိပ်ဂိုဏ်းကို အကြပ်ကိုင်ခိုင်းစေနေတာကို မကြိုက်လို့ပဲ"

ကျင်းကျင်းသည် ယို့ချီ အဆိပ်ဂိုဏ်း၏ ဖမ်းဆီးခံနေရကြောင်း သိလျှင် မကျေမနပ် ဖြစ်သွားလေသည်။ ချက်ချင်းပင်...

"ယို့ချီ ဘယ်မှာလဲ"

ဟူ၍ ဝင်မေးလိုက်လေသည်။

ပန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ဘူး ထွက်ပြေးသွားပြီ၊ အတုမဲ့သိုင်းသခင်က ယို့ချီကို မရလို့ ဒေါသထွက်ပြီး အဆိပ်ဂိုဏ်းကို ဖျက်ဆီးပစ်လိုက်တာပဲ၊ သူ့လက်ချက်ကြောင့် ကျွန်မအမေလည်း သေဆုံးသွားခဲ့ရတယ်"

ကွမ်းကြိုးမင်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

ပန်းကလေးအား စေ့စေ့ကြည့်ကာ...

"အတုမဲ့သိုင်းသခင် ဘယ်သူလဲဆိုတာ မင်း သိသလား"

ဟု မေးလိုက်သည်။

ပန်းကလေး အံ့ကြိတ်လိုက်လေသည်။

"အတုမဲ့သိုင်းသခင်ဟာ နေဝန်းဂေဟာပိုင်ရှင်လည်း ဖြစ်တယ်"

ထိုစကားကြားလျှင်...

"ဟာ"

"ဟင်"

"အို"

ကွမ်းကြိုးမင်၊ ကျင်းကျင်းနှင့် နီခွမ်းတို့ လွှတ်ခနဲ ရေရွက်လိုက်ကြလေတော့သည်။

♣ ♣ ♣

အတုမဲ့သိုင်းသခင်...

အတုမဲ့သိုင်းသခင်ဆိုသူကား သေဆုံးသွားပြီဆိုသည့် နေဝန်းဂေဟာပိုင်ရှင် ဖြစ်နေပါသည်။

ကွမ်းကြိုးမင်တို့သည် ထိုသတင်းကို ကြားသိထားကြပြီ ဖြစ်လေသည်။

ထို့ကြောင့်...



သူတို့သည်ပင် ယို့ချီအား ဆုံးမဖို့ ကြံစည်ခဲ့ကြသည် မဟုတ်ပါလား။

"ယို့ချီ ဘယ်မှာလဲ"

ကွမ်းကြိုးမင်က မေးလေသည်။

"ဆရာကြီးနီခွမ်းရဲ့ ခြံဝင်းထဲကို ဝင်သွားလို့ ကျွန်မ လိုက်သွားတာ ခြံဝင်းထဲရောက်တော့ ယို့ချီကို မတွေ့ရတော့ဘဲ..."

သူမ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ရှေ့ဆက် ပြောစရာ မလိုတော့ပါ။

အဖြစ်အပျက်များကို အားလုံး သိထားကြပြီးပြီ မဟုတ်ပါလား။

"ယို့ချီဟာ ကြယ်တံခွန်ခြံဝင်းထဲမှာ ပုန်းအောင်းနေတာပဲ ဖြစ်ရမယ်"

ကွမ်းကြိုးမင်က ပြောလိုက်လျှင် ကျင်းကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျွန်မတို့ သွားရှာရအောင်"

"ကောင်းပြီ"

သူတို့က ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

နီခွမ်းက လှမ်းမေးလိုက်သည်။

"သည်မိန်းကလေးကိုကော ကျုပ်တို့ ဘယ်လိုလုပ်မလဲ"

ကွမ်းကြိုးမင် ခြေလှမ်းရပ်သွားလေသည်။

ပန်းကလေးကို လှမ်းကြည့်လိုက်သည်။

သူမသည် နီခွမ်း၏လက်ချက်ဖြင့် အတွင်းဒဏ်ရာ ရရှိထားသလို အဆိပ်ဂိုဏ်းသည်လည်း ပျက်စီးသွားပြီ ဖြစ်လေသည်။

ထို့ကြောင့်...

"သူ သွားပါစေတော့ဗျာ"

နီခွမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

သူက လက်ဖော့ယမ်းပြလိုက်လေသည်။

"မင်း သိပ်ကံကောင်းသွားတယ် မှတ်ပါ၊ မင်း သွားနိုင်ပြီ"

ပန်းကလေးက အံကြိတ်လိုက်သည်။

"ကျွန်မက ရှင်တို့ကို ကျေးဇူးတင်နေမယ်များ ထင်နေသလား"

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

မည်သူကမျှ ဟန့်တားခြင်း မပြုသဖြင့် သူမ ထွက်သွားနိုင်ပြီ ဖြစ်လေသည်။

သို့သော်...

ပန်းကလေး ခုန်ထွက်သွားပြီး မရှေးမနှောင်းမှာပင် ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

"အား"

စူးရှသော အော်ဟစ်သံတစ်သံ ထွက်ပေါ်လာလေသည်။

ပန်းကလေးသည် ခုန်ထွက်လိုက်ပြီး ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး မြေပေါ် လဲကျသွားခြင်းကြောင့် ဖြစ်လေတော့သည်။

"ဟင်"

"ဟာ"

အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။



ပန်းကလေးသည် မည်သို့ ဖြစ်သွားပါသနည်း။

ကွမ်းကြုံးမင်တို့သည် ကပျာကယာ ပြေးသွားပြီး ပန်းကလေးအား စစ်ဆေးကြည့်လိုက်ကြသည်။

ပန်းကလေးသည် ရင်ဝ၌ စားမြှောင်တစ်လက် စိုက်ဝင်နေသည်။

ထိုစားမြှောင်သည် ပန်းကလေး၏အသက်ဝိညာဉ်ကို နှုတ်ယူသွားခြင်း ဖြစ်ပေတော့သည်။

သူမအား မည်သူက လုပ်ကြံလိုက်ပါသနည်း။

ထိုစဉ်...

မလှမ်းမကမ်း တစ်နေရာတွင် ပြေးလွှားသွားသော လူရိပ်တစ်ခုကို တွေ့လိုက်ရလေသည်။

"မပြေးနဲ့"

ကွမ်းကြုံးမင်က အော်ငေါက်ကာ ပြေးလိုက်သွား၏။

နီးခွမ်းနှင့် ကျင်းကျင်းတို့လည်း တစ်ဟုန်ထိုးပင် ကွမ်းကြုံးမင်၏နောက်သို့ တဟုန်ထိုး ပြေးလိုက်သွားကြလေတော့သည်။

♣ ♣ ♣

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

အချိန်များသည် တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

ပန်းကလေးသည် ယို့ချီအား ဒေါသတကြီး လိုက်လံရှာဖွေခဲ့သည်။

ယခုတော့ သူမသည် အသက်ရှုန့်လိုက်ရပြီ ဖြစ်လေသည်။

သူမအား လုပ်ကြံသွားသူက တစ်ဟုန်ထိုး ပြေးလိုက်သွားလေ၏။ ထိုစဉ်...

"ရပ်လိုက်စမ်း"

အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခု ထွက်ပေါ်လာပြီး ပြေးလွှားသွားသူအား ဟန့်တားလိုက်လေသည်။

"သွားစမ်း"

လူရိပ်ကလည်း လက်ဖ ့ယမ်းကာ ရိုက်ထုတ်လိုက်လေ၏။

"ဟူး"

လေတိုးသံ ထွက်ပေါ်လာပြီး ပြင်းထန်သော လေပွေလှိုင်းတစ်ခုသည် ဟန့်တားလာသူထံသို့ တိုးဝင်သွားလေသည်။

ဟန့်တားလာသူက ပေါ့ပါးစွာ ရှောင်တိမ်းလိုက်လေသည်။

ထိုအချိန်မှာပင်...

"ရပ်လိုက်"

အော်ငေါက်သံများနှင့်အတူ ကွမ်းကြုံးမင်တို့ ပြေးလွှားရောက်ရှိလာကြလေတော့သည်။

ပန်းကလေးအား လုပ်ကြံသွားသူ ထွက်ပြေး၍ မရတော့ပါ။

သူ့အား ဟန့်တားလိုက်သူမှာ ယို့ချီ ဖြစ်လေသည်။

ယို့ချီသည် ပန်းကလေးတို့ နောက်သို့ ခြေရာခံကာ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ပန်းကလေးအား လူတစ်ယောက်က တိုက်ခိုက်သွားသည်ကို တွေ့လိုက်ရသောအခါ ယို့ချီက ထိုလူ၏အနောက်သို့ လိုက်သွားခြင်း ဖြစ်လေသည်။

ထိုလူသည် အနက်ရောင်ဝတ်ထားပြီး မျက်နှာဖုံးစွပ်တစ်ခုစွပ်ကာ ရုပ်ဖျက်ထားသည်ကို တွေ့ရသဖြင့် လိုက်လံဟန့်တားခြင်းလည်း ဖြစ်လေသည်။

ကွမ်းကြုံးမင်၊ ကျင်းကျင်းနှင့် နီခွမ်းတို့ ရောက်ရှိလာကြသောအခါ၌ ထိုလူသည် မပြေးနိုင်တော့ပါ။

အားလုံးက ထိုလူကို ဝိုင်းရံထားလိုက်ကြလေသည်။

ထိုလူကို သေသေချာချာ တွေ့မြင်လိုက်ရလျှင် သူတို့အားလုံးသည် အံ့သြသွားကြလေသည်။

အကြောင်းကား...

ထိုလူသည် ပန်းကလေး ပြောပြသည့် အတုမဲ့သိုင်းသခင်ဖြစ်နေခြင်းကြောင့်တည်း။

♣ ♣ ♣

သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့နေကြသော အတုမဲ့သိုင်းသခင်ကို တွေ့မြင်လိုက်ရပြီ ဖြစ်လေသည်။

အားလုံးသည် အံ့သြစွာ ကြည့်နေသည်။

ယို့ချီလည်း မျက်နှာ ပျက်သွားသည်။

အတုမဲ့သိုင်းသခင်သည် သူ၏ဖခင် ဖြစ်သည်ဟု စွပ်စွဲခံနေရသည် မဟုတ်ပါလား။

အတုမဲ့သိုင်းသခင်က မလှုပ်မယှက် ရပ်နေလိုက်လေ၏။

ကွမ်းကြိုးမင်သည် အတုမဲ့သိုင်းသခင်ကို ကြည့်ရင်း ဒေါသဖြစ်လေ၏။

ယင်စန်းသီလရှင်ကျောင်းရှေ့တွင် သူ့အား အလစ်တိုက်ခိုက်သွားသူမှာ အတုမဲ့သိုင်းသခင်ပင် ဖြစ်နေသည် မဟုတ်ပါလား။

"တော်တော်ကောက်ကျစ်တဲ့လူ၊ ယင်စန်းသီလရှင်ကျောင်းမှာ ကျုပ်ကို အလစ်တိုက်ခိုက်ခဲ့တာကို ကျုပ် မေ့မယ်ထင်သလား"

သူ၏စကားအဆုံးတွင်...

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"အဲသည်အချိန်က ကျုပ် လက်ချက်နဲ့ သေမသွားတာကိုပဲ ခင်ဗျား တော်တော် ကံကောင်းနေပြီ"

ကွမ်းကြိုးမင်က အားကျမခံ ပြန်ပြောလိုက်လေသည်။

"ကျုပ် ကံကောင်းသွားတာ ခင်ဗျားအတွက် ကံဆိုးဖို့ ဖြစ်လာတာပေါ့"

"သေချာရဲ့လားဗျာ"

"သိပ်သေချာတာပေါ့"

ကွမ်းကြိုးမင်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေတော့၏။

အတုမဲ့သိုင်းသခင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ရဲ့ လက်ချက်နဲ့ ခင်ဗျားက အတွင်းဒဏ်ရာရထား



တာတောင်မှ ခင်ဗျားက အပြောမလျှော့သေးဘဲကိုး"

"ကျုပ်က ဘယ်သူ့ကိုမှ မကြောက်သေးဘူး၊ ပြီးတော့ အလစ်တိုက်ခိုက်တဲ့လူတစ်ယောက်လည်း မဟုတ်ဘူး၊ သိုင်းလောကတစ်ခုလုံးကို ချုပ်ကိုင်ချင်တယ်ဆိုပြီး သရဲဘောကြောင်လှချည်လားဗျာ"

ကွမ်းကြိုးမင်၏စကားသည် အတုမဲ့သိုင်းသခင်အား အရှက်ရသွားစေတော့သည်။

"စိတ်ချ... သိုင်းလောကဟာ ကျုပ်ရဲ့ ခြေဖဝါးအောက်ကို ရောက်လာရမှာပါ"

"ဟား... ဟား... ဟား"

ကွမ်းကြိုးမင် ဟားတိုက်ရယ်မောလိုက်လေသည်။

အတုမဲ့သိုင်းသခင်က မျက်မှောင်ကြုတ်သွားလေတော့၏။

"သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်ခဲ့သူတွေ အများကြီးထွက်ပေါ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဘယ်သူကများ သိုင်းလောကကို လွှမ်းမိုးနိုင်ခဲ့ကြလို့လဲ သူတို့တွေတောင် ကျဆုံးသွားရတာပဲ မဟုတ်လား"

အတုမဲ့သိုင်းသခင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က တခြားလူတွေနဲ့ မတူဘူးဆိုတာ ခင်ဗျားတို့ သိသင့်တာပေါ့"

"ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး၊ အခုပဲ လက်တွေ့သိရမယ်"

ကွမ်းကြိုးမင်က စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

"ခဏနေပါဦးဗျာ"

နီခွမ်း ဟန့်တားလိုက်လေသည်။

ကွမ်းကြိုးမင်ကော အတုမဲ့သိုင်းသခင်ပါ နီခွမ်းကို ကြည့်လိုက်ကြလေသည်။

နီခွမ်းသည် ကွမ်းကြိုးမင်တို့အား ပြုံးပြလိုက်လေသည်။

"မိတ်ဆွေ ခင်ဗျားဟာ အတွင်းဒဏ်ရာရထားတဲ့လူဆိုတော့ အနားယူနေတာ ကောင်းပါလိမ့်မယ်၊ သူ့ကို ကျုပ် တာဝန်ယူပါ့မယ်"

ကွမ်းကြိုးမင် သက်ပြင်းချလိုက်သည်။

နီခွမ်း၏သိုင်းပညာမှာ သူ့ထက် အဆင့်မြင့်ကြောင်း သဘောပေါက်ထားရကား...

"ကောင်းပါပြီ ခင်ဗျာ"

ချက်ချင်းပင် နောက်ဆုတ်လိုက်လေသည်။

အတုမဲ့သိုင်းသခင်နှင့် နီခွမ်းက မျက်နှာချင်းဆိုင်လိုက်၏။

အတုမဲ့သိုင်းသခင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချင်တဲ့လူဆိုတော့ သိုင်းပညာ မခေဘူးထင်တယ်၊ ခင်ဗျားရဲ့ ပညာကို ကျုပ် လေ့လာကြည့်ပါရစေလား"

အတုမဲ့သခင် ရယ်မောလိုက်လေ၏။

"ကျုပ်ရဲ့ ပညာကို လေ့လာကြည့်ချင်သူတွေဟာ တစ်ယောက်မှ အသက်ရှင်ခဲ့တာ မရှိဘူး"

"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားရဲ့ သိုင်းပညာကို လေ့လာခွင့်ရရင် တော်ပါပြီ"



"ဒါဖြင့် ခင်ဗျား သဘောပဲ"

နီခွမ်းသည် မြေပေါ်၌ ခြေနှစ်ဘက်ခွဲထား၍ ရပ်ပြီး လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းလိုက်လေသည်။

အတုမဲ့သိုင်းသခင်က မျက်နှာဖုံးအောက်မှ ရူးရှတောက်ပြောင်သော မျက်လုံးများဖြင့် နီခွမ်းကို စိုက်ကြည့်လိုက်၏။

ထိပ်သီးသိုင်းသမားကြီးနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ကြတော့မည် ဖြစ်လေသည်။

ကွမ်းကြိုးမင်က ကျင်းကျင်းကို မျက်ရိပ်ပြလိုက်ပြီကာ နောက်ဆုတ်လိုက်၏။

ကျင်းကျင်းလည်း နောက်ဆုတ်လိုက်၏။

သူမ၏မျက်လုံးများက တိုက်ပွဲကို မကြည့်ဘဲ ယို့ချီကိုသာ ကြည့်နေသည်။

ယို့ချီအား မကျေမနပ် ဖြစ်နေသည့် သဘောပင်တည်း။

ယို့ချီသည် အတုမဲ့သိုင်းသခင်ကိုသာ မျက်တောင်မခတ် ကြည့်နေပါသည်။

အတုမဲ့သိုင်းသခင်သည် သူ၏ဖခင် ဟုတ်မဟုတ် ဝေခွဲမရအောင် ဖြစ်နေခြင်းတည်း။

သူ၏ဖခင်သာ ဖြစ်နေသည်ဆိုပါလျှင်...

ထိုစဉ်မှာပင်...

"ယား"

နီခွမ်းက ညာသံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

♣ ♣ ♣

## ပြဒါးတစ်လမ်း သံတစ်လမ်း

တိုက်ပွဲစပြီ ဖြစ်သည်။

နီခွမ်းက စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူ၏လက်ဝါးနှစ်ဘက်ကို ဝှေ့ယမ်းလိုက်သောအခါတွင် ပြင်းထန်သော လေတိုးသံများ ထွက်ပေါ်လာလေသည်။

ဖြစ်ပေါ်လာသော လေပွေလှိုင်းများသည် အတုမဲ့သိုင်းသခင်ထံသို့ တိုးဝင်သွားလေသည်။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင်က ဟားတိုက်၍ ရယ်မောလိုက်လေ၏။

"ဒါ ခင်ဗျား ပညာ အကုန်ပဲလား"

ချက်ချင်းပင် လေထဲသို့ လက်ဝါးစောင်းတစ်ချက် ခုတ်ချလိုက်လေသည်။



နီခွမ်း၏လက်ဝါးရိုက်ချက်ကြောင့် ဖြစ်ပေါ်လာသော လေပွေလှိုင်းသည် ထင်းတုံးတစ်တုံးအား ရဲဒင်းဖြင့် ခွဲချလိုက်သဖြင့် ထက်ခြမ်းကွဲသွားသလို လေထဲမှာပင် ပျောက်ကွယ်သွားရလေတော့၏။

နီခွမ်း၏မျက်နှာ ပျက်သွားလေသည်။

"ယား"

ညာသံပေးကာ ရှေ့သို့ လျှပ်တစ်ပြက် ခုန်ဝင်သွားပြီး လက်သီးလက်ဝါးစောင်းသိုင်းကွက် အမျိုးမျိုးအဖုံဖုံ ထုတ်ဖော်ကာ တိုက်ခိုက်လိုက်လေသည်။

နီခွမ်း၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သိုင်းတစ်ကွက် တိုက်ခိုက်ခံလိုက်ရသည်နှင့် အတုမဲ့သိုင်းသခင်မှာ မရှုမလှ အရေးနိမ့်သွားရမည် ဖြစ်ပါတော့သည်။ သို့သော်...

"ကျုပ်ကို လွယ်လွယ်နဲ့ ရမယ်ထင်ရင် မှားသွားမှာပေါ့"

အတုမဲ့သိုင်းသခင်က အော်ပြောရင်း ခန္ဓာကိုယ် လှုပ်ရှံမှုလှုပ်ရှားပြီး ပွတ်ကာသပ်ကာ ရှောင်တိမ်းလိုက်လေတော့၏။

ထိုအခါ...

နီခွမ်း၏သိုင်းကွက်များသည် လေထဲသို့ ရောက်သွားပြီး အသုံးမကျ အရာမဝင် ဖြစ်သွားရလေတော့၏။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ကြယ်တံခွန်သိုင်းသမားနီခွမ်းရဲ့ သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်အနေနဲ့တော့ ကျီးခြောက်ကြွက်ခြောက် အဆင့်လောက်ပဲ ရှိတယ်လို့ သဘောထားပါတယ်ဗျာ"

"ဘာကွ"

နီခွမ်း ဒေါသထွက်သွားသည်။

"ကျုပ်အကြောင်းကို သိစေရမယ်"

ကြုံးဝါးလိုက်ရင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေ၏။

အတုမဲ့သိုင်းသခင်က တဟားဟား ရယ်မောရင်း ရှောင်တိမ်းပေးလိုက်ပြန်သည်။

နံဘေးမှ ရပ်ကြည့်နေသော ယို့ချီ မရိုးမရွ ဖြစ်လာလေ၏။

"ဆရာကြီးနီခွမ်း ခင်ဗျာ၊ သူဟာ ဆရာကြီးကို ဒေါသထွက်ပြီး သိုင်းကွက်မှားအောင် တမင် ကြံစည်နေတာပါ၊ သတိထားပါ ခင်ဗျာ၊ သူ့ရဲ့ ထောင်ချောက်ထဲကို မဝင်ပါနဲ့"

နီခွမ်းအား အော်ဟစ်သတိပေးလိုက်လေသည်။

ယို့ချီက အတုမဲ့သိုင်းသခင်အတွက် မပူပန်ဘဲ နီခွမ်းအတွက် စိုးရိမ်နေခြင်းကြောင့် ကျင်းကျင်းတို့ အံ့သြသွားကြသည်။

အတုမဲ့သိုင်းသခင်က ယို့ချီဘက် လှည့်ကာ...

"သား... မင်း ဘာကြောင့် ရန်သူဘက်က ကူညီရတာလဲ"

မာန်မဲအော်ငေါက်လိုက်၏။

"ဗျာ"

ယို့ချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"သား... မင်း နောက်ဆုတ်လိုက်ပါ"

ယို့ချီ မကျေမနပ် ဖြစ်သွား၏။

"နေပါဦး ခင်ဗျားက ဘယ်သူလဲ"

"ငါက မင်းအဖေ ယို့မုပင်းလေ"

"ဘာဗျ၊ ခင်ဗျားလို လူမျိုးက ကျုပ်အဖေ မဟုတ်ဘူး"



"ကောင်းပြီ ငါ ဘယ်သူလဲဆိုတာ ကြည့်ပေါ့"

စကားဆုံးလျှင် အတုမဲ့သိုင်းသခင်က မျက်နှာတွင် ဖုံးအုပ်ထားသော ပဝါအား ဖြုတ်လိုက်သည်။

ဤတွင်...

နေဝန်းဂေဟာပိုင်ရှင် ယို့မုပင်း၏ရုပ်သွင် ပေါ်လွင်လာလေသည်။

"ဖေဖေ"

ယို့ချီ အထိတ်တလန့် ခေါ်လိုက်၏။

ယို့မုပင်း ရယ်မောလိုက်ပြီး...

"သားကို စိတ်မချလို့ ဖေဖေကိုယ်တိုင် သိုင်းလောကထဲ ထွက်လာခဲ့တာပဲ၊ ဖေဖေ့နောက် လိုက်ခဲ့ပေတော့"

ယို့ချီ ချက်ချင်းခေါင်းခါယမ်းလိုက်သည်။

"မင်း..."

ယို့မုပင်း ဒေါပွသွားသည်။

ထိုစဉ် ကွမ်းကြုံးမင်နှင့် နီခွမ်းတို့က ယို့ချီအနီးတွင် ရပ်လိုက်ကြပြီး ယို့မုပင်းအား ကြည့်ကာ...

"နေဝန်းဂေဟာပိုင်ရှင် ခင်ဗျားရဲ့ လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ရင် ကောင်းပါလိမ့်မယ်"

"သည်လိုမှ မဟုတ်ရင် ခင်ဗျားကို ဆုံးမရလိမ့်မယ်"

ယို့မုပင်း ရယ်မောရင်း လေတစ်ချက် ချွန်လိုက်၏။

ထိုအခါ သူ စည်းရုံးထားသော အနက်ရောင်သိုင်းသမားနှစ်ဆယ်ခန့်သည် ဟိုမှသည်မှ ပြေးလွှားရောက်ရှိလာကြလေသည်။

ကွမ်းကြုံးမင်တို့ မျက်နှာ ပျက်သွားကြ၏။

ယို့မုပင်းက…

"ကျုပ်က ခင်ဗျားတို့ကို မသတ်ချင်သေးဘူးဆိုတာ မှတ်ပါ"

သူက ယို့ချီအား ကြည့်လိုက်ပြီး…

"သား… မင်း ဘာလုပ်နေတာလဲ ငါ့နောက် လိုက်ခဲ့"

"ကျွန်တော် မလိုက်ဘူး၊ ကျွန်တော်ဟာ အဖြူရောင်သိုင်းသမားတစ်ယောက်ပဲ ဖြစ်ချင်တယ်"

"ကောင်းပြီ မင်း သေသေချာချာ စဉ်းစားပါ ဖေဖေ ပြန်လာခဲ့မယ်"

ယို့မုပင်းက စိတ်လျှော့လိုက်ဟန်ဖြင့် အနက်ရောင်သိုင်းသမားများ ခေါ်ဆောင်ကာ ထွက်သွားလေတော့သည်။

♣ ♣ ♣



## သဗ္ဗတ်အှု

အတုမဲ့သိုင်းသခင်(ဝါ)ယို့မုပင်းနှင့် အနက်ရောင်သိုင်းသမားများ ထွက်သွားကြပြီ ဖြစ်ပါသည်။

ယို့ချီ သက်ပြင်းချလိုက်သည်။

"ဖေဖေရယ် ဘာကြောင့်များ သည်လောက်တောင် ပြောင်းလဲသွားရတာလဲ"

မချိတင်ကဲ ရေရွတ်လိုက်လေသည်။

ယို့မုပင်းကား မယုံနိုင်စရာကောင်းလောက်အောင်ပင် ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

ကွမ်းကြိုးမင်နှင့် နီခွမ်းတို့သည် ယို့ချီကို ကြည့်ကာ စိတ်မကောင်း ဖြစ်နေပါသည်။

ယို့ချီသည် လူကောင်းလေးတစ်ယောက် ဖြစ်သည်။

ဖခင်က သိုင်းလောက လူဆိုးကြီးတစ်ယောက် ဖြစ်နေ၍ မည်သို့ ခံစားရမည်ကို တွေးကြည့်က သိနိုင်ပေသည်။

ကျင်းကျင်းသည် ယို့ချီအနီးသို့ ချဉ်းကပ်လိုက်သည်။

သူမသည် ယို့ချီလက်ကို ဆုပ်ကိုင်လိုက်သည်။

"ကျွန်မ ပြောဆိုခဲ့မိတာတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်"

ယို့ချီ သက်ပြင်းချလိုက်သည်။

"ကိစ္စမရှိပါဘူး ညီမရယ်၊ အခုလို ဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့မိတာ အမှန်ပါပဲ၊ ဖေဖေဟာ ဘာကြောင့် သည်လို ပြောင်းလဲသွားရတယ်ဆိုတာ နားမလည်နိုင်လောက်အောင်ပါပဲ"

"သူ့ရဲ့ နေစကြာလက်ဝါးသိုင်းပညာဟာ ပြိုင်စံရှားပါတယ်၊ သိုင်းရာဇာလေးဖော်သာ ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင် သူ မျှော်မှန်းသလို သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်နိုင်မှာ သေချာတယ်၊ ဒါပေမယ့် အခြားသိုင်းရာဇာတွေက သဘောမတူတာနဲ့ ကြံရာမရဖြစ်ပြီး အကောက်ကြံခဲ့တာ ဖြစ်ပါလိမ့်မယ်၊ သူ့ရဲ့ အကြံအစည်ကို ဆက်လက်အကောင်အထည် ဖော်နိုင်အောင် အနက်ရောင်သိုင်းသမားတွေ ဒုစရိုက်သမားတွေဘက်ကို မြားဦးလှည့်သွားတာ ဖြစ်နိုင်ပါတယ်"

ကျင်းကျင်းက သူမ တွေးမိသလောက် ရှင်းပြလိုက်လေ၏။

"ဖေဖေ သည်လို မလုပ်သင့်ဘူး"

ယို့ချီ ညည်းတွားလိုက်သည်။

ကွမ်းကြုံးမင်နှင့် နီခွမ်းတို့ ငြိမ်သက်နေကြသည်။

အတန်ကြာမှ နီခွမ်းက...



"ကဲ... ကျုပ်ရဲ့ အိမ်ကို ပြန်ကြရအောင် မိတ်ဆွေကြီး ကွမ်းကြုံးမင်ရဲ့ အတွင်းဒဏ်ရာကို ဆေးကုရဦးမယ် မဟုတ်လား၊ ကျုပ်ဖိတ်ခေါ်ထားတဲ့ သမားတော်ကြီးလည်း အခုအချိန်လောက်ဆိုရင် ရောက်နေလောက်ပါပြီ"

ကွမ်းကြုံးမင် သဘောတူလိုက်သည်။

"ကောင်းပြီ သွားကြတာပေါ့"

သူတို့ ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်။

ကျင်းကျင်းက ယို့ချီကို လှမ်းကြည့်လိုက်သည်။

ယို့ချီက မလှုပ်မယှက် ရှိနေပါသည်။

ကျင်းကျင်းက...

"ရှင် လိုက်ခဲ့ပါလား"

ယို့ချီ ခေါင်းထောင်လာသည်။

"ကျုပ်က..."

"ကျွန်မတို့နဲ့ လိုက်ခဲ့ပါလားရှင်"

ယို့ချီ သက်ပြင်းချလိုက်သည်။

"ကျုပ်ဟာ သိုင်းလောကကို ဖျက်ဆီးမယ့်လူတစ်ယောက်ရဲ့သား ဖြစ်နေပါပြီ၊ ဒါကြောင့်..."

သူ၏စကားမဆုံးမီ ကွမ်းကြုံးမင်က ကြားဖြတ်ပြောလိုက်လေသည်။

"မင်း လိုက်ခဲ့ပါ၊ မင်းအပေါ် ကျုပ်တို့ ဘယ်လိုမှ သဘောမထားပါဘူး၊ ကျုပ်တို့ တတ်နိုင်သလောက် မင်းကို ကူညီသွားမှာပါ"

နီခွမ်းလည်း ခေါင်းညိတ်လိုက်သည်။

"မင်း လိုက်ခဲ့တာ မမှားဘူး၊ တော်ကြာ တခြားလူတွေက

မင်းကို အထင်မှားပြီး တိုက်ခိုက်နေကြဦးမယ်၊ ကျုပ်တို့နဲ့ လိုက်ခဲ့ပါ၊ ပြီးမှ ဘယ်လို ဆက်လုပ်ရင် ကောင်းမယ်ဆိုတာ တိုင်ပင်ကြတာပေါ့"

ယို့ချီ ငိုင်သွားလေသည်။

"လိုက်ခဲ့ပါရှင်"

ကျင်းကျင်းက ဖိတ်ခေါ်လာလေသည်။

ယို့ချီ သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီဗျာ"

ကျင်းကျင်းတို့နှင့်အတူ လိုက်သွားရန် သဘောတူလိုက်လေတော့သည်။

♣ ♣ ♣

သိုင်းရာဇာလေးဖော်...

သိုင်းလောက၌ ထင်ရှားခဲ့သော သိုင်းရာဇာလေးဖော်သည် မသေဆုံးမီက မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

ဂေဟာလေးခုစလုံး ရန်သူ့လက်ချက်ဖြင့် ဖျက်ဆီးခံလိုက်ရပြီးနောက် ထိုကိစ္စသည် နေဝန်းဂေဟာပိုင်ရှင် ယို့မုပင်း၏လက်ချက်ဖြစ်ကြောင်း ပေါ်ပေါက်လာခဲ့လေသည်။

ယို့မုပင်းသည် အနက်ရောင်သိုင်းဂိုဏ်းများအား စည်းရုံးသိမ်းသွင်းကာ သိုင်းလောကကို လွှမ်းမိုးနိုင်ဖို့ ကြိုးစားနေပြီ ဖြစ်၏။

ယို့မုပင်းကို အားလုံးက ရန်သူဟု သဘောထားကြသော်



လည်း ယို့ချီကိုမူ ကျင်းကျင်းတို့က မိတ်ဆွေအဖြစ် သဘောထားနိုင်ကြသည်မှာ အဖြူရောင်သိုင်းသမားတို့၏ တရားမျှတသော စိတ်နေသဘောထားကို ပေါ်လွင်စေပါတော့သည်။

ယို့ချီသည် ကြယ်တံခွန်ဂေဟာသို့ ဧည့်သည်တစ်ယောက်အဖြစ် ရောက်ရှိလာပြီး ကောင်းမွန်စွာ ဧည့်ဝတ်ပြုခြင်း ခံခဲ့ရလေ၏။

နီခွမ်း ဖိတ်ခေါ်ထားသော သမားတော်လည်း ရောက်နေပြီဖြစ်ရကား ကွမ်းကြိုးမင်း၏အတွင်းဒဏ်ကို ကုသပေးဖို့အတွက် အလုပ်ရှုပ်သွားကြလေသည်။

ယို့ချီလည်း သူ့အတွက် ပေးထားသော အခန်းတွင်းသို့ဝင်ကာ အနားယူလိုက်လေသည်။

သို့ဖြင့်...

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားတော့သည်။

♣ ♣ ♣

အချိန်မည်မျှ ကုန်သွားမှန်းမသိ။

ဆူဆူညံညံအသံများ ထွက်ပေါ်လာသဖြင့် အိပ်ပျော်သွားသော ယို့ချီ ဖျတ်ခနဲ လန့်နိုးလာလေသည်။

"ဘာတွေ ဖြစ်နေတာပါလိမ့်"

တွေးရင်း အခန်းထဲမှ ကပျာကယာ ထွက်လာခဲ့လေသည်။

ညအချိန်ရောက်နေပြီ ဖြစ်ရကား ကြယ်တံခွန်ဂေဟာ၏ အ

ချို့သော အခန်းများ၌ မီးရောင်ကင်းမဲ့ကာ မှောင်မည်းနေ၏။

ယို့ချီ၏အခန်းရှေ့ စင်္ကြံလမ်းများမှာလဲ အမှောင်ရိပ်ကျနေပါသည်။

ယို့ချီသည် အမှောင်ထဲမှာပင် သတိထား၍ ထွက်လာခဲ့၏။

စကားသံများသည် တစ်စထက်တစ်စ ပီပြင်လာလေ၏။

တစ်ယောက်နှင့်တစ်ယောက် အချီအချ ပြောဆိုနေကြခြင်း ဖြစ်သည်။

မီးလင်းနေသော အခန်းတစ်ခုအတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ယို့ချီသည် ထိုအခန်းအနီးသို့ ချဉ်းကပ်သွားပြီး ချောင်းနားထောင်လိုက်လေသည်။

သူ၏လုပ်ရပ်သည် ကောင်းသောလုပ်ရပ် မဟုတ်သော်လည်း ပြောဆိုနေကြသော စကားသံများတွင် သူ၏အမည် ပါဝင်နေသဖြင့် စိတ်ဝင်စားသွားကာ တိတ်တဆိတ် နားထောင်မိလိုက်ခြင်း ဖြစ်ပါသည်။

အခန်းတွင်းမှ ကွမ်းကြိုးမင်၏အသံ ထွက်ပေါ်လာသည်။

"သည်လိုလုပ်လို့တော့ မဖြစ်ဘူးဗျ"

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်တို့ဟာ အပြစ်မရှိတဲ့ လူတစ်ယောက်ကို ဒုက္ခပေးသလို ဖြစ်နေမှာပေါ့"

"မဟုတ်သေးဘူး သူဟာ သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးမယ့် လူတစ်ယောက် ဖြစ်နေပြီဆိုတာ ခင်ဗျားလည်း သိတာပဲ"

နီခွမ်း၏အသံ ဖြစ်သည်။



နီခွမ်းနှင့် ကွမ်းကြိုးမင်တို့သည် မိမိ၏ဖခင်နှင့် ပတ်သက်ပြီး အချေအတင် ဖြစ်နေကြောင်း ယို့ချီ သဘောပေါက်လိုက်သည်။

ယို့ချီ စိတ်မကောင်း ဖြစ်သွားလေသည်။

နီခွမ်း၏စကားသံ ထွက်ပေါ်လာပြန်သည်။

"ယို့မုပင်းရဲ့ သိုင်းပညာဟာ ကြောက်စရာကောင်းတယ်၊ အနက်ရောင်ထိပ်သီးသိုင်းသမားတွေလဲ သူ့ဘက်မှာ ရှိနေကြပြီဆိုတော့ သူ့ကို ဆုံးမဖို့ မလွယ်လှဘူး၊ ဒါကြောင့် ယို့ချီကို တည်ကြက်လုပ်ပြီး ယို့မုပင်းကို ဆုံးမဖို့ ကျုပ် ပြောတာပါ"

ကွမ်းကြိုးမင် လက်မခံပါချေ။

"ယို့ချီရဲ့ ဘဝဟာ အတော် ကရုဏာသက်စရာ ကောင်းလှပါတယ်၊ ဖခင်ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို လက်မခံတာ ခင်ဗျားအမြင်ပဲ၊ ယို့ချီကို အသုံးချဦးမယ်ဆိုတော့ ရက်စက်ရာ ကျသွားမှာပေါ့ဗျာ"

"သည်လို မလုပ်ရင် ယို့မုပင်းကို ဆုံးမဖို့ မလွယ်ဘူးဆိုတာလဲ ထည့်တွက်ဦးလေ၊ ယို့မုပင်းက သိုင်းလောကို ဖျက်ဆီးပစ်လိမ့်မယ်"

ယို့ချီ ငေးငိုင်နေပါသည်။

သူသည် အတန်ကြာအောင် တွေးတောစဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ငါ သည်နေရာက ထွက်သွားတာ အကောင်းဆုံး ဖြစ်မယ်"

ကျင်းကျင်း၏ချောမောလှပသော မျက်နှာလေးကို မြင်ယောင်လာလေသည်။

ကျင်းကျင်းက သူ့အပေါ် နားလည်မှု ရှိနေသည်ကိုပင်

ကျေးဇူးတင်မိလေသည်။

"နှုတ်ဆက်ခဲ့ပါတယ် ကျင်းကျင်းရယ်"

စိတ်ထဲက နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် လူတစ်ယောက်က သူ့အား လမ်းပိတ်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ယို့ချီ ရင်ထိတ်သွားသည်။

လမ်းပိတ်ရပ်နေသူကို ကြည့်လိုက်သောအခါ ကျင်းကျင်းဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျင်းကျင်းက အသံမထွက်ရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်ပြီး ယို့ချီ၏လက်ကို ဆွဲကာ ခေါ်ဆောင်သွားသည်။

ယို့ချီလည်း လိုက်ပါသွားမိလေသည်။

နှစ်ယောက်သား တိတ်တဆိတ် လှုပ်ရှားရင်း ဂေဟာအပြင်ဘက်သို့ ရောက်ရှိလာခဲ့ကြလေသည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လျှင် ကျင်းကျင်းက ခြေလှမ်းရပ်လိုက်လေသည်။

ယို့ချီက သူမအား နားမလည်နိုင်စွာဖြင့် ကြည့်နေပါသည်။

"ရှင် ထွက်သွားတော့မယ် မဟုတ်လား"

ကျင်းကျင်းက မေးလာသည်။

ယို့ချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘဘကွမ်းကြုံးမင်တို့ ပြောတဲ့စကားတွေကို ရှင် ကြားခဲ့တယ် မဟုတ်လား"



"ဟုတ်တယ်"

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

"ဆရာကြီးနီခွမ်းက ရှင့်ကို တည်ကြက်လုပ်ပြီး အတုမဲ့သိုင်းသခင်ကို ဆုံးမချင်နေတယ်၊ ဒါကို ဘဘကွမ်းကြုံးမင်က သဘောမတူဘူး"

သူမသည် ယို့မုပင်း၏အမည်ကို အသုံးမပြုဘဲ အတုမဲ့သိုင်းသခင်ဟု ခေါ်ဝေါ်သုံးစွဲလိုက်လေသည်။

ယို့ချီ ပခုံးတွန့်လိုက်သည်။

"ဖေဖေရဲ့ လုပ်ရပ်တွေကိုတော့ သဘောမကျပါဘူး မထောက်ခံပါဘူး၊ ဒါပေမယ့် ဖေဖေ့ကို ရင်ဆိုင်ဖို့ကျတော့..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

ကျင်းကျင်း သက်ပြင်းချလိုက်၏။

"ရှင် ဘယ်လို ခံစားရမယ်ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်၊ ဒါကြောင့်လဲ ဘဘကွမ်းကြုံးမင်က ဟန့်တားခဲ့တာပေါ့ရှင်"

"ကျေးဇူးပါပဲ"

"ဘဘကွမ်းကြုံးမင်က သဘောမတူတော့ ဆရာကြီးနီခွမ်းဘာမှ လုပ်နိုင်မှာ မဟုတ်ပါဘူး၊ ရှင် သည်က ထွက်မသွားပါနဲ့ရှင်"

"ဟင်... ဘာဖြစ်လို့လဲ"

"သည်က ထွက်သွားရင်ကော ဘယ်ကို သွားမလဲ"

"ကျုပ်..."

ယို့ချီ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

"ရှင် ထွက်သွားရင် အခြေအနေ ပိုဆိုးသွားမှာ သေချာတယ်၊ သိုင်းလောကသားတွေက ရှင့်အဖေရဲ့အကြောင်းကို သိနေကြ

ပြီ၊ ရှင့်ကိုပါ ဒုက္ခပေးကြလိမ့်မယ်"

ယို့ချီ ငေးငိုင်သွားလေသည်။

သူ့ဖခင်၏လုပ်ရပ်ကြောင့် သိုင်းလောကသားများသည် သူ့ကိုလည်း မုန်းတီးနေကြတော့မည် ဖြစ်ပါသည်။

"ရှင် သည်မှာနေတာ အကောင်းဆုံးပဲ၊ ဆရာကြီးနီခွမ်းကို ဘဘကွမ်းကြုံးမင်က အကျိုးအကြောင်း ပြောပြပြီး ဖျောင်းဖျနိုင်မှာပါ၊ သည်မှာနေတာ ရှင့်အတွက် အလုံခြုံဆုံး ဖြစ်ပါလိမ့်မယ်"

ကျင်းကျင်းက အကျိုးသင့် အကြောင်းသင့် ပြောပြလေ၏။

ယို့ချီ သက်ပြင်းချလိုက်သည်။

သူ့ကြောင့် ကျင်းကျင်းတို့ပါ အခက်ကြုံရမည့် အဖြစ်မျိုးကို မလိုလားပါချေ။

"ကျုပ် သွားမှ ဖြစ်မယ်"

ကျင်းကျင်းက သူ့အား ကြည့်ရင်း...

"ရှင် ဘာကြောင့် သည်လောက်တောင် သွားချင်နေရတာလဲ"

"ကျုပ်ကြောင့် မဆိုင်တဲ့လူတွေ ဒုက္ခရောက်မှာ စိုးရိမ်လို့ပါ"

"ကျွန်မတို့ ဒုက္ခရောက်ရမယ်လို့ ဘယ်သူက ပြောလဲ"

"အခုပဲ ဆရာကြီးနီခွမ်းနဲ့ ဦးလေးကွမ်းကြုံးမင်တို့ သဘောထား ကွဲလွဲနေကြပြီ မဟုတ်လား"

"သူတို့ဟာ ဝါရင့်သိုင်းသမားကြီးတွေပါ ပြဿနာတစ်ခုကို ဘယ်လို ဖြေရှင်းရမယ်ဆိုတာ ကောင်းကောင်းကြီး နားလည် သဘောပေါက်ထားကြပါတယ်၊ မကြာမီ ဖြေရှင်းဖို့ နည်းလမ်းရှာတွေ့သွားကြမှာပါ"



"ဘာပဲဖြစ်ဖြစ် ကျုပ် သည်မှာ ဆက်နေဖို့ မသင့်တော့ဘူး ထင်တယ်၊ ကျုပ်..."

သူ၏စကားမဆုံးမီ မလှမ်းမကမ်းမှ ကျယ်လောင်သော စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

♣ ♣ ♣

"ကြယ်တံခွန်သိုင်းသမားကြီးကို ဂါရဝပြုဖို့ ကျုပ်တို့ ရောက်လာကြပါတယ်"

ကျယ်လောင်သော အသံ ထွက်ပေါ်လာလေသည်။

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်နှစ်ခု ရောက်ရှိလာသည်ကို လရောင်ဖြင့် တွေ့မြင်လိုက်ရလေသည်။

ယို့ချီနှင့် ကျင်းကျင်းတို့က အခြေအနေကို အကဲခတ်ကြည့်လိုက်ကြသည်။

သူတို့ အကဲခတ်ကြည့်နေစဉ်မှာပင် လူရိပ်နှစ်ခုသည် ဂေဟာရှေ့သို့ ရောက်ရှိသွားကြလေသည်။

"အချိန်မတော် ရောက်လာတာ ဘယ်က မိတ်ဆွေများလဲဗျာ"

နီခွမ်း၏စကားသ ထွက်ပေါ်လာသည်။

နီခွမ်း၊ ကွမ်းကြုံးမင်နှင့် နီခွမ်း၏မိတ်ဆွေ သမားတော်ကျန်းတို့ ဂေဟာထဲမှ ထွက်လာခဲ့ကြသည်။

သမားတော်ကျန်းမှာ သိုင်းလောကတွင် ထင်ရှားသော သိုင်းသမားကြီး ဖြစ်ပေသည်။

ကွမ်းကြိုးမင် အတွင်းဒဏ်ရာရခဲ့သောအခါ နီခွမ်းက သမားတော်ကျန်းအား ဖိတ်ခေါ်ကာ ဆေးကုပေးစေခဲ့ခြင်း ဖြစ်၏။

သမားတော်ကျန်း၏ ကျွမ်းကျင်သော ဆေးပညာကြောင့် ကွမ်းကြိုးမင်၏အတွင်းဒဏ်ရာမှာ ယူပစ်သလို သက်သာပျောက်ကင်းသွားခဲ့ပြီ ဖြစ်လေသည်။

နီခွမ်း၊ ကွမ်းကြိုးမင်နှင့် သမားတော်ကျန်းတို့ကဲ့သို့ ထိပ်သီးသိုင်းအကျော်အမော်များ ရှိနေချိန်တွင် ကြယ်တံခွန်ဂေဟာသို့ ညအချိန်မတော် လာဝံ့သူမှာ မည်သူများ ဖြစ်ပါသနည်း။

ယို့ချီသည် သစ်ပင်နောက်ကွယ်မှ နေ၍ အကဲခတ်ကြည့်လိုက်သောအခါ ရောက်လာသူနှစ်ယောက်မှာ ယို့ဖုံးနှင့် ရှမ်းစုတို့ ဖြစ်နေကြသည်ကို တွေ့လိုက်ရလေသည်။

"ဟင်… ဦးလေးယို့ဖုံး"

ယို့ချီ ဝမ်းသာအားရ ဖြစ်သွားကာ သစ်ပင်နောက်ကွယ်မှ ထွက်ရန် ပြင်စဉ် ကျင်းကျင်းက ဟန့်တားလိုက်၏။

"နေဦး"

ယို့ချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ခဏလောက် စောင့်ကြည့်ပါလားရှင်"

ကျင်းကျင်းက တားမြစ်နေသဖြင့် ယို့ချီ အသာငြိမ်နေလိုက်မိလေသည်။ ယို့ဖုံး၊ ရှမ်းစုတို့နှင့် နီခွမ်းတို့ ဆုံတွေ့မိလိုက်ကြပြီ ဖြစ်လေသည်။



ယို့ဖုံးတို့က ဦးညွတ်လိုက်သည်။

"ကျုပ်က နေဝန်းဂေဟာပိုင်ရှင်ရဲ့ ညီဝမ်းကွဲ ယို့ဖုံးပါ၊ သည်က မိတ်ဆွေကတော့ သံမဏိရဲတိုက်က အိမ်တော်ထိန်း ရှမ်းစုပါ"

ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးလိုက်သည်။

နီခွမ်း ခေါင်းညိတ်လိုက်သည်။

"သိုင်းရာဇာလေးဖော်နဲ့ ပတ်သက်တဲ့ အရေးပါသူတွေ သိုင်းလောကမှာ ပြန်ပြီး ထွက်ပေါ်လာတာကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်ရဲ့ ဂေဟာကို ဘယ်လို အကြောင်းကိစ္စနဲ့ ရောက်လာရတာလဲ"

ယို့ဖုံးက…

"သည်မှာ၊ ကျုပ်ရဲ့တူလေး ယို့ချီ ရောက်နေတယ်ဆိုတဲ့ သတင်းကြားလို့ လာခဲ့ကြတာပါ"

နီခွမ်း မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့က ယို့ချီကို တွေ့ချင်လို့ကိုး နေဝန်းဂေဟာပိုင်ရှင် ယို့မုပင်းကိုကော မတွေ့ချင်ကြဘူးလား"

"ဟင်"

ယို့ဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

နီခွမ်းက ဆက်ပြောလိုက်သည်။

"နေဝန်းဂေဟာပိုင်ရှင်ဟာ ကျန်တဲ့ သိုင်းရာဇာသုံးဖော်ကို အကောက်ကြံပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတာ အတော့်ကို စက်ဆုပ်စရာ ကောင်းပါတယ်"

အတုမဲ့သိုင်းသခင်ဆိုသည့် ယို့မုပင်းအပေါ် မကျေမနပ်

ဖြစ်နေသည့်အလျောက် ပြောချလိုက်လေသည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲ"

ယို့ဖုံးက နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

နီခွမ်းက ယို့မုပင်းနှင့် ဆုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

နီခွမ်း၏စကားအဆုံးတွင် ယို့ဖုံး မျက်စိမျက်နှာ ပျက်သွားလေသည်။

"ဒါ... ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ရှမ်းစုက တင်းမာသော မျက်နှာထားဖြင့် စိုက်ကြည့်လာ၏။

"ယို့ဖုံး လက်စသတ်တော့ မင်းတို့ညီအစ်ကိုက အတော်ပိရိကြတာကိုး၊ အခုတော့ သံမဏိရဲတိုက် ပျက်စီးသွားရတဲ့ အကြောင်းအရင်း ပေါ်ပေါက်လာပြီပေါ့"

ယို့ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ယို့မုပင်းဟာ မတရားတာ လုပ်မယ့် လူစားမျိုး မဟုတ်ဘူး"

ရှမ်းစု နှာခေါင်း ရှုံ့လိုက်သည်။

"ဒါတွေ ကျုပ် မသိဘူး၊ ကျုပ်တို့ သံမဏိရဲတိုက် ဖျက်ဆီးခံခဲ့ရတဲ့ ကိစ္စမှာ တရားခံဟာ နေဝန်းဂေဟာ ဖြစ်နေတယ်ဆိုတာ သိရပြီးတဲ့နောက်မှာ ကျုပ်က ဘာများ စဉ်းစားနေရဦးမှာလဲ"

ရှမ်းစု ဒေါသခြောင်းခြောင်း ထွက်နေကြောင်း ထင်ရှားနေပါသည်။

ယို့ဖုံး မျက်နှာပျက်သွားသည်။

"ရှမ်းစု၊ ကျုပ်တို့ဟာ မိတ်ဆွေရင်းချာတွေပါ ကိစ္စတစ်ခုကို



သေသေချာချာ စုံစမ်းပြီးမှ..."

သူ၏စကားမဆုံးမီ ရှမ်းစုက ကြားဖြတ်အော်ငေါက်လိုက်လေသည်။

"အခုအချိန်ကစပြီး မင်းနဲ့ ငါဟာ မိတ်ဆွေ မဟုတ်တော့ဘူး"

"   ဟင်"

ယို့ဖုံး မျက်နှာပျက်သွားသည်။

သူက ချက်ချင်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးဘူး၊ သည်ကိစ္စတစ်ခုခုတော့ မှားယွင်းနေတယ်လို့ ကျုပ် ထင်တယ်"

"နေဝန်းဂေဟာပိုင်ရှင်ဟာ သိုင်းလောကကို ဖျက်ဆီးမယ့် လူတစ်ယောက်ဆိုတာ သေချာနေပါပြီဗျာ"

ကွမ်းကြံုးမင်က ကြားဝင် ရှင်းပြလိုက်၏။

ယို့ဖုံးက တည်ကြည်သော မျက်နှာထားဖြင့်...

"ယို့မုပင်းဟာ သည်လိုလုပ်မယ့် လူစားမျိုး မဟုတ်ဘူး၊ ကျုပ်စိတ်ထင် ခင်ဗျားတို့ တွေ့ခဲ့တဲ့ ယို့မုပင်းဟာ အတုပဲ ဖြစ်ပါလိမ့်မယ်"

"ဟင်"

ကွမ်းကြံုးမင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ယို့ဖုံး အံကြိတ်လိုက်သည်။

"တစ်ယောက်ယောက်ဟာ အခြေအနေ ရှုပ်ထွေးသွားအောင် ယို့မုပင်းအသွင် ရုပ်ဖျက်ပြီး မွှေနှောက်သွားတာ ဖြစ်လိမ့်မယ်"

ရှမ်းစု မဲ့လိုက်၏။

"မင်းတို့က ညီအစ်ကိုဆိုတော့ ကာကွယ်ပြောဆိုမှာပေါ့၊ ကျုပ်ကတော့ လုံးဝမကျေနပ်ဘူး"

ယို့ဖုံး ဒေါပွသွားသည်။

"ခင်ဗျားက ဘယ်လို ဖြေရှင်းချင်သလဲ ပြောပါ"

အချီအချ ပြောဆိုနေသော စကားများ ကြားရသောအခါ ယို့ချီ စိတ်မကောင်း ဖြစ်သွားလေသည်။

အလွန်ရင်းနှီးခင်မင်ခဲ့သော မိတ်ဆွေအချင်းချင်း စိတ်ဝမ်းကွဲနေကြပြီ မဟုတ်ပါလား။

"အခြေအနေက ရှုပ်ထွေးနေပြီ"

ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာသည်။

ယို့ချီ ခေါင်းကုပ်လိုက်၏။

"ကျုပ် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ရှင် သည်က တိတ်တဆိတ် ထွက်သွားတာ အကောင်းဆုံးပဲ"

"ကျုပ်"

"ခြံဝင်းထဲက ထွက်ပြီး မြို့စွန်ကို သွားရင် ပျံလွှားတည်းခိုခန်းကို တွေ့ရမယ်၊ အဲသည်ကို သွားပါ၊ မနက်မိုးလင်းရင် ရှင့်ကို လာတွေ့မယ်"

ယို့ချီ အားတက်သွား၏။

"ကျေးဇူးပဲ ညီမ၊ ကျုပ်က ဦးလေးယို့ဖုံးနဲ့လည်း တွေ့ချင်သေးတယ်"

"ကျွန်မ ကြည့်ပြီး စီစဉ်ပေးပါ့မယ်၊ ကဲ... သွားတော့"



"ကောင်းပြီ"

ယို့ချီက အမှောင်ရိပ်ကို အကာအကွယ်ယူကာ ကြယ်တံခွန်ဂေဟာခြံဝင်းထဲမှ ထွက်လာခဲ့လေသည်။

ကြယ်တံခွန်ဂေဟာတွင် မည်သို့ ဆက်လက် ဖြစ်ပျက်ကျန်ရစ်ခဲ့သည်ကို သူ မသိတော့ချေ။

♣ ♣ ♣

## သွေးနဲ့ရင်းသောသဲလွန်စ

မိုးစင်စင်လင်းလာပြီ ဖြစ်သည်။

ယို့ချီသည် ယခုထက်တိုင် အိပ်မပျော်သေးဘဲ ကျင်းကျင်းအား စောင့်မျှော်နေမိသည်။

သူက မဟာန်နိုင်ဘဲ တစ်ရေးမှေးမိစဉ်မှာပင် တံခါးခေါက်သံကြောင့် ဆတ်ခနဲ နိုးလာ၏။

ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်လျှင် ဆိုင်လုလင်တစ်ယောက်ကို တွေ့ရလေသည်။

"ဆရာလေးကို တွေ့ချင်တဲ့ အစ်မလေးတစ်ယောက် ရောက်နေပါတယ် ခင်ဗျာ"

ယို့ချီက ကပျာကယာ လိုက်သွားလေသည်။

တည်းခိုခန်းအောက်ဘက်သို့ ရောက်လျှင် သူ မျှော်လင့်



သည့်အတိုင်း ကျင်းကျင်း ဖြစ်နေသည်ကို တွေ့ရသည်။

"အရေးကြီးတယ်၊ ကျွန်မနဲ့ မြန်မြန်လိုက်ခဲ့"

ကျင်းကျင်းက ပြောရင်း လှည့်ထွက်သွားသည်။

ယို့ချီလည်း ကပျာကယာ လိုက်သွားလေသည်။

ဆိုင်အပြင်ဘက် ရောက်သွားလျှင်...

"ညက ရှင်ထွက်သွားတာ မှန်တယ်၊ ရှင့်ရဲ့ ဦးလေးနဲ့ ရှမ်းစုတို့ အကြီးအကျယ် စကားများကြတယ်၊ သည်မနက် မြို့ပြင် သင်္ချိုင်းမှာ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ချိန်းလိုက်ကြပြီ၊ ကျွန်မတို့ လိုက်သွားကြရအောင်"

"ကောင်းပြီ"

နှစ်ယောက်သား သင်္ချိုင်းမြေဆီသို့ ခပ်သုတ်သုတ် လှမ်းသွားလိုက်ကြသည်။

လမ်းတွင် ကျင်းကျင်းက ကြိုတင် သတိပေးလေသည်။

"ဟိုရောက်ရင် ရှင့်ရဲ့စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားပါ၊ ဘယ်သူမှ မမြင်နိုင်တဲ့ နေရာက နေပြီး အခြေအနေ စောင့်ကြည့်တာ ပိုကောင်းလိမ့်မယ်၊ ရှင့်ကို တွေ့သွားရင် ရှမ်းစု ပိုပြီး ဒေါသထွက်လာနိုင်တယ်"

ယို့ချီ သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီဗျာ"

နှစ်ယောက်သား ရှေ့ဆက်သွားလိုက်ကြရာ သင်္ချိုင်းမြေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေသည်။

သင်္ချိုင်းမြေတွင် သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ရှိနေခြင်းကြောင့် ယို့ချီ ကံကောင်းသွားလေသည်။

သစ်ပင်ချုံနွယ်များကို အကာကွယ်ယူကာ ပုန်းလျှိုးကွယ်လျှိုး သွားလိုက်ကြရာ မကြာပါချေ စကားသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေသည်။

နှစ်ယောက်သား ချုံပုတ်အတွင်း၌ ပုန်းအောင်းကာ ချောင်းကြည့်လိုက်ကြလေသည်။

ထိုအခါ...

မလှမ်းမကမ်း မြေကွက်လပ်တစ်ခုတွင် လူငါးယောက် ရှိနေကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူငါးယောက်မှာ ကွမ်းကြိုးမင်၊ နီခွမ်း၊ သမားတော်ကျန်း၊ ယို့ဖုံးနှင့် ရှမ်းစုတို့ ဖြစ်ကြလေသည်။

ယို့ဖုံးနှင့် ရှမ်းစုတို့ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

ကွမ်းကြိုးမင်တို့က မလှမ်းမကမ်း၌ ရပ်နေကြသည်။

ယှဉ်ပြိုင်ပွဲတွင် ပွဲကြည့်ပရိသတ်အဖြစ် ရှိနေကြခြင်း ဖြစ်သည်။

ယို့ဖုံး သက်ပြင်းချကာ...

"ရှမ်းစု... မင်းရဲ့ သဘောထားကို မပြင်နိုင်တော့ဘူးလား"

ရှမ်းစု ခေါင်းခါယမ်းလိုက်သည်။

"ငါ့စကားကို ငါ မပြင်နိုင်ဘူး၊ မင်း ငါ့ကို နိုင်ရင်တော့ မင်းစကားကို ငါ လက်ခံလိုက်ပါ့မယ်"

ယို့ဖုံး ခေါ်ပွသွားသည်။

"ကောင်းပြီ၊ ပြောလို့ မရမှတော့ ဘာတတ်နိုင်မှာလဲ သတိသာ ထားပေတော့"

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။



ရှမ်းစုကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ သချိုင်းမြေအတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣

ယို့ဖုံးသည် နေဝန်းဂေဟာအပြင်မှ လူတစ်ယောက် ဖြစ်သောကြောင့် နေစကြာလက်ဝါးသိုင်းကို တတ်မြောက်ထားခြင်း မရှိဘဲ အခြားသော သိုင်းပညာရပ်များကိုသာ တတ်မြောက်ထားသည်။

မည်သို့ဆိုစေ...

သူ၏သိုင်းပညာသည်လည်း ခေသည်မဟုတ်ဘဲ သိုင်းကွက်များ ဖော်ထုတ်လိုက်သောအခါ ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်နေပါတော့သည်။

"ဟူး... ဟူး"

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ယို့ဖုံးကော ရှမ်းစုပါ နောက်ဆုတ်လိုက်ကြရသည်။

ဝါရင့်သိုင်းသမားများပီပီ ရုတ်တရက် တစ်ယောက်ကိုတစ်ယောက် အနိုင်မယူနိုင်ကြပါချေ။

ရှမ်းစုက ခေါင်းမာမာနှင့် တိုက်ခိုက်နေရာ ယို့ဖုံးကလည်း ပြန်လည်တိုက်ခိုက်နေရလေတော့သည်။

သူတို့ တိုက်ပွဲအား အကဲခတ်ကြည့်နေကြသော နီခွမ်းက သက်ပြင်းချရင်း...

"သူတို့ တစ်ယောက်ကိုတစ်ယောက် အနိုင်ရဖို့ မလွယ်ဘူးဗျ"

"ဟုတ်တယ်"

ကွမ်းကြုံးမင်လည်း ထောက်ခံလိုက်၏။

ထိုစဉ်...

သမားတော်ကျန်းက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်က ယို့မုပင်းနဲ့ ပတ်သက်ပြီး မသင်္ကာစရာကောင်းတဲ့ အချက်တစ်ချက်ကို သတိပြုမိထားတယ်ဗျ"

ကွမ်းကြုံးမင်ကော နီခွမ်းပါ စိတ်ဝင်စားသွားကြ၏။

"ပြောစမ်းပါဦးဗျ"

သမားတော်ကျန်းက...

"ယို့မုပင်းအနေနဲ့ သူ့သား ယို့ချီကို တွေ့ချင်တယ်ဆိုရင် အချိန်မရွေး တွေ့လို့ရတယ်၊ ဘယ်သူမှ မသိအောင် တိတ်တဆိတ် ဆက်သွယ်နိုင်ပါလျက်နဲ့ ဘာကြောင့် ခင်ဗျားတို့ရှေ့မှာ ဖွင့်ပြောရတာလဲ၊ အတုမဲ့သိုင်းသခင်ဆိုတာကို လူတွေ သိသွားစေချင်လို့ မဟုတ်လား"

ကွမ်းကြုံးမင်နှင့် နီခွမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

သမားတော်ကျန်းက ဆက်ပြောလိုက်သည်။



"လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ပြောပြီးမှ ခင်ဗျားတို့ကို နှုတ်ပိတ်ပစ်ဖို့ ဘာကြောင့် မကြိုးစားရတာလဲ"

ကွမ်းကြုံးမင်က သက်ပြင်းချရင်း...

"အတုမဲ့သိုင်းသခင်ဟာ ယို့မုပင်း ဖြစ်တယ်ဆိုတာ အားလုံးသိအောင် ဖော်ပြချင်လို့ တမင်လုပ်သွားတာဆိုရင် ယို့ချီကို စားစာခံလုပ်လိုက်တာပဲ"

သမားတော်ကျန်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"နောက်တစ်ကြိမ်ဆိုရင် သူက ယို့ချီကို သုတ်သင်ပစ်လိုက်မယ်"

ထိုသို့ ဝေဖန်ပြောဆိုနေသော စကားများကို ကြားလိုက်ရသောအခါ ပုန်းအောင်းချောင်းကြည့်နေသော ကျင်းကျင်းနှင့် ယို့ချီ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

"သမားတော်ကျန်း ပြောတဲ့စကားသာ မှန်ရင် ရှင့်အတွက် အန္တရာယ် ရှိနေပြီ"

ကျင်းကျင်းက တီးတိုး ပြောလိုက်သည်။

ယို့ချီ သက်ပြင်းချလိုက်၏။

"အတုမဲ့သိုင်းသခင်ဟာ ကျုပ်အဖေ ဖြစ်တယ်လို့ ကျုပ်လည်း ယုံကြည်မထားပါဘူး"

"ရှင်လည်း မယုံဘူး ဟုတ်လား"

"ဟုတ်တယ်၊ သမားတော်ကျန်း ပြောသလို ရှိသမျှ အပြစ်တွေ အားလုံး ကျုပ်အဖေပေါ် ပုံချလို့ရအောင် အကောက်ကြံတာပဲ ဖြစ်လိမ့်မယ်"

ကျင်းကျင်း ငိုင်သွားသည်။

အတုမဲ့သိုင်းသခင်မှာ ယို့မုပင်း မဟုတ်လျှင် မည်သူဖြစ်ပါသနည်း။ ထိုစဉ်...

"ဟား... ဟား... ဟား"

ကျယ်လောင်သော ရယ်မောသံနှင့်အတူ လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ အတုမဲ့သိုင်းသခင် ဖြစ်လေသည်။

**အတုမဲ့သိုင်းသခင်** ရောက်ရှိလာပြန်ပြီ ဖြစ်သည်။

**ယို့ဖုံးနှင့်** ရှမ်းစုတို့၏ တိုက်ပွဲမှာ ချက်ချင်းရပ်တန့်သွား၏။

**အတုမဲ့သိုင်းသခင်က** စူးရဲသော မျက်လုံးများဖြင့် စိုက်ကြည့်လာရင်း...

"ယို့ဖုံး... မင်းတော်တော် အသုံးမကျတာပဲ၊ ငါရဲ့ နေစကြာလက်ဝါးသိုင်းပညာကိုသာ လေ့ကျင့်ထားမယ်ဆိုရင် ရှမ်းစုကို အသာလေး အနိုင်ယူနိုင်တာပေါ့"

ယို့ဖုံး နှာခေါင်းရှုံ့လိုက်သည်။

"ဘာလဲ၊ ခင်ဗျားက ကိုယ့်ကိုယ်ကို ယို့မုပင်းလို့ ပြောချင်လို့လား"

"ဟုတ်တယ်လေ ငါဟာ ယို့မုပင်းပဲ"

စကားဆုံးလျှင် မျက်နှာပေါ်မှ ပဝါအား ဖြုတ်လိုက်သည်။

နေဝန်းဂေဟာပိုင်ရှင် ယို့မုပင်း၏မျက်နှာ ပေါ်လွင်လာ၏။

"မင်း... မင်း ယို့မုပင်း"

ယို့ဖုံး တအံ့တသြ ရေရွတ်လိုက်၏။

အတုမဲ့သိုင်းသခင်က ရယ်မောရင်း...



"ယို့ဖုံး... မင်း ဘာမှ စဉ်းစားမနေနဲ့တော့၊ ငါ့ရဲ့သား ယို့ချီကို ခေါ်ပြီး ငါ့နောက် လိုက်ခဲ့ပေတော့"

ယို့ဖုံး အံကြိတ်လိုက်၏။

"မင်းဟာ ယို့မုပင်းဆိုတာ ငါ မယုံဘူး၊ အကယ်၍ ဟုတ်ခဲ့တယ်ဆိုရင်တောင် မင်းရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို ငါက ဟန့်တားမှာ"

စကားဆုံးလျှင် အတုမဲ့သိုင်းသခင်အား လျှပ်တပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ယား"

အခြေအနေ စောင့်ကြည့်နေသော ရှမ်းစုကလည်း ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

အတုမဲ့သိုင်းသခင်က ပြန်လည်**တိုက်ခိုက်လိုက်သည်။**

ကွမ်းကြုံးမင်၊ နီခွမ်းနှင့် **သမားတော်ကျန်းတို့လည်း တိုက်**ပွဲအတွင်းသို့ ခုန်ဝင်လာကြသည်။

သိုင်းလောကအား ဒုက္ခပေး**နေသူတစ်ယောက်ကို** သိုင်းလောကစည်းကမ်း စောင့်ထိန်းစရာမလိုဟု **သဘောထားကာ** ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ထိပ်သီးသိုင်းသမားကြီးများ စုပေါင်းတိုက်ခိုက်ကြသဖြင့် အတုမဲ့သိုင်းသခင် အခက်ကြုံသွားရသည်။ ချက်ချင်းပင်...

"ရှိုး"

လေချွန်သံတစ်ချက်ပေးရင်း အနီးရှိ သစ်ပင်တစ်ပင်ပေါ်

ခုန်တက်သွားသည်။

ယို့ဖုံးက...

"သူ အကူအညီ ခေါ်နေပြီ၊ သူ့လူတွေ ရောက်မလာခင် ဆုံးမလိုက်ကြရအောင်"

အော်ပြောရင်း ကိုယ်ဖော့ပညာ အသုံးပြုကာ သစ်ပင်ပေါ် ခုန်တက်တိုက်ခိုက်လိုက်သည်။

အတုမဲ့သိုင်းသခင်သည် ထိပ်တိုက်ရင်မဆိုင်ဘဲ အခြားသစ်ကိုင်းတစ်ကိုင်းသို့ ခုန်ကူးသွားရန် ဟန်ပြင်လိုက်၏။

"မင်း ပြေးလို့ ရမလား"

ယို့ဖုံးက ဒေါသတကြီးဖြင့် တရကြမ်း ခုန်ဝင်သွားသည်။

ထိုတဒင်္ဂအချိန်လေးအတွင်းမှာပင် အတုမဲ့သိုင်းသခင်သည် ချာခနဲလှည့်ကာ ယို့ဖုံး၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ဒေါသဖြင့် တစ်ရှိန်ထိုး ခုန်ဝင်သွားသည့် ယို့ဖုံးမှာ အတုမဲ့သိုင်းသခင်၏လှည့်ကွက် မိသွားလေတော့သည်။

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

"ဝုန်း"

"အား"

ယို့ဖုံးမှာ ရူးရူးရှဲရှဲ အော်ဟစ်ရင်း သစ်ပင်ပေါ်မှ ခြေကားယား လက်ကားယား ပြုတ်ကျသွားတော့သည်။

ချောင်းကြည့်နေသော ယို့ချီ မနေနိုင်တော့ပါ။

"ဦးလေးယို့ဖုံး"

တစ်ဟုန်ထိုး ပြေးထွက်သွားပြီး ယို့ဖုံးအား ဖေးမထား



လိုက်လေသည်။

အားလုံး ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

ထိုအခွင့်ကောင်းကို ယူကာ အတုမဲ့သိုင်းသခင်သည် သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ထိုစဉ်...

အနက်ရောင်ဝတ်ဆင်ထားကြသူများ ရောက်ရှိလာကာ သူတို့အား ဝိုင်းရံထားလိုက်ကြတော့သည်။

♣ ♣ ♣

ယို့ဖုံးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း ထင်ရှားနေပါ၏။

ယို့ဖုံးသည် မျက်လုံးဖွင့်ပြီး အားယူကာ ပြောလာ၏။

"ယို့ချီ... သူဟာ မင်းအဖေ မဟုတ်ဘူး"

ယို့ချီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ယို့ဖုံးက ဆက်ပြောလာသည်။

"သူ အသုံးပြုတဲ့ သိုင်းကွက်ဟာ နေစကြာလက်ဝါးအစစ် မဟုတ်ဘူး"

"ဗျာ"

"ဟောသည်မှာ ကြည့်စမ်း"

ယို့ဖုံးသည် သူ၏အင်္ကျီရင်ဘတ်ကို ဆွဲဟလိုက်လေသည်။

ထိုအခါ…

ယို့ဖုံး၏ရင်ဝတွင် နီရဲသော လက်ဝါးရာကြီး အတိုင်းသား တွေ့မြင်လိုက်ရလေသည်။

နေစကြာလက်ဝါးသိုင်းပညာ နောက်ဆုံးအဆင့်ကို အောင်မြင်ပြီးပြီဆိုလျှင် ထိုသို့ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ယို့ချီ သိရှိထားလေသည်။

"ဒါဟာ နေစကြာလက်ဝါးသိုင်းကြောင့် ရခဲ့တဲ့ ဒဏ်ရာ မဟုတ်ဘူးလား"

လွတ်ခနဲ ရေရွတ်မိလိုက်၏။

ယို့ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ မင်းက လက်ဝါးရာကို သေသေချာချာ ကြည့်ပါ"

ယို့ချီက လက်ဝါးရာကို သေသေချာချာ ကြည့်မိလိုက်၏။

ထိုအခါမှ လက်ဝါးရာမှ လက်ငါးချောင်းတွင် လက်ခလယ်သည် လက်ညှိုး၊ လက်သူကြွယ်တို့ထက် ရှည်နေမည့်အစား တစ်ညီထဲ ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ဒါက ဘယ်လို ဖြစ်တာလဲ"

ယို့ချီ လွတ်ခနဲ ရေရွတ်မိပြန်သည်။

ယို့ဖုံးက…

"အတုမဲ့သိုင်းသခင်ဟာ ငါနဲ့ တိုက်ခိုက်တဲ့အခါ သူ့ရဲ့ ယာဘက်လက်ခလယ်ဟာ လက်တစ်ဆစ် ပြတ်နေတာကို အမှတ်မထင် တွေ့ခဲ့ရတယ်၊ ဒါကြောင့် သူဟာ ယို့မုပင်း မဟုတ်ဘူးလို့ သေချာ ပြောနိုင်တာပေါ့"



ယို့ချီ ဝမ်းသာသွားသည်။

"ဟုတ်တယ်၊ ဖေဖေ့ ညာလက်ဝါးက လက်ချောင်းလေးတွေဟာ အကောင်းပကတိ ရှိနေတာပဲ၊ သူဟာ မျက်နှာဖုံးစွပ်ပြီး ဖေဖေ့ အယောင်ဆောင်ထားတာပဲ"

ယို့ဖုံး ချောင်းတဟွပ်ဟွပ် ဆိုးလာလေသည်။

"သူ ဘယ်သူလဲဆိုတာ မင်း ဖော်ထုတ်ပါ၊ နေစကြာလက်ဝါးသိုင်းရဲ့ နောက်ဆုံးသိုင်းကွက်ကို မင်း လေ့ကျင့်ပါ၊ ဒါမှ ရန်သူကို ရင်ဆိုင်နိုင်လိမ့်မယ်"

"စိတ်ချပါ ဦးလေး"

"ငါက မင်းကို မစောင့်ရှောက်နိုင်တော့ဘူး၊ ငါ့ကို ခွင့်လွှတ်ပါ၊ ငါ…"

ယို့ဖုံး စကားဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

"ဦးလေးယို့ဖုံး"

ယို့ချီ အထိတ်တလန့်ဖြင့် အသံကုန် အော်ဟစ်လိုက်မိလေတော့သည်။

ယို့ဖုံးသည် အသက်စွန့်ကာ ရန်သူအား ဖော်ထုတ်နိုင်မည့် သဲလွန်စကို ဖော်ထုတ်ပေးသွားပြီ ဖြစ်သည်။

ရှမ်းစု၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များ အထင်သားပေါ်လွင်နေပါသည်။

"ငါ့ကို ခွင့်လွှတ်ပါ ယို့ဖုံးရယ်"

သူက ယို့ဖုံးအား အထင်မှားခဲ့မိသည့်အတွက် စိတ်ထဲမှ တောင်းပန်လိုက်မိသည်။

ထိုအချိန်မှာပင် ဝိုင်းရံထားသော အနက်ရောင်ဝတ်ဆင်ထားသူများက တိုက်ခိုက်လာကြသည်။

နီခွမ်းတို့က ပြန်လည်တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အား"

ရှုးရှစ်စွာ အော်ဟစ်ရင်း ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

သူတို့သည် အတုမဲ့သိုင်းသခင် ထွက်သွားနိုင်ရေးအတွက် လာရောက်ဟန့်တားကြခြင်းသာဖြစ်ကြောင်းလည်း ထင်ရှားနေပါသည်။

နီခွမ်းတို့၏ ပြင်းထန်သော တိုက်ခိုက်မှုကို ခံရသည်နှင့် ဆက်လက်ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကပျာကယာ နောက်ဆုတ်ကာ ထွက်ပြေးသွားကြလေတော့သည်။

♣ ♣ ♣

အသက်ရှင်လျက် ကျန်ရစ်ခဲ့သော အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်အား ကျင်းကျင်းက ဖမ်းဆီးထား၍ စစ်မေးနိုင်ခဲ့လေသည်။

ရှမ်းစုက ဓားမြှောင်တစ်လက်ဖြင့် လည်မျိုအား ထောက်လိုက်ပြီး...

"မင်း ဘယ်သူလဲ၊ အတုမဲ့သိုင်းသခင်နဲ့ ဘယ်လို ပတ်သက်နေသလဲ"



ထိုလူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်...

"ကျုပ်... ကျုပ်ဟာ ပန်းနီကျေးရွာကပါ၊ အတုမဲ့သိုင်းသခင် ဘယ်သူဆိုတာ မသိပါဘူး"

"မင်း သေချင်ပြီ ထင်တယ်၊ မှန်မှန်ပြောစမ်း"

ထိုလူက မြေပေါ်ဒူးထောက်ကာ...

"ကျုပ် တကယ် မသိပါဘူး၊ ပန်းနီကျေးရွာပိုင်ရှင်က မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက်ရဲ့ အမိန့်ကို နာခံရမယ်လို့ ကျုပ်တို့ကို အမိန့်ပေးထားလို့ပါ"

"ဒါဖြင့် အတုမဲ့သိုင်းသခင် ဘယ်သူဘယ်ဝါဆိုတာ ပန်းနီကျေးရွာပိုင်ရှင် သိနိုင်တာပေါ့"

"ဟုတ်ကဲ့ သိနိုင်ပါတယ်"

ရှမ်းစုက နီခွမ်းတို့အား လှမ်းကြည့်လိုက်သည်။

ယခု အတုမဲ့သိုင်းသခင်နှင့် ပတ်သက်သော သဲလွန်စ ရလာပြီ ဖြစ်လေသည်။

♣ ♣ ♣

## နေ့စကြာလက်ဝါးသိုင်း

ကြယ်တံခွန်ဂေဟာ...

ကြယ်တံခွန်ဂေဟာတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

ဂေဟာရှင် နီခွမ်းတို့ကား မရှိတော့ပါ။

နီခွမ်း၊ ရှမ်းစု၊ ကွမ်းကြုံးမင်နှင့် သမားတော်ကျန်းတို့သည် ပန်းနီကျေးရွာသို့ ခရီးနှင်နေကြပြီ ဖြစ်လေသည်။

ယို့ချီနှင့် ကျင်းကျင်းတို့က လိုက်သွားလိုကြသော်လည်း လူကြီးများက လက်မခံသဖြင့် ကြယ်တံခွန်ဂေဟာ၌ နေခဲ့ကြရသည်။

ယို့ချီသည် ယို့ဖုံး သေဆုံးသွားသည်ကိုလည်းကောင်း၊ ဖခင်ဖြစ်သူ ယို့မုပင်းအပေါ် ဂုဏ်သိက္ခာ ထိခိုက်အောင် ပြုလုပ်ခဲ့သည်ကိုလည်းကောင်း သည်းမခံနိုင်အောင် ဖြစ်ခဲ့ရလေသည်။



ဖခင်ဖြစ်သူနှင့် ပတ်သက်ပြီး တွေးတောစဉ်းစားလိုက်သောအခါ ဝမ်းနည်းစရာများကိုသာ တွေ့ရလေသည်။

သူ၏ဖခင်သည် ရန်သူကို ဒူးထောက်အညံ့ခံမည့်သူတစ်ယောက်မဟုတ်ပါ။

ရန်သူက သူ၏ဖခင်အဖြစ် ဟန်ဆောင်နိုင်သည်မှာ သူ၏ဖခင်သည် လောက၌ အသက်ရှင်လျက် မရှိတော့ခြင်းကြောင့် ဖြစ်ရမည်ဟု သဘောပေါက်မိလေသည်။

ဖခင်ဖြစ်သူ သေဆုံးသွားပြီဟု အခိုင်အမာ ယုံကြည်မိပြီး ခံပြင်းနာကျည်းလာရလေတော့သည်။

"ငါ့ရဲ့ သိုင်းပညာကို စိတ်မချလို့ ဘဘရှမ်းစုတို့က ပန်းနီကျေးရွာကို မလိုက်ခဲ့ဖို့ တားမြစ်ခဲ့တာပဲ၊ ငါဟာ သိုင်းပညာတော်မယ်ဆိုရင် ရန်သူကို ရင်ဆိုင်လို့ ရမှာပဲ"

ယို့ချီသည် ဖခင်၏အမွေအနှစ်ဖြစ်သော နေ့စကြာလက်ဝါးသိုင်းပညာမှ နောက်ဆုံးသိုင်းကွက်ကို လေ့ကျင့်ရန် ဆုံးဖြတ်လိုက်၏။

နေ့စကြာလက်ဝါးသိုင်းပညာမှာ အလွန်ထူးခြားသော ပညာရပ်တစ်မျိုး ဖြစ်သည်။

နေ့စကြာလက်ဝါးသိုင်းပညာ၏ နောက်ဆုံးသိုင်းကွက်သည် အလွန်ထိရောက်ပြင်းထန်ပြီး မိမိ၏စိတ်ဆန္ဒ ရှိသည့်အတိုင်း အသုံးပြုနိုင်သည်ဟု ဖခင်ဖြစ်သူက ပြောပြခဲ့ပါသည်။

ယို့ချီသည် နောက်ဆုံးသိုင်းကွက်မှ လွဲပြီး ကျန်သိုင်းကွက်များကို တတ်မြောက်ထားပြီး ဖြစ်ပါသည်။

ထို့ကြောင့်...

နောက်ဆုံးသိုင်းကွက်ကို တတ်မြောက်ပြီးပါက ဖခင်၏ခြေ

ရာကို နင်းနိုင်ပြီ ဖြစ်သည်။

သိုင်းလောကရှိ မည်သည့် ရန်သူကိုမှ ကြောက်စရာလိုတော့မည် မဟုတ်ပါချေ။

ယို့ချီသည် ပန်းနီကျေးရွာသို့ လိုက်သွားလိုစိတ် ပြင်းပျနေရကား နေစကြာလက်ဝါးသိုင်းကွက်မှ နောက်ဆုံးသိုင်းကွက်ကို အပြင်းအထန် လေ့ကျင့်လိုက်လေသည်။

အမှန်တော့...

နောက်ဆုံးသိုင်းကွက်ကို ယို့ချီ သိရှိထားပြီး အကြိမ်ကြိမ်လေ့ကျင့်ခဲ့ပြီးပြီ ဖြစ်ပါသည်။

သိုင်းကွက်သဘောတရားများကို ကောင်းစွာ သိရှိထားပြီးမှန်ကန်စွာ ဖော်ထုတ်အသုံးပြုနိုင်ပါသည်။

သူ့အတွက် အဓိက လိုအပ်နေသည်မှာ သိုင်းကွက်နှင့် စိတ်ဆန္ဒကို တစ်သားတည်းဖြစ်အောင် မပြုလုပ်နိုင်သေးခြင်း ဖြစ်သည်။

ကြယ်တံခွန်ဂေဟာ၌ နေထိုင်ရင်း လေ့ကျင့်လိုက်သောအခါ ခံပြင်းနာကျည်းစိတ်များနှင့်အတူ နေဝန်းဂေဟာ၏ ဂုဏ်သိက္ခာကို ဆည်ရမည်ဟု သန္နိဋ္ဌာန်ချကာ ကြိုးစားလိုက်လေသောအခါ...

♣ ♣ ♣



ကြယ်တံခွန်ဂေဟာ၏ ဝဲဘက်တွင် ပန်းဥယျာဉ်တစ်ခု ရှိနေ၏။

ပန်းဥယျာဉ်အတွင်း၌ သိုင်းလေ့ကျင့်ရာ မြေကွက်လပ်တစ်ခုရှိလေသည်။

ယို့ချီသည် ထိုမြေကွက်လပ်တွင် သိုင်းလေ့ကျင့်လျက် ရှိနေ၏။

ကျင်းကျင်းက မလှမ်းမကမ်းမှ အကဲခတ်ကြည့်နေသည်။

ယို့ချီမှာ နောက်ဆုံးသိုင်းကွက်အား ထုတ်ဖော်ရန်အတွက် ရှေ့မှ နေစကြာလက်ဝါးသိုင်းကွက်များကို ထုတ်ဖော်လိုက်သည်။

သူ၏သိုင်းကွက် အပြောင်းအလဲများမှာ လျင်မြန်လွန်းလှပြီး တဖြည်းဖြည်း နှေးကွေးလေးလံလာသည်။

ယို့ချီက ခန္ဓာကိုယ် တစ်ပတ်လှည့်ကာ လက်ဝါးတစ်ဘက်ကို ရှေ့သို့ တွန်းထုတ်လိုက်သည်။

သူနှင့် အတန်ငယ် ကွာဝေးသော သစ်ပင်ဆီသို့ ဦးတည်ကာ လက်ဝါးရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။

"ဖုတ်"

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ကျင်းကျင်း ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် သစ်ပင်ကြီးမှာ ဆတ်ခနဲ တုန်ခါသွားလေသည်။

သစ်ခေါက်များ ဖွားခနဲ ဖွားခနဲ ကွာကျသွားသည်။

သစ်ပင်၏ပင်စည်တွင် နက်ရှိုင်းသော လက်ဝါးရာကြီးတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ကျင်းကျင်း လွှတ်ခနဲ အော်လိုက်မိသည်။ ထိုစဉ်မှာပင်...

"ဟေး... အောင်ပြီကွ"

ယို့ချီ၏ ဝမ်းသာအားရ အော်ဟစ်သံ ထွက်ပေါ်လာသည့်ကို ကြားလိုက်ရလေသည်။

♣ ♣ ♣

ယို့ချီ ဝမ်းသာအားရ ဖြစ်နေပါသည်။

သူသည် **နေစကြာ**လက်ဝါးသိုင်း၏ နောက်ဆုံးသိုင်းကွက်ကို လေ့ကျင့် **အောင်မြင်သွားခဲ့ပြီ** ဖြစ်ပါသည်။

ကျင်း**ကျင်းသည်** ယို့ချီအနီးသို့ ခပ်သွက်သွက် လှမ်းသွားမိလိုက်လေသည်။

ယို့ချီက သူမ၏လက်ကလေးကို ဆုပ်ကိုင်ကာ...

"ညီမ... ကျုပ် နေစကြာလက်ဝါးသိုင်းကို လေ့ကျင့်အောင်မြင်ခဲ့ပြီ၊ ပန်းနီကျေးရွာကို လိုက်သွားလို့ရပြီ"

ကျင်းကျင်းသည် ယို့ချီကို ကြည့်ကာ ဝမ်းသာသွားသည်။

"ဒါဆို အစ်ကိုက ရန်သူကို ကောင်းကောင်း ရင်ဆိုင်နိုင်ပြီပေါ့"

"ဟုတ်တယ်၊ ကျုပ်က နေစကြာလက်ဝါးသိုင်းပညာကို ဆုံးခန်းတိုင်အောင် လေ့ကျင့်အောင်မြင်ခဲ့ပြီမို့ ရန်သူကို မှုစရာ မလိုတော့ပါဘူး"



ကျင်းကျင်း၏မျက်နှာ ပြုံးရွှင်သွားသည်။

"ဘာဘ ကွမ်းကြိုးမင်တို့ သွားတာကြာပြီ၊ ကျွန်မတို့ လိုက်သွားကြရအောင်"

သူမက တက်ကြွစွာဖြင့် ပြောလာ၏။

ယို့ချီလည်း သဘောတူလိုက်သည်။

သူတို့သည် ပန်းနီကျေးရွာသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

♣ ♣ ♣

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ **ထွက်ပေါ်နေသည်။**

ပန်းနီကျေးရွာသို့ ဦးတည်နေ**သည့် လမ်းအတိုင်း မြင်းစီး**သမားနှစ်ယောက် ဒုန်းစိုင်းနှင်နေကြလေသည်။

ထိုမြင်းစီးသမားနှစ်ယောက်ကား ယို့ချီနှင့် ကျင်းကျင်းတို့ဖြစ်ပါသည်။

ယို့ချီသည် ပန်းနီကျေးရွာ၌ သိုင်းရာဇာလေးဦး လုပ်ကြံခံခဲ့ရသည့်ကိစ္စ အတုမဲ့သိုင်းသခင် ဦးဆောင်သော အနက်ရောင်သိုင်းသမားများ ပြန်လည်ခေါင်းထောင်လာကြသည့် ကိစ္စများကို အဖြေဖော်ထုတ်ကာ ဖြေရှင်းနိုင်လိမ့်မည်ဟု ယို့ချီ ယုံကြည်ထားလေသည်။

ယို့ချီသည် ထိုယုံကြည်ချက်ဖြင့် ပန်းနီကျေးရွာသို့ ဦးတည်

ကာ မြင်းဒုန်းစိုင်းနှင်နေခြင်း ဖြစ်သည်။

ကျင်းကျင်းလည်း အဖြစ်အပျက်များကို ဝေဖန်သုံးသပ်ကာ ယို့ချီကဲ့သို့ပင် ယူဆထား၏။

သို့သော်...

မိန်းမသားပီပီ သူတို့၏ယူဆချက် မှန်ကန်ခြင်း မရှိခဲ့လျှင် မည်သို့ဆက်လုပ်ရမှန်း မသိနိုင်တော့မည်ကို စိုးရိမ်နေမိသည်။

ထို့ကြောင့် အဝ[illegible]ဉ်တွဲကာ မြင်းဒုန်းစိုင်းနှင်သွားရင်း ယို့ချီကို လှမ်းမေးလိုက်လေသည်။

"အစ်ကို အနက်ရောင်သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြိုးစားနေတဲ့ အတုမဲ့သိုင်းသခင်ဟာ သေဆုံးသွားကြတဲ့ သိုင်းရာဇာလေးယောက်ထဲမှာ ပါဝင်နေတဲ့ လူဆိုတာ သေချာပါတယ်နော်"

ယို့ချီက...

"သေချာတာပေါ့ ညီမရယ်၊ ပန်းနီကျေးရွာကို ရောက်တာနဲ့ အဖြစ်မှန်ကို ဖော်ထုတ်နိုင်မှာပဲ"

ကျင်းကျင်းလည်း ယခုမှ စိတ်ချလက်ချ ဖြစ်သွားတော့၏။

ထို့နောက်...

ပန်းနီကျေးရွာသို့ ဦးတည်ကာ ရှေ့ဆက်၍ မြင်းဒုန်းစိုင်းနှင်သွားကြလေတော့သည်။

♣ ♣ ♣



ပန်းနီကျေးရွာ...

ပန်းနီကျေးရွာသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ကျေးရွာတစ်ခု ဖြစ်သည်။

ကျေးရွာပိုင်ရှင်က ခွင့်မပြုလျှင် ပန်းနီကျေးရွာနှင့် ဆယ်မိုင်ပတ်လည်သို့ မည်သူမျှ ဝင်ခွင့်ရနိုင်ကြမည် မဟုတ်ပါချေ။

ယခု...

ယို့ချီနှင့် ကျင်းကျင်းတို့သည် ပန်းနီကျေးရွာသို့ ဦးတည်ကာ မြင်းဒုန်းစိုင်းနှင်နေကြပြီ ဖြစ်လေသည်။

နှစ်ယောက်သား စိတ်လောကြီးစွာဖြင့် မြင်းဒုန်းစိုင်းနှင်လာခဲ့ကြခြင်းကြောင့် ပန်းနီကျေးရွာနှင့် မလှမ်းမကမ်းသို့ပင် ရောက်ရှိလာကြတော့သည်။

သူတို့အား နှောင့်ယှက်တားဆီးမည့်သူတစ်ယောက်မှ မတွေ့ရပေ။

ပန်းနီကျေးရွာမှ သိုင်းသမားများ၏အရိပ်အရောင်ကိုလည်း မတွေ့ရပါ။

ပန်းနီကျေးရွာတွင် သိုင်းလောကအား နှောင့်ယှက်မည့် အနက်ရောင်သိုင်းသမားများ ရှိနေရကား ယခုကဲ့သို့ ဆယ်မိုင်ပတ်လည်အတွင်း ရောက်ရှိလာသည့်တိုင် မည်သူ့ကိုမှ မတွေ့ရခြင်းက အံ့သြစရာကောင်းနေပါတော့သည်။

ယို့ချီနှင့် ကျင်းကျင်းတို့ အချင်းချင်း ကြည့်လိုက်မိကြလေသည်။

"အစ်ကို ထူးခြားတယ်လို့ မထင်ဘူးလား"

"ဘာဖြစ်လို့လဲ"

"ကျွန်မ စိတ်ထဲမှာတော့ တခုခု ဖြစ်နေပြီလို့ ထင်မိတာပါပဲ"

"ဆယ်မိုင်ပတ်လည်အတွင်း လူရိပ်လူရောင် မတွေ့ရလို့ ညီမ ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ပန်းနီကျေးရွာမှာ ပြဿနာ ဖြစ်ပေါ်နေလို့ မတွေ့ရတာပေါ့ ညီမရယ်"

"အစ်ကိုက..."

"အစ်ကို နားလည်မိတာကတော့ အတုမဲ့သိုင်းသခင်ဟာ အဖြူအနက်သိုင်းသမားတွေကို ရက်စက်တဲ့ နည်းလမ်းတွေနဲ့ စည်းရုံးသိမ်းသွင်းထားတာပဲ ဖြစ်မယ်၊ သူ့ကို ကြောက်ရလို့ သူ ခိုင်းတာ လုပ်ကြရပေမယ့် နောက်ဆုံး မခံနိုင်တော့ဘဲ အံတုတွန်းလှန်ဖို့ ကြိုးစားကြတာပဲ ဖြစ်လိမ့်မယ်"

"ပန်းနီကျေးရွာပိုင်ရှင်ဟာ အတုမဲ့သိုင်းသခင်ကို အံတုမယ်လို့ အစ်ကို ထင်နေတာလား"

"အစ်ကို ယုံကြည်နေတာကို ပွင့်ပွင့်လင်းလင်း ပြောရရင် ပျက်စီးသွားခဲ့တဲ့ သိုင်းရာဇာလေးဖော်မှာ တစ်ယောက်က အသက်ရှင်လျက် ကျန်ရစ်ခဲ့လိမ့်မယ်၊ သူဟာ ပန်းနီကျေးရွာမှာ ဇာတ်မြုပ်နေပြီး နောက်ပိုင်းကျတော့ ပန်းနီကျေးရွာပိုင်ရှင်နဲ့ အနက်ရောင်သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်ခဲ့တာပဲ၊ သူ့ရဲ့ အကြံအောင်မြင်လုနီးနီး ဖြစ်ခဲ့ပေမယ့် ခုချိန်မှာတော့ သူ့ရဲ့ ရက်စက်မှုကို ဘယ်သူမှ ခေါင်းငုံ့မခံချင်ကြတော့ဘူးဆိုတာ ထင်ရှားနေပါတယ်"



"ဒါဖြင့် အတုမဲ့သိုင်းသခင်ဆိုတာ..."

သူမလည်း ရိပ်မိနေသည့်တိုင် ယို့ချီထံမှ ရှင်းရှင်းလင်းလင်း သိလိုနေသေး၏။

ယို့ချီက...

"သူဟာ..."

သူ စကားဆုံးအောင် မပြောလိုက်ရပါချေ။

အဝေး၌ ကောင်းကင်ပေါ် တလိပ်လိပ် တက်လာသည့် မီးခိုးလုံးများအား တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ယို့ချီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ပန်းနီကျေးရွာမှာ ပြဿနာ ဖြစ်နေပြီ၊ ညီမ မြန်မြန်လာ"

ကျင်းကျင်းကို ခေါ်ကာ မြင်းဒုန်းစိုင်းနှင်သွားသည်။

ကျင်းကျင်းလည်း ယို့ချီနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

♣ ♣ ♣

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေလေသည်။

ယို့ချီနှင့် ကျင်းကျင်းတို့သည် မြင်းဒုန်းစိုင်းနှင်ရင်း ပန်းနီကျေးရွာနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာခဲ့ကြလေသည်။

မီးခိုးလုံးများသည် ပန်းနီကျေးရွာမှ ထွက်ပေါ်နေခြင်း ဖြစ်

ပါသည်။ အိမ်များ မီးလောင်နေသည်။

ရွာသူရွာသားများ အော်ဟစ်ပြေးလွှားနေ၏။

မြေပေါ်တွင် အလောင်းများ ပြန့်ကျဲနေသည်။

ပြင်းထန်သော တိုက်ပွဲတခု ဖြစ်ပွားခဲ့ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

တိုက်ပွဲ ဖြစ်ပွားခဲ့သည်မှာလည်း အချိန်မကြာသေးကြောင်း ယို့ချိုတို့ အကဲခတ်မိကြ၏။

သူတို့ ရောက်ရှိသွားချိန်၌မူ တိုက်ခိုက်နေကြသူများကို မတွေ့ရချေ။

ယို့ချိုတို့ မြင်းကို ရပ်တန့်ကာ ဟိုဟိုသည်သည် ကြည့်လိုက်ကြလေသည်။

ထိုစဉ် ရွာသားတစ်ယောက်သည် ပြေးရင်းလွှားရင်း ယို့ချိုတို့ အနီးသို့ ရောက်ရှိလာလေသည်။

ယို့ချို လှမ်းမေးလိုက်သည်။

"ဘယ်လို ဖြစ်ရတာလဲဗျာ"

ရွာသားမှာ အထိတ်တလန့် ဖြစ်နေပါသည်။

"အတုမဲ့သိုင်းသမားက ကျုပ်တို့ ကျေးရွာကို တိုက်ခိုက်သွားတာဗျ"

ယို့ချိုက...

"ပန်းနီကျေးရွာပိုင်ရှင်နဲ့ အတုမဲ့သိုင်းသခင်ဟာ မိတ်ဆွေတွေပဲ မဟုတ်လား၊ ဘာကြောင့် သည်လို တိုက်ခိုက်ရတာလဲ"

"အို... သူ့စကားကို ကောင်းကောင်း နားမထောင်ဘူး၊ သူခိုင်းတာကို ကောင်းကောင်း မလုပ်ဘူး၊ သူ့ကို သစ္စာမခံဘူးဆိုပြီး



အပြစ်ရှာ တိုက်ခိုက်သွားတာပဲ"

"ပန်းနီကျေးရွာက လူတွေ..."

"ကျုပ်တို့က ရှိသမျှ အင်အားနဲ့ ခုခံပါတယ်၊ ဒါပေမယ့် ဘယ်လိုမှ မယှဉ်နိုင်ဘဲ အရှုံးပေးလိုက်ရတာဗျ"

ယို့ချို စိတ်လှုပ်ရှားသွား၏။

ကျင်းကျင်းကို ပြောလိုက်၏။

"ညီမ သူတို့ထွက်သွားတာ မကြာသေးဘူး၊ ကျုပ်တို့လိုက်သွားမှဖြစ်မယ်"

ကျင်းကျင်း သဘောတူလေသည်။

"ဟုတ်ကဲ့ အစ်ကို"

ယို့ချိုက ရွာသားကို မေးလိုက်သည်။

"သူတို့ ရွာပိုင်ရှင်ကို ဘယ်နေရာ ဖမ်းခေါ်သွားကြတာလဲဗျ"

ရွာသားက...

"တောင်ဘက်ကို ထွက်သွားကြတာ မကြာသေးဘူး"

"ကောင်းပြီ"

ယို့ချိုသည် မြင်းကို တောင်ဘက်အရပ်သို့ ဦးတည်လိုက်၏။

ကျင်းကျင်းလည်း လိုက်ပါသွားလေတော့သည်။

♣ ♣ ♣

တောင်ဘက်အရပ်၌ တောအုပ်များ တောင်ကုန်းတောင်ပူစာလေးများ နေရာယူထားလေသည်။

ယို့ချီနှင့် ကျင်းကျင်းတို့ ရွာထဲမှ ထွက်လာခဲ့ကြပြီ ဖြစ်ပါ၏။

နှစ်ယောက်သား ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ရင်း တောင်ဘက်သို့ ဦးတည်ခရီးနှင်လာခဲ့ကြလေသည်။

မကြာပါချေ။

တောအုပ်တခုရှေ့၌ အတုန်းအရုန်း လဲကျနေသော အနက်ရောင်ဝတ်ဆင်ထားကြသူများအား တွေ့လိုက်ရ၏။

အတုမဲ့သိုင်းသခင်၏လူများ ဖြစ်လေသည်။

"သူတို့ သည်အနီးတဝိုက်မှာပဲ ရှိလိမ့်မယ်"

"ဟုတ်တယ် အစ်ကို"

နှစ်ယောက်သား မြင်းရပ်တန့်ပြီး ခုန်ဆင်းလိုက်ကြ၏။

ထို့နောက် တောအုပ်ရှေ့သို့ သတိကြီးစွာထားကာ လှမ်းသွားလိုက်ကြလေသည်။

ဤနေရာ၌လည်း တိုက်ပွဲတခု ဖြစ်ပေါ်ခဲ့ရကြောင်း ထင်ရှားနေပါသည်။

အတုမဲ့သိုင်းသခင်၏နောက်လိုက် အနက်ရောင်ဝတ်ဆင်ထားကြသူများ အထိနာသွားခဲ့ကြပုံ ရှိသည်။

သူတို့အား မည်သူက တိုက်ခိုက်ခဲ့ပါသနည်း။

မကြာမီ...

သစ်ပင်တစ်ပင်အောက်၌ လဲကျနေသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူကို ယို့ချီတို့ ကောင်းစွာ သိရှိထားပါတော့သည်။



သံပေသီးရှမ်းစု ဖြစ်သည်။

ယို့ချီ ထိတ်လန့်သွားလေသည်။

"ဘဘ..."

ကပျာကယာ ပြေးသွားပြီး ဖေးမလိုက်သည်။

ရှမ်းစုကား သူ၏ခေါ်သံကို ကြားနိုင်တော့မည် မဟုတ်ပါချေ။

ပြင်းထန်စွာ တိုက်ခိုက်ခံခဲ့ရသဖြင့် သေဆုံးနေပြီ မဟုတ်ပါလား။

ရှမ်းစု အဖြစ်ဆိုး ကြုံရသည်ကို မြင်လျှင် ယို့ချီ ဝမ်းနည်းသွားလေတော့သည်။

"ဖြစ်ရလေ ဘဘရယ်"

ရှမ်းစုမှာ အနက်ရောင်ဝတ်ဆင်ထားသူများနှင့် ယှဉ်ပြိုင်ရလျှင် အမှုထားမည် မထင်ပါ။

အလွန်ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက်နှင့် ရင်ဆိုင်ခဲ့ရကြောင်း ထင်ရှားနေသည် မဟုတ်လား။

ရှမ်းစု၏ကိုယ်ပေါ်တွင် သွေးများ ပေကျံနေခြင်း မရှိပါ။

နှုတ်ခမ်းထောင့်မှသာ သွေးအနည်းငယ် စီးကျနေ၏။

ယို့ချီက ချက်ခြင်းပင် ရှမ်းစု၏အင်္ကျီဘတ်ကို ဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ...

ရှမ်းစု၏ရင်ဝ၌ လက်ဝါးရာတခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလက်ဝါးသည် အင်္ဂါမစုံသော လက်ဝါးရာတခု ဖြစ်နေ၏။

"အတုမဲ့သိုင်းသခင်ရဲ့ လျက်ချက်ပဲ"

ယို့ချီ မကျေမနပ် ရေရွတ်လိုက်လေသည်။

ရှမ်းစု သေဆုံးသွားသည်မှာ မကြာသေးပါ။

ရင်ဝမှ လက်ဝါးရာကလည်း အတုမဲ့သိုင်းသခင်၏လက်ချက်ဖြစ်ကြောင်း ဖော်ပြနေသည်။

ယို့ချီ အံတင်းတင်း ကြိတ်လိုက်၏။

"အတုမဲ့သိုင်းသခင်ဟာ သည်အနီးတဝိုက်မှာ ရှိနေဦးမှာပဲ"

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် အစ်ကို၊ သူတို့ ဝေးဝေးမရောက်နိုင်သေးဘူး"

"ကျုပ်တို့ လိုက်သွားကြမယ်၊ အတုမဲ့သိုင်းသခင်နဲ့ ရင်ဆိုင်စာရင်းရှင်းရမှာပဲ"

ယို့ချီ ဒေါသချောင်းချောင်း ထွက်နေသဖြင့် ကျင်းကျင်းစိတ်ပူသွားလေသည်။

"အစ်ကို၊ ကျွန်မတို့ သတိတော့ထားမှ ဖြစ်မယ်"

"စိတ်ချပါ ညီမရယ်"

နှစ်ယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ထိုစဉ်...

"အား"

တောအုပ်ထဲမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♣ ♣ ♣



## ရက်စက်တဲ့လူ

စိမ်းလန်းစိုပြည်နေသော တောအုပ်ထဲ၌ အလေ့ကျပေါက်နေသော တောပန်းပင်များဖြင့် သာယာလှပနေ၏။

သစ်ပင်များကြားတွင် ညီညာပြန့်ပြူးသော မြက်ခင်းပြင်တစ်ခုရှိလေသည်။

ယခု...

မြက်ခင်းပြင်ပေါ်၌ လူနှစ်ယောက် မလှုပ်မယှက် ထိုင်နေကြလေသည်။

သမားတော်ကျန်းနှင့် ကြယ်တံခွန်နီခွမ်းတို့ ဖြစ်ပါသည်။

သူတို့နှစ်ယောက်အား လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် အနက်ရောင်ဝတ်ဆင်ထားသူများက ဝိုင်းရံထားကြလေ၏။

အတုမဲ့သိုင်းသခင်၏လူများ ဖြစ်သည်။

အတုမဲ့သိုင်းသခင်ကိုယ်တိုင်လည်း မလှမ်းမကမ်း၌ ရှိနေသည်။

လက်ပိုက်ကာ အေးအေးဆေးဆေး ရပ်နေခြင်း ဖြစ်သည်။

သမားတော်ကျန်းနှင့် ကြယ်တံခွန်နီခွမ်းတို့နှစ်ယောက် သူ၏လက်ထဲမှ ရုန်းမထွက်နိုင်တော့သည်ကို သဘောကျနေပုံရလေ၏။

အတုမဲ့သိုင်းသခင်အနီးတွင် လူငါးယောက် ရှိနေကြပါ၏။

ပန်းနီကျေးရွာပိုင်ရှင် ကိုကျင်းတုံ

မရဏဘွားဘွား

သံလက်ဝါး ကျောက်ရီ

နန်းယုစိမ်းနှင့် ချင်းစုလင်းတို့ ဖြစ်ကြလေသည်။

အတုမဲ့သိုင်းသမားအတွက် အကျိုးဆောင်ပေးနေကြသူများ စုရုံးလျက် ရှိနေခြင်း ဖြစ်သည်။

သမားတော်ကျန်းနှင့် ကြယ်တံခွန်နီခွမ်းတို့ အခြေအနေမကောင်းတော့မှန်း ထင်ရှားနေသည်။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင်က ဟားတိုက်ရယ်မောလိုက်လေသည်။

တဖန်...

"ခင်ဗျားတို့နှစ်ယောက်ဟာ သိုင်းလောကမှာ သူရဲကောင်းကြီးတွေလို့ ထင်ရှားခဲ့ကြပေမယ့် နောက်ဆုံးတော့လည်း ကျုပ်ရဲ့ခြေဖဝါးအောက် ရောက်လာခဲ့ရတာပဲ မဟုတ်လားဗျ"

ဟု ပြောလိုက်၏။

သူ၏ဝင့်ကြွားမောက်မာသော လေသံက ခံပြင်းစရာ



ကောင်းလှပါတော့သည်။

ကြယ်တံခွန်နီခွမ်း ဒေါသထွက်သွားလေသည်။

"ခင်ဗျားသာ အောက်လမ်းနည်းနဲ့ အဆိပ်ကို မသုံးဘူးဆိုရင် ကျုပ်တို့ အရေးနိမ့်စရာအကြောင်း မရှိဘူး၊ ကျုပ်တို့ကို လွယ်လွယ်နဲ့ အနိုင်မရနိုင်မှန်းသိလို့ အရှက်မရှိဘဲ အကောက်ကြံခဲ့တာမဟုတ်လား၊ သည်လိုနည်းလမ်းမျိုးနဲ့ ကျုပ်တို့ကို အသာရလိုက်တာ ဂုဏ်မယူချင်စမ်းပါနဲ့ဗျာ"

သမားတော်ကျန်းက...

"ဟုတ်တယ် ရှက်စရာကို ဂုဏ်ယူစရာ မှတ်နေတာပဲ"

သူတို့နှစ်ယောက်၏စကားကြောင့် အတုမဲ့သိုင်းသခင် အောင့်သက်သက် ဖြစ်သွားလေသည်။

"ခင်ဗျားတို့ သေချင်ကြပြီ ထင်တယ်"

နီခွမ်း ရင်ကော့လိုက်သည်။

"သတ်ပစ်လိုက်စမ်းပါဗျာ၊ ကျုပ် မျက်တောင်တစ်ချက် မခတ်ဘူး"

သမားတော်ကျန်းက...

"ဟုတ်တယ် ကျုပ်တို့ မကြောက်ပါဘူး"

အတုမဲ့သိုင်းသခင် ဒေါပွသွားသည်။

"စိတ်ချ ကျုပ်ရဲ့ လက်အောက်ကို မဝင်ဘူးဆိုရင်တော့ ခင်ဗျားတို့နှစ်ယောက် သေရမှာပဲ"

"အပိုတွေ ပြောမနေနဲ့၊ ကျုပ်တို့ကို သတ်ပစ်လိုက်စမ်းပါ၊ သေရမှာ မကြောက်သေးဘူးဗျ"

"ဩော်"

အတုမဲ့သိုင်းသခင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကောင်းပြီ ခင်ဗျားတို့ သေချင်နေကြပြီဆိုရင်လည်း ခင်ဗျားတို့ဆန္ဒ ပြည့်ဝစေရမှာပေါ့ဗျာ"

သမားတော်ကျန်းတို့အား သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

ပန်းနီကျေးရွာပိုင်ရှင် ကိုချင်းထုံဘက်သို့ လှည့်လိုက်သည်။

"ကိုချင်းထုံ သူတို့ကို ဆုံးမလိုက်ပါ"

ကိုချင်းထုံ ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ထို့နောက် ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

"ခြွမ်း"

ကိုချင်းထုံ၏လက်ထဲ ဓားတစ်လက် ရောက်ရှိလာ၏။

ဓားရောင် တဖိတ်ဖိတ် ဝင်းလက်နေ၏.

ကိုချင်းထုံသည် အတုမဲ့သိုင်းသခင်၏အမိန့်ဖြင့် သမားတော်ကျန်းတို့အား သုတ်သင်ရှင်းလင်းပစ်တော့မည် ဖြစ်ပါသည်။

အတုမဲ့သိုင်းသခင် အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်လေသည်။

ကိုချင်းထုံက ဓားကိုတချက်ဝှေ့ယမ်းလိုက်၏။

"သေပေတော့"

ဟုလည်း အော်ငေါက်ကာ တိုက်ခိုက်လိုက်လေသည်။

သူ၏လက်ချက်ကြောင့် သမားတော်ကျန်းတို့ သေဆုံးသွားရမည် ထင်ရ၏။

သို့သော်...¡



သမားတော်ကျန်းတို့ မလှုပ်မယှက် ရပ်နေကြဆဲ...

ကိုချင်းထုံက သူတို့အား တိုက်ခိုက်ခြင်း မပြုဘဲ အတုမဲ့သိုင်းသခင်အား အဘယ်ကြောင့် ပြန်လည်တိုက်ခိုက်လိုက်ရပါသနည်း။

အကြောင်း ရှိပေသည်။

♣ ♣ ♣

ကြယ်မစုံသော လမိုက်ညတစ်ည ဖြစ်ပါသည်။

ပန်းနီကျေးရွာ၏မြောက်ဘက် ငါးမိုင်ခန့်အကွာရှိ တောင်ကုန်းလေးတခုပေါ်၌ မီးရောင်လင်းလက် ထွက်ပေါ်နေသော အိမ်ကလေးတစ်လုံး ရှိနေ၏။

ထိုအိမ်ကလေးမှာ ယခင်က ပန်းနီကျေးရွာပိုင်ရှင် ကိုချင်းထုံ အမဲလိုက်ထွက်လျှင် အနားယူ အပန်းဖြေလေ့ရှိသော အိမ်ကလေး ဖြစ်လေသည်။

ယနေ့ည...

အပန်းဖြေသည့် အိမ်ကလေးအတွင်း၌ ကိုချင်းထုံ ရောက်ရှိနေ၏။

ညဦးနက်သန်းကောင် အမဲလိုက် ထွက်လာခြင်းတော့ မဟုတ်ပါချေ။

လှို့ဝှက်သော ပုဂ္ဂိုလ်တခု ရှိနေခြင်းကြောင့် တိတ်တဆိတ်

ရောက်ရှိလာခြင်းသာ ဖြစ်ပါသည်။

ပန်းနီကျေးရွာပိုင်ရှင်သည် အိမ်ကလေးထဲ၌ စားပွဲတလုံး၌ တစ်ယောက်ထဲ ငြိမ်သက်စွာ ထိုင်ရင်း ဖွင့်ထားသော အိမ်တံခါးပေါက်ဆီသို့ မမိုတ်မသုန် ကြည့်နေ၏။

သူ၏မျက်လုံးအစုံ၌ မျှော်လင့်ချက်၏ အရိပ်အရောင်များ ရှိနေသည်။

သူ၏မျက်နှာပေါ်၌ကား စိုးရိမ်ပူပန်သည့်အသွင် အထင်းသား ရှိနေ၏။

ကိုချင်းထုံ ဘာကို မျှော်လင့်နေပါသနည်း။

ဘာကို စိုးရိမ်ပူပန်နေပါသနည်း။

ရုတ်တရက်...

"ဟူး... ဟူး... ဟူး"

လေတိုးသံများ ထွက်ပေါ်လာလေသည်။

လူတစ်ယောက် ရောက်ရှိလာပြီဖြစ်ကြောင်း ထင်ရှားနေ၏။

ထိုလူ၏ကိုယ်ဖော့ပညာ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း ထင်ရှားလေသည်။

အဝတ်အစား လေတိုးသံ ကြားလိုက်ရပြီး တခဏအကြာမှ ပင် အိမ်ရှေ့သို့ ရောက်ရှိလာသည် မဟုတ်ပါလား။

ကိုချင်းထုံ၏မျက်လုံးများ တချက်ဝင်းလက်သွား၏။

လူတစ်ယောက် ရောက်ရှိလာမှန်း သိသော်လည်း ထိုင်ရာမှ မထချေ။

တံခါးပေါက်ဆီသို့သာ မမိုတ်မသုန် စိုက်ကြည့်နေ၏။

ညင်သာပေ့ါပါးသော ခြေသံများ ဒ့က်ပေါ်လာ၏။



လူတစ်ယောက်သည် တံခါးပေါက်ကို ဖြတ်ကျော်ကာ အိမ်ထဲ လှမ်းဝင်လာလေသည်။

ထိုလူမှာ သံလက်ဝါး ကျောက်ရီ ဖြစ်လေသည်။

ကျောက်ရီက ကိုချင်းထုံကို နှုတ်ဆက်လိုက်၏။

"ခင်ဗျား ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူးဗျာ"

"ခင်ဗျားက သည်ည ပန်းနီကျေးရွာက ဘယ်သူမှ မသိအောင် တိတ်တဆိတ် ထွက်လာခဲ့ဖို့ ပြောခဲ့တာ ဘာကြောင့်လဲဗျ။ သည်လို ပြောခဲ့တာကြောင့် ကျုပ် သိချင်လို့လာခဲ့တာပဲ"

"ခင်ဗျား သိရမှာပါ၊ ဒါပေမယ့် ခဏစောင့်ပါဦး"

"ဘာဖြစ်လို့လဲ"

"အချိန်မကျသေးလို့ပါဗျာ"

ကိုကျင်းထုံ၏စကားကြောင့် ကျောက်ရီ မျက်မှောင်ကုပ်သွားလေသည်။

ကိုကျင်းထုံအား အကဲခတ်လိုက်၏။

အိမ်တံခါး ဖွင့်ထားမြဲ...

ကိုကျင်းထုံက တံခါးပေါက်ဆီသို့ ကွက်ကြည့်ကွက်ကြည့် လုပ်နေ၏။

ကျောက်ရီက...

"ခင်ဗျား ချိန်းထားတာ ကျုပ်တစ်ယောက်ထဲ မဟုတ်ဘူး ထင်တယ်"

ဟု မေးလိုက်ပြန်သည်။

ကိုချင်းထုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ဘယ်သူတွေ လာကြဦးမှာလဲ"

"သူတို့ ရောက်လာရင် ခင်ဗျား သိရမှာပါ၊ ကဲ… အရက် သောက်လိုက်ပါဦး"

ကိုချင်းထုံ အရက်တစ်ခွက် ငှဲ့ပေးလျှင် ကျော်ကိုရီလည်း ထပ်မမေးတော့ဘဲ အရက်ခွက်ကို ယူကာ သောက်လိုက်လေသည်။

ထို့နောက်…

ကိုချင်းထုံကို အကဲခတ်ရင်း အလိုက်တသိ ငြိမ်နေလိုက်၏။

နှစ်ယောက်သား စကားမပြောကြသဖြင့် အိမ်ကလေးထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သို့သော်…

တခဏအကြာတွင် လှုပ်ရှားသံများ ပြန်လည်ထွက်ပေါ်လာလေတော့သည်။

♣ ♣ ♣

"ကျုပ် ရောက်လာပြီဗျို့"

စကားသံတချက် ထွက်ပေါ်လာ၏။

နန်းယုစိမ်းက အိမ်ကလေးထဲ လှမ်းဝင်လာလေသည်။

ကိုချင်းထုံက…



"သည်ဘက်ကို ကြွပါဗျာ"

ဝမ်းသာသော လေသံဖြင့် ဖိတ်ခေါ်လိုက်၏။

ကျော်ရီက…

"နန်းယုစိမ်းကိုလည်း ချိန်းထားတာကိုး"

ကိုချင်းထုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

နန်းယုစိမ်းသည် စားပွဲ၌ ဝင်ထိုင်ကာ ဘာမပြောညာမပြော အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။ ပြီးမှ…

"ကဲ… ခင်ဗျား ဘာပြောချင်လို့လဲ ပြောပါ"

ဟု ကိုချင်းထုံအား မေးလေသည်။

ကိုချင်းထုံ ပြုံးလိုက်သည်။

"အေးအေးဆေးဆေးပေါ့ဗျာ"

နန်းယုစိမ်းက…

"အေးအေးဆေးဆေးဆိုရင် **ပန်းနီကျေးရွာမှာ** ပြောလို့လဲ ဖြစ်တာပဲ မဟုတ်လားဗျ"

ကိုချင်းထုံနှင့်အတူ ယှဉ်တွဲထိုင်**နေသည့်** ကျော်ရီကို တချက်ကြည့်ပြီးမှ ဆက်ပြောသည်။

"လူ မသိစေချင်တဲ့ ကိစ္စတခုရှိလို့သာ သည်နေရာကို အချိန်မတော် လာခဲ့ဖို့ ခင်ဗျား ချိန်းလိုက်တာ မဟုတ်လား၊ ဘယ်လိုကိစ္စလဲဆိုတာ မြန်မြန်ပြောမှဖြစ်မယ် ကျုပ်သိချင်နေပြီဗျ"

ကိုချင်းထုံမှာ နန်းယုစိမ်း ရောက်လာသဖြင့် စိတ်ထဲ၌ တစထက်တစ ပေါ့ပါးသွားပုံရလေသည်။

မျက်နှာလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေသည်။

"ပြောပါ့မယ်ဗျာ၊ ခဏတော့ သည်းခံပါဦး၊ အချိန်မကျသေးလို့ပါ"

"ဩော်"

နန်းယုစိမ်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လိုပဲ နောက်ထပ် ချိန်းထားတဲ့လူ ရှိနေသေးလို့ မဟုတ်လားဗျာ"

"ဒါအမှန်ပါပဲ"

"ဒါဖြင့် ဘယ်သူလဲဗျ"

ကိုချင်းထုံ တောင်းပန်လိုက်သည်။

"သူ ရောက်လာမယ် ရောက်မလာဘူးဆိုတာ မသေချာသေးတော့ ပြောဆိုဖို့ဆိုတာ..."

သူ၏စကားမဆုံးမီ နန်းယုစိမ်းက ကြားဖြတ်ပြောလိုက်၏။

"ခင်ဗျား မပြောလည်း အဲသည်လူဟာ ချင်းစုလင်းဆိုတာ ကျုပ် သိပါတယ်ဗျာ"

ကိုချင်းထုံ မတတ်သာဘဲ ဝန်ခံလိုက်ရလေသည်။

"မှန်ပါတယ်ဗျာ"

နန်းယုစိမ်းက...

"ဒါဆိုရင်တော့ ခင်ဗျား စိတ်ပူနေစရာ မလိုပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"သူ ကျိန်းသေ ရောက်လာလိမ့်မယ်ဆိုတာ ကျုပ် ပြောရဲလို့ပါ"

ကိုချင်းထုံ သဘောကျသွား၏။

ထိုအချိန်မှာပင်...



"ဗေဒင်ဟောစားဖို့တောင် ကောင်းသေးတယ်"

စကားသံနှင့်အတူ ချင်းစုလင်းက အိမ်ကလေးထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

ယခု...

အိမ်ကလေးထဲ၌ ကိုချင်းထုံတစ်ယောက်ထဲ မဟုတ်တော့ပါ။

ကျောက်ရီ၊ နန်းယုစိမ်းနှင့် ချင်းစုလင်းတို့ ရောက်လာကြပြီဖြစ်သည်။

တိတ်ဆိတ်ခြင်း မင်းမူနေသော အိမ်ကလေးသည် စည်စည်ကားကား ဖြစ်လာလေသည်။

ကိုချင်းထုံ၏မျက်နှာ ပြုံးရွှင်နေ၏။

ကျောက်ရီတို့အတွက် အရက်များ ငှဲ့ပေးရင်း အသင့်ရှိနေသော စားသောက်ဖွယ်ရာများဖြင့် ဧည့်ဝတ်ပြုနေ၏။

"ကဲ... မိတ်ဆွေတို့ စားသောက်လိုက်ကြပါဦးဗျာ"

ကျောက်ရီ တဟားဟား ရယ်မောလိုက်လေသည်။

"ကျုပ်တို့ တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးတဲ့ လူတွေ ကျနေတာပဲ၊ ခုမှ ခင်ဗျားဆီကို ရောက်လာကြတဲ့ ဧည့်သည်တွေလည်း မဟုတ်ပါဘူး"

နန်းယုစိမ်းက...

"ဟုတ်တယ် ကျုပ်တို့ကို ထွေထွေထူးထူး ဧည့်ခံစရာ မလိုပါဘူးဗျာ"

ဟု ဝင်ပြောလေသည်။

ကိုချင်းထုံ၏လုပ်ရပ်က အံ့သြစရာကောင်းနေသည်မှာ အမှန်ပင် ဖြစ်လေသည်။

သူတို့အားလုံး ပန်းနီကျေးရွာ၌ တွေ့ဆုံနိုင်ကြပါသည်။

အတုမဲ့သိုင်းသခင်နှင့် ပတ်သက်ခဲ့ရပြီးနောက် သူတို့လည်း တဖွဲ့ထဲသားများ ဖြစ်သွားကြတာ ဘယ်အချိန်မဆို အေးအေးဆေးဆေး တွေ့ဆုံနိုင်ကြပြီ ဖြစ်သည်။

သို့ပါလျက်...

ကိုချင်းထုံက ယခုလို လျှို့ဝှက်စွာ တွေ့ဆုံရန် စီစဉ်ခဲ့သည်မှာ အဘယ်ကြောင့် ဖြစ်ပါသနည်း။

ကိုချင်းထုံ၌ ထူးခြားသော အကြောင်းကိစ္စတခုခု ရှိနေရပေမည်။

**ထိုကိစ္စသည်** မည်သို့သော ကိစ္စမျိုးဖြစ်ကြောင်း ကိုချင်းထုံ ထုတ်**ဖော်မ**ပြောသေးသော်လည်း ကျောက်ရီတို့ ရိပ်မိထားကြသကဲ့သို့ **ရှိနေပါတော့သည်။**

အားလုံး အရက်သောက်လိုက်ကြသည်။

စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ကာ တည်ငြိမ်စွာ နေလိုက်ကြလေသည်။

ကိုချင်းထုံ ပြောလာမည့် အချိန်ကိုသာ စောင့်ဆိုင်းနေလိုက်ကြသည်။



ဤသို့ဖြင့်...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

♣ ♣ ♣

ညက ပို၍ နက်ရှိုင်းလာလေသည်။

အေးမြမှု ပိုကဲလာသည်။

အိမ်တံခါး ဖွင့်ထားဆဲ...

သို့သော်...

ကျောက်ရီတို့ ရောက်လာကြသည်မှာ အတန်ကြာသွားပြီ ဖြစ်သော်လည်း နောက်ထပ် ရောက်လာသူ မရှိတော့ပါ။

"တုံ"

**ပန်း**နီကျေးရွာဘက်မှ အုန်းမောင်းခေါက်သံတချက် ညဥ့်ယံကို **ထိုးဖောက်**ကာ လွင့်မျောလာလေသည်။

**ကိုချင်းထုံ** သက်ပြင်းချလိုက်သည်။

ယခုအချိန်မှ သူ နောက်ထပ် မျှော်လင့်နေသူ ရောက်မလာတော့ဟု စိတ်ဒုံးဒုံးချလိုက်ပုံ ရှိသည်။

ကျောက်ရီတို့ဘက်သို့ လှည့်လိုက်သည်။

"မိတ်ဆွေတို့ကို စောင့်ခိုင်းထားမိတာ တမင် ဒုက္ခပေးသလို ဖြစ်နေပါပြီ"

ဟုလည်း တောင်းပန်စကား ဆိုလိုက်လေသည်။

ကျောက်ရီ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားက မရဏဘွားဘွာကို ဆက်ပြီး စောင့်ဆိုင်းချင်တယ်ဆိုရင်လည်း စောင့်ပါ၊ ကျုပ်တို့ ဘာမှ မပြောပါဘူး"

န   န်းယုစိမ်းနှင့် ချင်းစုလင်းတို့ ခေါင်းညိတ်ထောက်ခံလိုက်ကြလေသည်။

ကိုချင်ထုံး အံ့သြသွား၏။

"ကျုပ်က မရဏဘွားဘွားကို စောင့်နေတာ ခင်ဗျားတို့ ရိပ်မိနေကြတာကိုး"

နန်းယုစိမ်းက...

"သည်နေရာကို ချိန်းတယ်၊ ပြီးတော့ ရောက်လာကြသူတွေကလည်း အပြင်လူ မပါဘဲ ကျုပ်တို့ချည့်ပဲ ဖြစ်နေတယ်၊ ကျုပ်တို့ ရောက်လာတာတောင် ခင်ဗျားဆက်ပြီး စောင့်နေသေးတော့ ရောက်မလာသေးတဲ့လူဟာ မရဏဘွားဘွားက လွဲပြီး တခြား ဘယ်သူ ဖြစ်နိုင်ဦးမှာလဲဗျာ"

ကိုချင်းထုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် စောင့်နေတာ မရဏဘွားဘွားပါ၊ ဒါပေမယ့် ခုချိန်မှတော့ သူ မလာတော့ဘူး ထင်ပါတယ်"

ကျောက်ရီက...

"ခင်ဗျား ပြောစရာရှိတာ ပြောတော့မယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ချင်းစုလင်းက...

"အတုမဲ့သိုင်းသခင်နဲ့ ပတ်သက်နေတာလား"



ဟု ကြားဝင်မေးလာလေသည်။

ကိုချင်းထုံ သက်ပြင်းချမိပြန်သည်။

"ဒါကိုလည်း ခင်ဗျားတို့ ရိပ်မိနေကြတာကိုး"

နန်းယုစိမ်းက...

"သည်လိုမှ မဟုတ်ရင် လျှို့ဝှက်တွေ့ဆုံစရာမှ မလိုဘဲ၊ သူနဲ့ ပတ်သက်နေလို့သာ လျှို့ဝှက်လုပ်ကိုင် ဆောင်ရွက်နေတာ ဖြစ်ရမှာပေါ့"

ကိုချင်းထုံ၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ဟုတ်တယ် အတုမဲ့သိုင်းသခင်နဲ့ ပတ်သက်ပြီး တိုင်ပင်ချင်လို့ မိတ်ဆွေတို့ကို လျှို့ဝှက် ဖိတ်ခေါ်လိုက်ရတာပဲ၊ သူမသိအောင် တိုင်ပင်ဆွေးနွေးချင်လို့ပါ"

အတုမဲ့သိုင်းရာဇာ မသိအောင် ကိုချင်းထုံက မည်သည့် ကိစ္စကို ဆွေးနွေးလိုပါသနည်း။

ကျောက်ရီက...

"မိတ်ဆွေကို ကြည့်ရတာ အတုမဲ့သိုင်းသခင်ကို သဘောမကျတော့ဘူး ထင်ပါရဲ့"

သူ၏စကားသံ တီးတိုးညင်သာ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

သို့သော်...

အားလုံး၏နားထဲ၌ မိုးခြိမ်းသံအလား ကျယ်လောင်စွာ ထွက်ပေါ်လာသည်ဟု ထင်လိုက်မိကြလေသည်။

ကျောက်ရီကိုလည်း အထိတ်တလန့် ကြည့်လိုက်ကြသည်။

ကျောက်ရီက...

"အခြေအနေက သည်အတိုင်း ဖော်ပြနေတာပဲ မဟုတ်လားဗျာ"

တစ်ယောက်မှ ပြန်မပြောကြပါ။

ကျောက်ရှိကပင် ဆက်ပြောလိုက်လေသည်။

"ရှာပိုင်ရှင်ဟာ လျှို့ဝှက်ချိန်းလိုက်တယ်၊ အတုမဲ့သိုင်းသခင်နဲ့ ပတ်သက်ပြီး မကျေနပ်တာတွေကို ပြောချင်လို့ဆိုတာ ထင်ရှားတယ်၊ ကျုပ်တို့ ရိပ်မိကြပေမယ့် လာခဲ့ကြတယ်၊ ဒါကကော ဘာသဘောလဲ၊ ကျုပ်တို့လည်း အတုမဲ့သိုင်းသခင်ကို သဘောမကျတော့ဘူးဆိုတာ ထင်ရှားနေပြီပေါ့"

သူ၏စကားကို မည်သူမျှ မငြင်းနိုင်ကြချေ။

သူ၏စကားသည် ရှင်းရှင်းလင်းလင်းဖြင့် အကျိုးအကြောင်းခိုင်လုံနေသည် မဟုတ်ပါလား။

ကိုချင်းထုံက...

"ခင်ဗျား ပြောတာ မှန်ပါတယ်"

ဟု ဝန်ခံလိုက်သည်။

နန်းယုစိမ်းလည်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်လေ"

ချင်းစုလင်းက...

"ဒါ မှန်ကန်တဲ့ သုံးသပ်ချက်ပဲ"

သူတို့လည်း မငြင်းကြပေ။

ကျောက်ရှိ ရယ်မောလိုက်လေသည်။

"ဒါဆိုရင် ကျုပ်တို့ ဘာကြောင့် ပွင့်ပွင့်လင်းလင်း မပြောနိုင်ကြတာလဲဗျာ"



ဤတွင်...

အားလုံး၏စိတ်ထဲ၌ လွတ်လပ်ပေါ့ပါးသလို ဖြစ်သွားကြ၏။

အသက်ဝဝ ရှုနိုင်လာကြသည်။

ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြသည်။

ထို့နောက်...

ဗွင့်ပွင့်လင်းလင်းပင် ပြောဆိုလိုက်ကြလေတော့သည်။

♣ ♣ ♣

ကိုချင်းထုံက အားလုံးကို ဝေ့ကြည့်လိုက်သည်။

"ကျုပ် ခုလို လျှို့ဝှက်ချိန်းဆိုလိုက်ရတာ မိတ်ဆွေကျောက်ရှိ ပြောသလိုပါပဲ၊ အတုမဲ့သိုင်းသခင်ရဲ့အကြောင်းကို ဆွေးနွေးချင်လို့ပါပဲ"

ကျောက်ရှိ၊ နန်းယုစိမ်းနှင့် ချင်းစုလင်းတို့ စိတ်ဝင်စားစွာနားထောင်နေလိုက်ကြလေသည်။

ကိုချင်းထုံက...

"ကျုပ်ဟာ သူ့ကို စေတနာထားပြီး ပန်းနီကျေးရွာမှာလက်ခံထားခဲ့ပါတယ်၊ သူဟာ ကျုပ်ရဲ့ ပန်းနီကျေးရွာကို ခြေကုပ်ယူပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်ခဲ့တယ်"

အတုမဲ့သိုင်းသခင်၏သိုင်းပညာမှာ မှန်းဆမရနိုင်လောက်အောင် ထက်မြက်နေပါသည်။

သိုင်းလောကတခုလုံးအား လွှမ်းမိုးနိုင်လောက်သော ပညာမျိုး ဖြစ်လေသည်။

သူ၏အကြံအစည်တွင် အထောက်အပံ့ ဖြစ်ရလေအောင် အနက်ရောင်သိုင်းသမားများအား စည်းရုံးသိမ်းသွင်းခဲ့၏။

ထို့ကြောင့်လည်း သိုင်းလောက၌ အနက်ရောင်သိုင်းသမားကြီးများ ပြန်လည်ထွက်ပေါ်လာကာ လုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့ရခြင်းပင်။

ကိုချင်းထုံက...

"အတုမဲ့သိုင်းသခင်ကို ကျုပ်တို့ ထောက်ခံခဲ့ကြတယ်၊ အတူလက်တွဲသွားဖို့ ဆုံးဖြတ်ခဲ့ကြတယ်၊ ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ခဲ့ကြတယ်"

ကျောက်ရီ သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် သူဟာ ကျုပ်တို့ကို တန်ဖိုးထားရကောင်း မသိခဲ့ဘူး"

နန်းယုစိမ်းနှင့် ချင်းစုလင်းတို့ ခေါင်းညိတ်ထောက်ခံလိုက်ကြ၏။

ကျောက်ရီက...

"ကျုပ်တို့မှာ သိုင်းပညာ ရှိပါတယ်၊ ကျုပ်တို့ဘာသာ သိုင်းလောကထဲမှာ ထင်သလိုနေခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး၊ ဘယ်သူ့ကိုမှ အားကိုးခဲ့တာ မဟုတ်ပါဘူး"

နန်းယုစိမ်းက...

"သေချာတာပေါ့ဗျာ၊ သိုင်းလောကကို လွှမ်းမိုးချင်တဲ့စိတ် သိုင်းလောကမှာ ဘယ်သူမှ မော်မကြည့်ဝံ့အောင် ထင်ပေါ်ကျော်



ကြားပြီး သြဇာအရှိန်အဝါရှိတဲ့ အခြေအနေမျိုးကို ဘယ်သိုင်းသမားမဆို လိုချင်တမ်းတခဲ့ကြတာချည့်ပါပဲ၊ ကျုပ်တို့မှာလည်း သည်စိတ်မျိုးရှိတာ အမှန်ပဲ"

ချင်းစုလင်းက...

"ဒါကြောင့် ဖြစ်မြောက်အောင် ကြိုးစားရင်း တစ်ယောက်ထဲ မတတ်နိုင်တဲ့အခါ စိတ်တူကိုယ်တူ ရှိတဲ့လူနဲ့ မိတ်ဖွဲ့တာ မဆန်းပါဘူး၊ ဒါပေမယ့်..."

ကျောက်ရီက စကားဆက်ပေးလိုက်လေသည်။

"ကျုပ်တို့ကို သူငယ်နှပ်စားကလေးတွေလို ဆက်ဆံခံခဲ့ရတယ်၊ မိတ်ဆွေရပေမယ့် ဆရာနဲ့ တွေ့နေရတယ်၊ ကျုပ်တို့ဟာ အလိုလိုနေရင်း တပည့်တွေ ဖြစ်ကုန်တယ်၊ ထားရာနေ စေရာသွားနိုင်းတာလုပ်နဲ့ ဘာသိက္ခာမှ မရှိကြတော့ဘူး"

ကိုချင်းထုံက...

"အဆိုးဆုံးကတော့ သူ သဘောမကျရင် အပြစ်ပေးတယ်ဆိုတဲ့ စကားလုံးသုံးပြီး ဒဏ္ဍပေးနေတာပဲ၊ အတုမဲ့သိုင်းသမားနဲ့ ပေါင်းသင်းမိတာ အမှားကြီး မှားသွားပြီဆိုတာ ကျုပ်ကောင်းကောင်းကြီး သဘောပေါက်နေပါပြီဗျာ"

နောင်တရသော လေသံမျိုးဖြင့် ပြောလေသည်။

သူ၏ခံစားချက်ကို အားလုံးနားလည်ကြ၏။

အားလုံးကလည်း ထိုသို့ပင် ခံစားနေကြရသည် မဟုတ်လား။

ကျောက်ရီက...

"ကျုပ်လည်း တွေးမိပါတယ်၊ သူဟာ ကြောက်စရာ

ကောင်းတဲ့ လူတစ်ယောက်ဆိုတာ သေချာတယ်၊ သူနဲ့ အနီးကပ် ပေါင်းသင်းဆက်ဆံနေရတာ မြွေပွေးခါးပိုက် ပိုက်မိသလို ဖြစ်နေတယ်၊ အချိန်မရွေး ဒုက္ခရောက်သွားနိုင်တယ်"

ချင်းစုလင်းက...

"သိုင်းလောက**မှာ ဘယ်သူ့**ကိုမှ မကြောက်ခဲ့ဘဲ၊ ခုမှ သူ့ကို ကြောက်နေရပြီး **သူ နိုင်းသမျှ မညည်း**မညူ လုပ်နေရတာ အတော့်ကို အခံရခက်တဲ့ ကိစ္စပါ။ **သည်ကိစ္စကို** ဘယ်လို ဖြေရှင်းရမလဲလို့ စဉ်းစားမိတာ အကြိမ်တစ်ရာမကတော့ပါဘူး"

နန်းယုစိမ်းက...

"ကျုပ်တို့ လမ်းခွဲလိုက်လို့ အတုမဲ့သိုင်းသခင်က ချမ်းသာပေးမှာ မဟုတ်ဘူး၊ သူ့ကို သစ္စာဖောက်တယ်ဆိုပြီး ဒုက္ခပေးမှာပဲ"

အတုမဲ့သိုင်းသခင်နှင့် ပတ်သက်ပြီး သူတို့၏ရင်ထဲမှ မကျေနပ်ချက်များ ကိုယ်စီကိုယ်ငှ ဖွင့်အန်လာကြလေတော့သည်။

ကိုချင်းထုံ **ကျေနပ်သွား၏။**

အတုမဲ့**သိုင်းသခင်ကို အားလုံး** မကျေမနပ် ဖြစ်နေကြရာ စုပေါင်းဖြေရှင်း**နိုင်လိမ့်မည်ဟု ယုံကြည်**မိကြလေသည်။

"**မိတ်ဆွေ**တို့လည်း ခုလို ခံစားနေကြရတယ်ဆိုတာ ကြားရလို့ ကျုပ် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ကျုပ်တို့အားလုံး စိတ်တူသဘောတူ ရှိနေကြပြီ ဖြစ်လို့ ဝိုင်းဝန်းလက်တွဲ ဖြေရှင်းသွားလို့ ရနိုင်ကောင်းပါတယ်"

ကျောက်ရီတို့က ကိုချင်းထုံအား ကြည့်လိုက်ကြလေသည်။

သူတို့အား ချိန်းလိုက်သဖြင့် ကိုချင်းထုံတွင် အကြံတခုခုတော့ ရှိမည်ဟု တွေးမိကြခြင်းကြောင့် ဖြစ်လေသည်။



ကိုချင်းထုံကလည်း သူ၏အကြံကို ထုတ်ဖော်ဖို့ အချိန်ကျပြီဟု နားလည်လိုက်လေသည်။

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ်တို့ဟာ အတုမဲ့သိုင်းသခင်နဲ့ ရှေ့ဆက်လက်တွဲသွားဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး၊ သူနဲ့ လမ်းခွဲလိုက်မယ်ဆိုရင်လည်း သူက လက်ခံမှာ မဟုတ်တဲ့အပြင် ကျုပ်တို့ကို ဒုက္ခပေးမှာပါပဲ၊ ဒါကြောင့် မလွှဲမရှောင်သာတော့ဘဲ သူနဲ့ ထိပ်တိုက်ရင်ဆိုင်သွားရတော့မှာပါပဲ"

အားလုံး သက်ပြင်းချလိုက်ကြသည်။

အတုမဲ့သိုင်းသခင်အား အဖြူရောင်သိုင်းသမားများသာမက အနက်ရောင်သိုင်းသမားများကပါ လက်မခံကြတော့ပါချေ။

**အတုမဲ့**သိုင်းသခင်မှာ သိုင်းလောက၏ ဘုံရန်သူ ဖြစ်လာခဲ့ပြီ**တကား။**

**သို့သော်...**

**အတုမဲ့**သိုင်းသခင်နှင့် ထိပ်တိုက်ရင်ဆိုင်ဖို့ဆိုသည်**မှာ လွယ်သောကိစ္စ**တခုတော့ မဟုတ်ချေ။

**အလွန်အန္တရာယ်များပြီး** တချက်ကလေး မှားယွင်း**သွား**သည်**နှင့်** အသက်ပါ ပေးလိုက်ရမည် မဟုတ်ပါလား။

အားလုံး ပြန်လည်ငြိမ်သက်သွားကြလေသည်။

ကိုချင်းထုံက ဝေ့ကြည့်လိုက်၏။

တကယ်တမ်း ရင်ဆိုင်ကြမည်ဆိုသောအခါ တွေဝေသွားကြသည့်အဖြစ်ကို နားလည်သည်။

ထို့ကြောင့်...

"ကျုပ်တို့ သူ ခိုင်းတာပဲ လုပ်နေကြမလား၊ သူ မကြိုက်တာနဲ့ အပြစ်ပေးခံရမှာကို တွေးပြီး ရင်တထိတ်ထိတ်နဲ့ နေကြမလား"

ဟု မေးလိုက်လေသည်။

ကျောက်ရီတို့ ငြိမ်နေကြမြဲ။

ကိုချင်းထုံက...

"သူ့ကို ရင်ဆိုင်ရင် ဒုက္ခရောက်နိုင်တယ် ရင်မဆိုင်ဘဲ သူ ခိုင်းတာ လုပ်နေလို့တော့ တစ်နေ့ ဒုက္ခမရောက်ဘူးလို့ ဘယ်သူ ပြောနိုင်သလဲ"

ဤတွင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေတော့သည်။

ကျောက်ရီက...

"ဟုတ်တယ် သူ ခိုင်းတာ ဘယ်လောက်ပဲ လုပ်ပေးလုပ်ပေး သူ့ဆန္ဒပြည့်ဝမှာ မဟုတ်ဘူး၊ တချိန်မဟုတ်တချိန် ဒုက္ခတွေ့နိုင်တာပဲ"

ချင်းစုလင်းက...

"သူဟာ ဘယ်သူ့ကိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး၊ ဘယ်လောက် ရက်စက်ကြမ်းကြုတ်တဲ့လူလဲဆိုတာ အားလုံး သိပါတယ်၊ စောစောက ပြောသလို မြွေပွေးခါးပိုက် ပိုက်ထားတယ်ဆိုတဲ့စကား အင်မတန် မှန်ကန်ပါတယ်၊ သူ့ကို စိတ်ချလို့ မရဘူး"

နန်းယုစိမ်းက...

"စိတ်မချရဘဲ ကိုယ့်ကို အချိန်မရွေး ဒုက္ခပေးနိုင်တယ်ဆိုတာ သိထားမှတော့ ရှာပိုင်ရှင် ပြောသလို သူနဲ့ ထိပ်တိုက်ရင်ဆိုင်



ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ၊ လာမယ့်ဘေး ပြေးတွေ့လိုက်တာပေါ့"

သူ၏မျက်နှာ တည်ကြည်လေးနက်နေပြီး သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ကျုပ်ကတော့ အတုမဲ့သိုင်းသခင်ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ဘူး၊ ဆန့်ကျင်သွားတော့မယ်"

ကိုချင်းထုံ ဝမ်းသာသွားလေသည်။

ချင်းစုလင်းနှင့် ကျောက်ရီတို့ကို ကြည့်လိုက်၏။

ကျောက်ရီ ပြောစရာ မလိုပါ။

"ကျုပ်လည်း သည်အတိုင်းပဲ"

ချက်ခြင်း ထောက်ခံလိုက်လေသည်။

ချင်းစုလင်း ပြုံးလိုက်သည်။

"အတုမဲ့သိုင်းသမားကို သဘောကျတယ်၊ ကြောက်နေတယ်ဆိုရင် သည်နေရာကို လာစရာအကြောင်း မရှိတော့ပါဘူး"

ကိုချင်းထုံ ကျေနပ်သွား၏။

"ဟား... ဟား... ဟား"

အားရပါးရ ရယ်မောလိုက်လေသည်။

"ကောင်းလိုက်တာ၊ သည်ကနေ့ည ကျုပ် ချိန်းဆိုလိုက်တာ မှန်သွားပြီပေါ့၊ အတုမဲ့သိုင်းသခင်ကို ဘယ်လိုမှ လက်ခံလို့ မရတော့ပါဘူး၊ ဆန့်ကျင်ရမှာပါပဲ"

ကျောက်ရီက မေးလိုက်သည်။

"ခင်ဗျားမှာ သူ့ကို ဘယ်လို ဆန့်ကျင်မယ်ဆိုတဲ့စိတ်ကူး၊ ဒါမှမဟုတ် နည်းလမ်းတခုခုတော့ ရှိရမှာပေါ့"

ကိုချင်းထုံ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

သူ၏စကားကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။

အားတက်သွားကြလေသည်။

ကျောက်ရီက...

"ဘယ်လိုနည်းလမ်းများလဲ ပြောပါဦး"

ကိုချင်းထုံ စဉ်းစားချင်း မပြုချေ။

"သူ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ပါပဲ"

ဤတွင်...

အားလုံး ငြိမ်ကျသွားကြလေတော့သည်။

♣ ♣ ♣

"တုံ... တုံ"

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာ၏။

ညသည် ပို၍ နက်ရှိုင်းလာပြီ ဖြစ်ပါသည်။

အေးစိမ့်မှုကလည်း ပိုကဲလာသည်။

စားပွဲပေါ်၌ အရက်နှင့် စားသောက်ဖွယ်ရာများ အလျှံပယ် ရှိနေပါသည်။

သို့သော် မည်သူမျှ လက်များနှင့် မတို့ကြချေ။

စားပွဲ၌ ဝိုင်းဖွဲ့ထိုင်နေကြသော်လည်း အားလုံးသည် သက်မဲ့



ကျောက်ရုပ်များပမာ ရှိနေကြသည်။

ကိုချင်းထုံက ဘာမှ မပြောတော့ပါ။

ပြောစရာရှိသည့်စကားကို ပြတ်ပြတ်သားသား ပြောလိုက်ပြီး ဖြစ်လေသည်။

အတုမဲ့သိုင်းသခင်၏ အန္တရာယ်မှ ကင်းဝေးလိုလျှင် ဆန့်ကျင်နေခြင်းထက် တခါထဲ လက်စတုံး သုတ်သင်ရှင်းလင်းပစ်လိုက်ဖို့သာ ရှိသည် မဟုတ်ပါလား။

ထိုနည်းလမ်းသည် အန္တရာယ်များလွန်းလှသော်လည်း တခြားရွေးချယ်စရာလမ်း မရှိတော့ပါ။

အတုမဲ့သိုင်းသခင် အသက်ရှင်နေသမျှ ကာလပတ်လုံး သူတို့အတွက် အန္တရာယ် ရှိနေမည် ဖြစ်သည်။

အန္တရာယ်ကင်းဝေးကာ အနှောင့်အယှက် ကင်းကင်းနေလိုပါက သုတ်သင်ရှင်းလင်းပစ်ဖို့သာ ရှိပါတော့သည်။

အတော်ကလေးကြာမှ ကျောက်ရီက သက်ပြင်းချကာ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။

"ကျုပ်တို့မှာ တခြားရွေးချယ်စရာလမ်း မရှိတော့ဘူး"

ကိုချင်းထုံအား ထောက်ခံလိုက်ခြင်း ဖြစ်လေသည်။

ချင်းစုလင်းနှင့် နန်းယုစိမ်းတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

"ဟုတ်တယ် ဒါမှ နောက်ကြောင်းအေးမယ်"

အိမ်ကလေးထဲ၌ ပြန်လည်သက်ဝင် လှုပ်ရှားလာလေ၏။

ကိုချင်းထုံက အရက်လေးခွက် ငှဲ့လိုက်သည်။

"ကျုပ်တို့ အတုမဲ့သိုင်းသခင်ကို ရင်ဆိုင်အံတုနိုင်ဖို့ ဆ

တောင်းပြီး အရက်တခွက်စီလောက် သောက်လိုက်ကြတာပေါ့ဗျာ"

"သိပ်ကောင်းတာပေါ့"

ကျောက်ရီက ရယ်ရယ်မောမောဖြင့် အရက်ခွက်ကို ယူလိုက်၏။

နန်းယုစိမ်းနှင့် ချင်းစုလင်းကို့လည်း အရက်တခွက်စီယူကာ အတုမဲ့သိုင်းသခင်အား ဆုံးမနိုင်ရန် ဆုတောင်းကာ သောက်လိုက်ကြလေသည်။ ပြီးလျှင်...

"သည်ကိစ္စကို ကျုပ်က အစပြုတာဆိုတော့ ကျုပ်ပဲ ဦးဆောင်တာဝန်ယူပါ့မယ်၊ အတုမဲ့သိုင်းသခင်ဟာ ရင်ဆိုင်ဖို့ ခက်ခဲတဲ့ လူတစ်ယောက်ဆိုတာ အားလုံး သိကြပါတယ်၊ ဒါကြောင့် သူ့ကို ထိပ်တိုက်ရင်ဆိုင်ဖို့ထက် ကျုပ်တို့ သဘောထားနဲ့ အကြံအစည်ကို သူ မသိအောင် လျှို့ဝှက်ထားပြီး အခွင့်အရေးရတာနဲ့ လုပ်ကြံလိုက်ကြတာ ပိုကောင်းပါလိမ့်မယ်"

ချင်းစုလင်းက...

"အငိုက်ဖမ်းပြီး လုပ်ကြံမယ့် သဘောလား"

ကိုချင်းထုံ ခေါင်းညိတ်သည်။

"သည်နည်းလမ်းဟာ ကျုပ်တို့အတွက် အန္တရာယ်အကင်းဆုံးနဲ့ အောင်မြင်ဖို့ အဖြစ်နိုင်ဆုံး နည်းလမ်းပါပဲ"

နန်းယုစိမ်းက...

"ကောင်းပါပြီလေ ဘယ်အချိန် ဘယ်နေရာမှာ ဘယ်လိုအငိုက်ဖမ်းမယ်ဆိုတာ ပြောပါဦး"

ဟု မေး၏။

ကိုချင်းထုံ ခေါင်းခါယမ်းလိုက်သည်။



"ခုချိန်မှာ ပြောရခက်ပါသေးတယ်၊ အတုမဲ့သိုင်းသခင်ဟာ ကိုယ့်ကိုကိုယ် ယုံကြည်မှု လွန်ကဲနေသူတစ်ယောက်ပါ၊ ဒါကြောင့် ကျုပ်တို့အတွက် အခွင့်အရေး ပေါ်ပေါက်လာမှာ သေချာပါတယ်"

နန်းယုစိမ်း အားမလိုအားမရ ဖြစ်သွားလေသည်။

"ဒါဖြင့် ကျုပ်တို့က အခြေအနေ အချိန်အခါကို စောင့်နေရမယ့် သဘောပေါ့"

"ဒါအမှန်ပါပဲ"

"ကျုပ်က ခုချက်ခြင်းတောင် ရင်ဆိုင်လိုက်ချင်တာဗျ"

ကျောက်ရီက ဖျောင်းဖျလိုက်လေသည်။

"မိတ်ဆွေ အတုမဲ့သိုင်းသခင်ကို လုပ်ကြံဖို့ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ဘူး စိတ်ရှည်သည်းခံနိုင်မှ ဖြစ်မယ်၊ ကျုပ်တို့ဟာ သူနဲ့အနီးကပ်ဆုံး ရှိနေကြတာဆိုတော့ အခွင့်အရေးဆိုတာ ပေါ်လာမှာမလွဲဘူး၊ သည်တော့မှ အပိုင်လုပ်ကြံတာ ပိုမကောင်းဘူးလား"

"ခင်ဗျား ပြောတာ မှန်ပါတယ်ဗျာ"

နန်းကုန်းစိမ်း သဘောတူလိုက်လေသည်။

ယခု...

ကိုချင်းထုံ ဦးဆောင်ကာ ကျောက်ရီတို့လူစုသည် အတုမဲ့သိုင်းသခင်အား လုပ်ကြံဖို့ စိတ်တူကိုယ်တူ ရှိနေကြပြီ ဖြစ်လေသည်။

♣ ♣ ♣

ကိုချင်ထုံတို့လေးယောက် တစိတ်တဝမ်းထဲ ရှိနေကြပြီ ဖြစ်သည်။

အတုမဲ့သိုင်းသခင်အား လုပ်ကြံဖို့ အခြေအနေ အချိန်အခါကို စောင့်ဆိုင်းရမည် ဖြစ်သည်။

ညဉ့်အတော်နက်နေပြီဖြစ်ရာ အိမ်ကလေးထဲမှာပင် အချိန်ဖြုန်းမနေသင့်တော့ပါ။

သူတို့လူစုခွဲကာ ဤနေရာမှ ထွက်သွားသင့်ပြီ ဖြစ်သည်။

သို့သော်...

သူတို့လေးယောက် တုတ်တုတ် မလှုပ်ကြချေ။

ထိုင်ခုံများ၌ အေးအေးဆေးဆေး ဆက်၍ ထိုင်နေကြ၏။

ဖြေရှင်းစရာကိစ္စတခု ကျန်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ကျောက်ရီက...

"ခင်ဗျားက **မုရဏဘွားဘွားကိုလည်း** ဖိတ်ခေါ်ထားခဲ့တယ် မဟုတ်လား"

ကိုချင်ထုံအား မေးလိုက်၏။

"ဟုတ်ပါတယ်ဗျာ"

ကိုချင်းထုံ၏အသံ ခြောက်သွေ့အက်ကွဲနေလေသည်။

မရဏဘွားဘွားက ချိန်းထားသည့်အတိုင်း ရောက်မလာပါ။

အဘယ်ကြောင့်ပါနည်း။

သူမသည်လည်း ကိုချင်းထုံ၏သဘောထားကို ရိပ်မိနေမည် ဖြစ်ပါသည်။

သို့ပါလျက် ရောက်မလာခြင်းမှာ ပူးပေါင်းဆောက်ရွက်ခြင်း



မပြုလို၍ ဖြစ်သည်ဟု ယူဆနိုင်ပါတော့သည်။

ကိုချင်းထုံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုလျှင် အတုမဲ့သိုင်းသခင်ဘက်မှ ရပ်တည်မည်လော...

အတုမဲ့သိုင်းသခင်နှင့် ရင်မဆိုင်မီ အန္တရာယ်က ဦးစွာပေါ်ပေါက်လာချေပြီ။

ကျောက်ရီက...

"ကျုပ်တို့အကြောင်းကို သူရိပ်မိနေနိုင်တယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

ကိုချင်းထုံက...

"ရိပ်မိတာ သေချာပါတယ်၊ ဒါပေမယ့်..."

သူ၏စကားမဆုံးမီ ချင်းစုလင်းက ကြားဖြတ်ပြောလိုက်၏။

"အတုမဲ့သိုင်းသခင်ကို သွားပြောပြလိုက်ရင် လုပ်ကြံဖို့ကိစ္စ အချိန်ယူဖို့ဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်တော့မှာ မဟုတ်ဘူး"

နန်းယုစိမ်းက...

"ကျုပ်တို့ ချက်ခြင်းလှုပ်ရှားမှ ဖြစ်တော့မယ် ထင်တယ်"

ကိုချင်းထုံ လက်ကာပြလိုက်လေသည်။

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ၊ သူ ရိပ်မိနိုင်လောက်ပေမယ့် တိတိကျကျ သက်သေအထောက်အထားပြနိုင်တာ မဟုတ်ပါဘူး၊ ပြီးတော့ အတုမဲ့သိုင်းသခင်ကလည်း သူ့စကားကို ချက်ခြင်းယုံကြည်လက်ခံဖို့ ခဲယဉ်းပါတယ်၊ အန္တရာယ် မဖြစ်လောက်သေးပါဘူး"

ထိုအခါမှ နန်းယုစိမ်းတို့ စိတ်သက်သာရာ ရသွားကြလေတော့သည်။

ကိုချင်းထုံက...

“ကျုပ်တို့ ဟန်မပျက်နေကြတာပေါ့၊ မသင်္ကာစရာကောင်းတာ မရှိရင် အတုမဲ့သိုင်းသမားက လက်ပိုက်ကြည့်နေဦးမှာပါ၊ ကျုပ်ပြောတာကို သဘောပေါက်ကြမယ် ထင်ပါတယ်”

အားလုံးက သဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်ကြလေသည်။ တဖန်…

“ဟန်မပျက် ဆက်နေသွားတာတော့ ဟုတ်ပါပြီ၊ မရဏဘွားဘွားကိုကော ဘယ်လိုလုပ်ကြမလဲ”

ဟု မေးလာသည်။

ကိုချင်းထုံ ပြုံးလိုက်၏။

အဖြေမပေးဘဲ ပြန်လည် မေးခွန်းထုတ်လိုက်သည်။

“ခင်ဗျား သဘောထားကော ဘယ်လို ရှိသလဲ ပြောပါဦး”

ကျောက်ရီက ခပ်ပြတ်ပြတ်ပင် ပြောသည်။

“ကျုပ် သဘောကတော့ အန္တရာယ်ပေးနိုင်တဲ့ လူတစ်ယောက်ကို လက်ဦးအောင် ရှင်းပစ်လိုက်ချင်တာပဲဗျ”

ချင်းစုလင်းနှင့် နန်းကုန်းစိမ်းတို့ ထောက်ခံလိုက်ကြလေ၏။

“ဒါအကောင်းဆုံးပဲ”

“သူ့ကို အရင်ဆုံး လက်စဖျောက်ပစ်ရမယ်”

ကျောက်ရီက ကိုချင်းထုံကို ကြည့်လိုက်သည်။

“ခင်ဗျားကော”

ကိုချင်းထုံ ခေါင်းညိတ်လိုက်၏။

“ကျုပ်ပဲ သူ့ကို တာဝန်ယူလိုက်ပါ့မယ်”

မရဏဘွားဘွားကိုလည်း သုတ်သင်ရှင်းလင်းပစ်ဖို့ ဆုံးဖြတ်လိုက်ကြလေသည်။



ယခု ကိစ္စအားလုံး ပြီးပြတ်သွားပြီ ဖြစ်သည်။

သူတို့လူချင်းခွဲကာ ဤနေရာမှ ထွက်သွားဖို့သာ ရှိပေတော့သည်။

ကိုချင်းထုံတို့ ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်ကြ၏။ ထိုစဉ်

“ဟား… ဟား… ဟား”

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေတော့သည်။

♣ ♣ ♣

အသည်းတုန်စရာကောင်းလောက်အောင်ပင် အေးစိမ့်ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာလေသည်။

ကိုချင်းထုံတို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

အတုမဲ့သိုင်းသခင် ရောက်ရှိလာပြီလော…

ရယ်သံက ခေါင်မိုးပေါ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အားလုံး အပေါ်မော့ကြည့်လိုက်ကြ၏။

ကိုချင်းထုံက ရယ်သံရှင် မည်သူမည်ဝါဖြစ်ကြောင်း မှတ်မိသွားလေသည်။

“မရဏဘွားဘွားပဲ”

သူ၏ရေရွတ်သံကြောင့် ကျောက်ရီတို့ မျက်နှာပျက်သွားကြ၏။

သူတို့ လုပ်ကြံပစ်ရန် ဆုံးဖြတ်လိုက်သော မရဏဘွားဘွားမှာ သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီ မဟုတ်ပါလား။

"ဝုန်း"

အိမ်ခေါင်မိုး၌ အပေါက်ကြီးတစ်ပေါက် ဖြစ်သွား၏။

ထိုအပေါက်ကြီးမှတဆင့် လူရိပ်တခု ရိပ်ခနဲ ခုန်ဆင်းလာလေသည်။

"ဟူး"

မရဏဘွားဘွားသည် စားပွဲရှေ့သို့ ရောက်ရှိလာပြီး ထိုင်ခုံတစ်လုံး၌ ဟန်ကျပန်ကျ ထိုင်လိုက်၏။

တဖန်...

စားပွဲပေါ်၌ အသင့်ရှိနေသော အရက်အိုးကို **ဆွဲယူကာ** တကျိုက်ကျိုက်မြည်အောင် မော့သောက်လိုက်လေသည်။

ကိုချင်းထုံတို့ တုတ်တုတ် မလှုပ်ကြပါ။

မရဏဘွားဘွားအား မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

သေးယောက်သား အချိန်မရွေး တိုက်ခိုက်နိုင်ရန်လည်း အသင့်ပြင်ထားလိုက်ကြလေသည်။

"ဒုန်း"

မရဏဘွားဘွားက အရက်အိုးကို စားပွဲပေါ် ပြန်ချလိုက်၏။

"မင်းတို့ တစ်ယောက်ကို အနည်းဆုံး အရက်နှစ်ခွက် သုံးခွက်တော့ သောက်ပြီးကြပြီ မဟုတ်လား၊ ကျုပ်က နောက်ကျသွားလို့ အမီသောက်ရတာ ဘာပြောချင်ကြသေးသလဲ"

ကိုချင်းထုံ မျက်မှောင်ကုပ်သွား၏။



မရဏဘွားဘွားမှာ ရန်လိုသည့်အသွင် မရှိဘဲ မျက်နှာတခုလုံး ပြုံးရွှင်နေ၏။

သူမသည် အတုမဲ့သိုင်းသခင်ဘက်မှ ရပ်တည်မည်ဆိုပါလျှင် ဤနေရာသို့ ရောက်လာစရာအကြောင်း မရှိပါချေ။

အတုမဲ့သိုင်းသခင် ပါမလာဘဲ သူမတစ်ယောက်ထဲ ရောက်လာသည်မှာ အဘယ်ကြောင့်ပါနည်း။

ကိုချင်းထုံ၏ မျက်နှာလည်း ချက်ချင်းပင်ပြုံးရွှင်သွား၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားအရက်တစ်ခွက်လောက် ပိုပြီး သောက်သင့်ပါတယ်"

မရဏဘွားဘွား နှာခေါင်းရှုံ့လိုက်၏။

"ကျုပ်ကို နောက်ဆုံးနှုတ်ဆက်တဲ့ အရက်တစ်ခွက်လား"

"ဟာ သည်လိုမဟုတ်ပါဘူးဗျာ၊ ကျုပ်က စေတနာနဲ့ပြောတာပါ၊ ခင်ဗျားသည်နေရာကို ရောက်လာကတည်းက ကျုပ်ဖိတ်ခေါ်လိုက်တာကို အလေးအနက်ထားတဲ့အတွက် **အရက်တစ်ခွက်** ပိုတိုက်ပြီး ဂုဏ်ပြုချင်တာပါ"

"ဘာလဲ စောစောကပြောသလို မဟုတ်တော့ဘဲ စိတ်ပြောင်းသွားပြီလား"

"ဟား...ဟား...ဟား"

ကိုချင်းထုံ ဟန်မဆောင်နိုင်ဘဲ တဟားဟားရယ်မောလိုက်လေတော့သည်။

မရဏဘွားဘွားက ကျောက်ရှီတို့သုံးယောက်အား ဝေ့ကြည့်လိုက်လေသည်။

"မင်းတို့ကကော ကျုပ်ကိုသတ်ပစ်ချင်ကြသေးသလား"

ကျောက်ရီတို့ အဖြေမပေးဘဲ နေလိုက်ကြ၏။

"ကျုပ် အစောကြီးကတည်းက ရောက်နေတာ၊ ကိုချင်းထုံမှာဘယ်လိုအကြံအစည်ရှိသလဲဆိုတာ သိချင်လို့ ခေါင်မိုးပေါ်တက်ပြီးချောင်းနားထောင်နေတယ်ဆိုတာမှတ်ပါ"

ကိုချင်းထုံတို့ လေးယောက် ပြောဆိုတိုင်ပင်ကြသောစကားများကို သူမကြားသိထားပြီး ဖြစ်နေ၏။

ကျောက်ရီ မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား အသက်ကြီးနေတာတောင် ခိုးကြောင်ခိုးဝှက်လုပ်ချင်နေဘုန်းပဲကိုး"

"ဘာ"

"ခင်ဗျားသာ အတုမဲ့သိုင်းသခင်ဘက်က ရပ်တည်မယ်ဆိုယင် ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်ရမှာပဲဗျ"

ကျောက်ရီ ခပ်ပြတ်ပြတ်ပြော၏။

မရဏာဘွားဘွားက...

"အေး...မင်းသာ အတုမဲ့သိုင်းသခင်ကို လုပ်ကြံဖို့ကိစ္စမှာ စိတ်ပြောင်းမသွားစေနဲ့၊ စိတ်ပြောင်းသွားယင် ကျုပ်နဲ့ အယင်ဆုံးတွေ့မယ်"

"ခင်ဗျား..."

ကျောက်ရီ ဒေါပွသွားသဖြင့် ကိုချင်းထုံ ကပျာကယာကြားဝင်လိုက်ရလေသည်။

"ကဲ...ကိုယ့်အချင်းချင်းတွေဖြစ်နေပါပြီဗျာ၊ တစ်ယောက်ကိုတစ်ယောက် သည်းခံကြဖို့ ကျုပ်မေတ္တာရပ်ခံပါတယ်"

မရဏာဘွားဘွား ခေါင်းညိတ်လိုက်သည်။



"ကျုပ်သည်းမခံနိုင်စရာ အကြောင်းမရှိပါဘူး၊ ကျုပ်ရောက်မလာတာကြောင့် မင်းတို့ကကျုပ်ကို သုတ်သင်ပစ်ဖို့ ဆွေးနွေးနေကြတာကို ကျုပ်ကြားပါလျက်နဲ့ သည်းခံနေတာ အားလုံးအမြင်ပဲမဟုတ်လား"

ကျောက်ရီလည်း မတတ်သာတော့ဘဲ တော င်းပန်လိုက်ရလေသည်။

"အတုမဲ့သိုင်းသခင်ကို လုပ်ကြံဖို့ဆိုတာ အပြောလွယ်ပေမယ့် အလုပ်ခက်ပါတယ်၊ အန္တရာယ်များလှတဲ့ကြားထဲ ခင်ဗျားအတွက်ကြောင့် စိတ်ပူခဲ့ရလို့ပါဗျာ"

မရဏာဘွားဘွားက...

"ကျုပ်ရောက်နေပေမယ့် ချက်ချင်းဝင်မလာသေးတာကို အပြစ်မပြောနဲ့လေ၊ မင်းတို့မှာ ဘယ်လိုအကြံအစည်တွေရှိတယ်ဆိုတာမှ ကျုပ်မသိတာ၊ သိယင်အစောကြီးကတည်းက ဝင်လာတာပေါ့"

ကိုချင်းထုံက...

"အတုမဲ့သိုင်းသခင်ကြောင့် အားလုံးသတိဝိရိယရှိနေကြတာ သဘာဝကျပါတယ်ဗျာ၊ ကဲ ကျုပ်တို့တိုင်ပင်ဆွေးနွေးခဲ့တဲ့စကားတွေကို ခင်ဗျားကြားပြီးပြီဆိုတော့ ဘယ်လိုသဘောထားသလဲဆိုတာသိပါရစေ"

"ခက်ပါလား ကျုပ်အိမ်ထဲ ရောက်လာနေပြီပဲ၊ ကျုပ်ရဲ့သဘောထားကို သိလောက်ရောပေါ့"

"ဒါဖြင့် ခင်ဗျားလည်း သဘောတူတယ်ပေါ့"

"သိပ်တူတာပေါ့"

မရဏဘွားဘွား၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်ကာ အေးစက်ခက်ထန်သွားလေသည်။

"အတုမဲ့သိုင်းသခင်ဟာ ကျုပ်တို့ကို ဘယ်လိုလူစားမျိုးတွေ ထင်နေသလဲ မသိဘူး၊ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေတာ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် သူ့ကို ဆုံးမရမှာပဲ"

သူမသည် ကိုချင်းထုံအား စိုက်ကြည့်ကာ ဆက်ပြောလိုက်လေသည်။

"ကိုချင်းထုံ ကျုပ် သေချင်သေသွားပါစေ၊ အတုမဲ့သိုင်းသခင်ကို ဆုံးမတဲ့အခါ ကျုပ်ကို အခွင့်အရေးများများပေးပါ"

"ကောင်းပါပြီဗျာ၊ ခင်ဗျားစိတ်ကိုင်းကျ ဖြစ်ရပါစေမယ်"

မရဏဘွားဘွားသည်လည်း အတုမဲ့သိုင်းသခင်အား ယှဉ်ပြိုင်အံတုရာ၌ လက်တွဲပါဝင်လာလေသောကြောင့် ကျောက်ရိတို့ စိတ်အေးသွားကြလေတော့သည်။

ကိုချင်းထုံက...

"ကဲ... ကျုပ်တို့ ပြန်ဆုံတွေ့ကြသေးတာပေါ့"

ဟု နှုတ်ဆက်စကား ပြောလိုက်၏။

ထို့နောက် ငါးယောက်သား လူချင်းခွဲလိုက်ကြ၏။

ကျောက်ရိထို့ အလျှိုလျှို ပြန်လည် ထွက်သွားကြလေ၏။

ကိုချင်းထုံက မီးအိမ်ကို ငြိမ်းသတ်ကာ နောက်ဆုံးမှ ထွက်လာခဲ့လေသည်။

သိုင်းလောကသားများသည် အတုမဲ့သိုင်းသခင်အား ဆုံးမနိုင်ဖို့ ဝိုင်းဝန်းကြိုးပန်းနေကြ၏။

ယခု...



အနီးကပ်ဆုံး ရှိနေကြသူများကပါ အတုမဲ့သိုင်းသခင်၏ အလိုကြီးခြင်း ရက်စက်ကြမ်းကြုတ်ခြင်း မောက်မာခြင်းတို့ကို လက်မခံနိုင်အောင် ဖြစ်လာကြလေသောအခါ...

အတုမဲ့သိုင်းသခင်မှာ သူ မျှော်လင့်ထားသည့်အတိုင်း သိုင်းလောကအား လွှမ်းမိုးချုပ်ကိုင်ဖို့ မဖြစ်နိုင်တော့ဘဲ အဖြူအနက် သိုင်းသမားများ၏ စုပေါင်းဆန့်ကျင်ဒဏ်ခတ်ခြင်း ခံရပြီး ကျဆုံးသွားဖို့ တဖြည်းဖြည်း ထင်ရှားလာခဲ့လေတော့သည်။

♣ ♣ ♣

## ကျားသေကိုအသက်သွင်းသူ

"ဝှစ်"

ဝင်းလက်သော ဓားရောင် ထွက်ပေါ်လာလေသည်။

ကိုချင်းထုံသည် သမားတော်ကျန်းတို့အား တိုက်ခိုက်ခြင်း မပြုဘဲ အတုမဲ့သိုင်းသခင်အား တိုက်ခိုက်လိုက်လေသည်။

သူ၏ဓားချက်မှာ တိကျပြီး ပြင်းထန်သည်။

တချက်ဆိုလျှင် တချက်ဆိုသလောက် ထိရောက်မှု ရှိလေသည်။

နဂိုကတည်းက အကြံရှိနေသူပီပီ သမားတော်ကျန်းအား တိုက်ခိုက်ရန် ဟန်ပြင်ကာ အလစ်အငိုက်ဖမ်းပြီး အတုမဲ့သိုင်းသခင်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။



သမားတော်ကျန်းတို့အပေါ် အာရုံရောက်နေသောကြောင့် အတုမဲ့သိုင်းသခင် မည်သို့မျှ ခုခံရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်ထားလေသည်။

သို့သော်...

အတုမဲ့သိုင်းသခင်က အသာအယာပင် ရှောင်တိမ်းသွားလေသည်။

"ဝှစ်"

ကိုချင်းထုံ၏ဓားချက်မှာ လေထဲသို့သာ ခုတ်ချမိလိုက်လေတော့သည်။

"ဟင်"

ကိုချင်းထုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင် ဟားတိုက်ရယ်မောလိုက်၏။

"ကိုချင်းထုံက ကျုပ်ကို လွယ်လွယ်နဲ့ လုပ်ကြံလို့ရမယ် ထင်ရင် မှားသွားမှာပေါ့"

ကိုချင်းထုံမှာ အငိုက်ဖမ်း တိုက်ခိုက်၍ မအောင်မြင်သဖြင့် ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

"ကျုပ် မမှားဘူး၊ ခင်ဗျားကို ဘယ်သူမှ လက်မခံကြတော့ဘူး၊ ဒါကို နားမလည် လက်မခံတာ ခင်ဗျားအမှားပဲ၊ သိုင်းလောကတစ်ခုလုံးရဲ့ ဆန့်ကျင်မှုကို ခံရပြီးတဲ့နောက်မှာ ခင်ဗျား ကျရှုံးသွားဖို့ပဲ ရှိတော့တယ်ဗျ"

အတုမဲ့သိုင်းသခင် လက်မခံပါချေ။

"ကျုပ်ကို ဘယ်သူက အံတုနိုင်မှာမို့လဲ"

သူ၏လက်တဘက်ကို ဝှေ့ယမ်းလိုက်သည်။

"မကြာခင် အချိန်အတွင်းမှာ သိုင်းလောကတခုလုံး ကျုပ်ရဲ့ ခြေဖဝါးအောက်ကို ရောက်လာတော့မယ်၊ ကျုပ်ကို အံတုတဲ့လူ မှန်သမျှ ဆုံးမခံရမယ်၊ ကိုချင်းထုံ ခင်ဗျားဟာ ကျုပ်နဲ့ လက်တွဲပြီး သိုင်းလောကကို စိုးမိုးဖို့ သဘောတူခဲ့တာပဲ မဟုတ်လား၊ ဘယ်လိုကြောင့် စိတ်သဘောထား ပြောင်းပြီး ကျုပ်ကို လုပ်ကြံချင်ရတာလဲ ပြောစမ်းပါဦး"

ကိုချင်းထုံက...

"ကျုပ်က ခင်ဗျားကို ကြောက်ရွံ့နေရလို့ ခင်ဗျားနဲ့ လက်တွဲမယ်လို့ ကတိပေးခဲ့ရတယ်ဆိုတာ **မှတ်ထားပါဗျာ**"

"ဩော်"

"ကျုပ်က ခင်ဗျားရဲ့ **လက်အောက်မှာ** ကျေးကျွန်တစ်ယောက်လို နေရတာကို ဘယ်လိုမှ မနှစ်မြို့နိုင်ဘူး၊ ခင်ဗျားကို ကူညီပြီး ပန်းနီကျေးရွာမှာ ခိုလှုံခွင့်ပေးခဲ့မိတာ အမှားကြီး မှားသွားပြီလို့ ကျုပ် နောင်တရနေပါပြီဗျာ"

အတုမဲ့သိုင်းသခင် လက်ကာပြလိုက်လေသည်။

"နေဦး ကျုပ်က သိုင်းလောကကို လွှမ်းမိုးပြီးရင် ခင်ဗျားလည်း ဘယ်သူမှ မော့မကြည့်ရဲတဲ့ ဘဝမျိုး ပိုင်ဆိုင်ရလိမ့်မယ်ဆိုတာကို ထည့်မတွေးဘူးလား၊ ကျုပ်ကို သစ္စာရှိပြီး ကျုပ် ခိုင်းတာ လုပ်ပေးတာနဲ့ ရလာမယ့် အကျိုးကျေးဇူး ဘယ်သောက်ကြီးမားတယ်ဆိုတာကိုတောင် ခင်ဗျား မစဉ်းစားတတ်တော့ဘူးလား"

ကိုချင်းထုံက...

"နေပါစေတော့ဗျာ၊ ဒါတွေကို ကျုပ် မမက်မောတော့ပါ



ဘူး၊ ကျုပ်တို့ ပန်းနီကျေးရွာက လူတွေဟာ ကျုပ် အသုံးမကျတာကြောင့် ခင်ဗျား ခိုင်းသမျှ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ လုပ်ပေးနေကြရတယ်၊ သူတို့ လုပ်ကိုင်ဆောင်ရွက်ရင်း မတော်တဆ အမှားကြုံခဲ့ရင် ခင်ဗျားရဲ့ အပြစ်ပေးခံရမှာကို စိုးရိမ်ပြီး ဘယ်သူမှ မပျော်ရွှင်ကြတော့ဘဲ တချိန်လုံး ကြောက်လန့်တကြား နေခဲ့ကြရပြီ"

ကိုချင်းထုံသည် အလွန်စိတ်ထိခိုက်သည့်အသွင်ဖြင့် ဆက်ပြောလေသည်။

"ကျုပ်ကိုယ်တိုင်ကော ခင်ဗျားရဲ့အမိန့် မှန်သမျှကို နာခံရတယ်၊ ကျုပ်တို့ ပန်းနီကျေးရွာရဲ့ အစဉ်အလာ ပျက်စီးခဲ့ရတယ်၊ သူတပါး စေခိုင်းသမျှ နာခံရတဲ့ ကျေးကျွန်တွေလို ဖြစ်နေရပြီ၊ ခင်ဗျားကြောင့် ပန်းနီကျေးရွာဟာ သိုင်းလောကကို ဖျက်ဆီးမယ့် ကျေးရွာလို ရာဇဝင်တွင်တော့မယ်၊ သည်လို အဖြစ်မျိုးကို ကျုပ် ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်တော့ပါဘူး"

အတုမဲ့သိုင်းသခင်နှင့် လမ်းခွဲရသည့် အကြောင်းရင်းက ခိုင်လုံနေပါသည်။

အတုမဲ့သိုင်းသခင် နှာခေါင်းရှုံ့လိုက်သည်။

"ပန်းနီကျေးရွာ လောကပေါ်က ပျောက်ကွယ်သွားမယ့် အရေးကိုလည်း ထည့်တွေးသင့်တာပေ့ါ၊ ဒါကို ချန်ထားလို့ ဘယ်ဖြစ်မလဲ"

ကိုချင်းထုံက...

"ကိစ္စမရှိဘူး၊ ကျုပ်တို့ဟာ လူယုတ်မာတွေလို့ သတ်မှတ်ခံရမယ့်အစား သူရဲကောင်းတွေ အနေနဲ့ပဲ လောကပေါ်က ပျောက်ကွယ်သွားချင်ပါတယ်ဗျာ"

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင် လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကောင်းတယ် ကောင်းတယ်၊ ဒါပေမယ့် ကျုပ် တခုတော့ ပြောလိုက်မယ်၊ ခင်ဗျား မျှော်လင့်ထားသလို သူရဲကောင်းတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ လောကပေါ်ကသာ ပျောက်ကွယ်သွားရမယ်ဆိုတာပဲ"

ကိုချင်းထုံ အံကြိတ်လိုက်သည်။

"ကျုပ် သည်လောက် မညံ့သေးပါဘူးဗျာ"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ အတုမဲ့သိုင်းသခင်ထံ တဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသမားက တဟားဟား ရယ်မောလိုက်သည်။

ယခုတကြိမ်...

ကိုချင်းထုံ၏တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်း မပြုတော့ဘဲ ထိပ်တိုက်ပြန်လည် ရင်ဆိုင်လိုက်လေသည်။

"သွားစမ်း"

အော်ငေါက်ရင်း သူ၏လက်တဘက်ကို ဝှေ့ယမ်းလိုက်သည်နှင့်...

"ဝုန်း"

"ခြွမ်း"

ကျယ်လောင်သော မြည်သံများ ထွက်ပေါ်လာပြီး ကိုချင်းထုံမှာ လူတခြား ဓားတခြား ဖြစ်ကာ အဝေးသို့ လွင့်စင်သွားလေတော့သည်။



အတုမဲ့သိုင်းသခင် လိုက်လံတိုက်ခိုက်ခြင်း မပြုပါချေ။

ကျောက်ရီတို့ဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်သည်။

"သူ့ကို ရှင်းပစ်လိုက်စမ်း"

ကျောက်ရီ၊ မရဏာဘွားဘွား၊ ချင်းစုလင်းနှင့် နန်းယုစိမ်းတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။ ထို့နောက်...

"ယား"

"သေပေတော့"

အော်ငေါက်ညာသံပေးရင်း အတုမဲ့သိုင်းသခင်အား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေတော့သည်။

♣ ♣ ♣

အခြေအနေ အရပ်ရပ်ကား ပြောင်းလဲသွားပြီ ဖြစ်ပါ၏။

သိုင်းလောက၌ ပြန်လည် ထွက်ပေါ်လာခဲ့ကြသော အနက်ရောင်သိုင်းသမားကြီးများသည်ပင် အတုမဲ့သိုင်းသခင်အား ဆန့်ကျင်နေကြပြီ ဖြစ်ပါသည်။

ကျောက်ရီတို့လေးယောက်မှာ ထိပ်တန်းသိုင်းပညာ ရှိကြသူများ ဖြစ်ပါသည်။

ထို့ကြောင့်...

လေးယောက်သား စုပေါင်းတိုက်ခိုက်လိုက်သောအခါ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

သူတို့သည် အတုမဲ့သိုင်းသခင်အား အနိုင်ယူနိုင်ကြတော့မည်လော...

ကိုချင်းထုံသည် မြေပေါ်မှ လူးလိမ့်ထလာသည်။

နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်ကာ မြေပေါ်ကျနေသော ဓားကို ကောက်ယူလိုက်၏။

ထို့နောက်...

"ယား"

ညာသံပေးကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားလေသည်။

သူ၏အသက် သေချင်သေပါစေ အတုမဲ့သိုင်းသခင်နှင့် ရင်ဆိုင်သွားမည့်သဘော ဖြစ်လေသည်။

အတုမဲ့သိုင်းသမားမှာ **သူ့အား** ပြန်လည် အံတုခြင်း ခံရသဖြင့် ထိတ်လန့်နေမည် ထင်ရသည်။

သို့သော်...

အတုမဲ့သိုင်းသခင် စိုးရွံ့ထိတ်လန့်ခြင်း အလျဉ်းမရှိပေ။

လက်ဝါးနှစ်ဘက်၌ အတွင်းအား စုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏သိုင်းပညာ အဆင့်အတန်းကား အလွန်ပင် မြင့်မားနေပြီ ဖြစ်ပါသည်။

ငါးယောက် တစ်ယောက် ရင်ဆိုင်လိုက်ရသော်လည်း မမှုပါချေ။

ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း... ဝုန်း... ဝုန်း"

ကိုချင်းထုံတို့လူစုမှာ ဖရိုဖရဲ လွင့်စင်သွားကြလေတော့၏။



အတုမဲ့သိုင်းသခင်သည် ဆက်လက်တိုက်ခိုက်ခြင်း မပြုသေးဘဲ လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေးပင် ရပ်နေလိုက်လေသည်။

အေးစိမ့်သော အကြည့်ဖြင့် ကိုချင်းထုံတို့လူစုကို ဝေ့ကြည့်လိုက်သည်။

"ခင်ဗျားတို့ကို နောက်ဆုံး အခွင့်အရေး ပေးလိုက်မယ်၊ ကျုပ်ကို သစ္စာခံပြီး ကျုပ်ခိုင်းတာလုပ်ရင် အသက်ချမ်းသာရာရမယ်၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့ သေရမယ်၊ ကဲ... ကြိုက်တဲ့လမ်းကို ရွေးပေတော့"

ကိုချင်းထုံ နှာခေါင်းရှုံ့လိုက်သည်။

"ခုချိန်ထိတောင် ကျုပ်တို့ကို အသုံးချချင်တုန်းပဲလား၊ ခင်ဗျားကို ဘယ်သူမှ လက်မခံကြတော့ဘူးဆိုတာ မသိသေးဘူးလား၊ ကျုပ်တို့ကို သတ်ပစ်နိုင်ရင် ခင်ဗျား ကံကောင်းမယ်၊ ဒါမှမဟုတ်ရင်တော့ ခင်ဗျား ကံဆိုးဖို့ပဲ ရှိတော့တယ်"

ဓားဝေ့ယမ်းကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့သည်။

ကျောက်ရီတို့ကလည်း တရကြမ်း တိုက်ခိုက်ကြလေသည်။

ငါးယောက်စလုံး နောက်မဆုတ်ကြတော့ပါ။

အတုမဲ့သိုင်းသခင်အား သုတ်သင်ပစ်နိုင်ရန် အပြင်းအထန်ကြိုးစားနေကြသည်။

အတုမဲ့သိုင်းသခင် လောကပေါ်မှ ပျောက်ကွယ်သွားမှသာလျှင် သူတို့အတွက် အန္တရာယ်ကင်းပေမည်။

သူတို့၏ အသက်အန္တရာယ်ကို ကာကွယ်လိုခြင်းကြောင့်

သာလျှင် အတုမဲ့သိုင်းသခင်အား သုတ်သင်ပစ်ဖို့ အပြင်းအထန် ကြိုးစားနေကြခြင်း ဖြစ်ပါတော့သည်။

အတုမဲ့သိုင်းသခင်လည်း ပေါ့ပေါ့တန်တန် သဘောထား၍ မဖြစ်တော့မှန်း သဘောပေါက်လာသည်။

ကိုချင်းထုံတို့ ငါးယောက် သူ့သေကိုယ်သေ တိုက်ခိုက်လာကြလျှင် သူ့အတွက် အန္တရာယ်ရှိကြောင်း နားလည်ထားလေသည်။

ငါးယောက် ပူးပေါင်းတိုက်ခိုက်လိုက်သည့် အင်အားကြီးမားနေသဖြင့် ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ပရိယာယ်သုံးခြင်းက ပို၍ လွယ်ကူစွာ ဆုံးမနိုင်မည်ဟု ယုံကြည်ထား၏။ ထို့ကြောင့်...

"သွားစမ်း"

အော်ငေါက်ရင်း လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ရိုက်ထုတ်ပစ်လိုက်လေသည်။

သူ၏လက်ဝါးနှစ်ဘက်မှ ပြင်းထန်သော လေပွေလှိုင်းများ ဖြစ်ပေါ်လာလေသည်။

"ဝုန်း... ဝုန်း... ဝုန်း"

ကိုချင်းထုံတို့ ငါးယောက် ဖရိုဖရဲ လွင့်စင်သွားကြတော့၏။

အတုမဲ့သိုင်းသခင်သည် အသာစီးရလိုက်သော်လည်း ဆက်၍ တိုက်ခိုက်ခြင်း မပြုပါချေ။

နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်သွားပြီးလျှင်...

"ဟူး"

တောအုပ်ထဲသို့ ခုန်ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣



ကိုချင်းထုံတို့ ငါးယောက် ချက်ခြင်း စုစည်းလိုက်ကြလေ၏။

သူတို့ စိုးရိမ်ပူပန်နေကြလေသည်။

"သူ ရှောင်တိမ်းသွားပြီ"

"ဟုတ်တယ် ကျုပ်တို့တတွေ ဝိုင်းဝန်းဆန့်ကျင်ကြတာကြောင့် အခြေအနေ မဟန်တော့ဘူးဆိုတာ သူရိပ်မိသွားပြီ"

"သူ ရှောင်တိမ်းသွားပေမယ့် ကျုပ်တို့ကို အခဲကြေမှာတော့မဟုတ်ဘူး"

"ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်ရမလဲ၊ သည့်အခွင့်အရေးမျိုး သည်တကြိမ်ပဲ ရနိုင်လိမ့်မယ်၊ သူ့ဘက်က သာနေပေမယ့် ကျုပ်တို့ငါးယောက် စုပေါင်းထားရင် ရေရှည်မှာ သူမလွယ်ပါဘူး"

"ကျုပ်တို့ကလည်း တချိန်လုံး စုစုစည်းစည်း ရှိနေကြမှာမဟုတ်တော့ ရင်ဆိုင်လက်စနဲ့ ဆက်ပြီး ရင်ဆိုင်လိုက်တာ အကောင်းဆုံးပဲ၊ သူ့ကို သုတ်သင်ရှင်းလင်းပြီးမှ စိတ်အေးလက်အေး နေကြတာပေါ့"

"ဒါအကောင်းဆုံးပဲ၊ သူ အသာစီးရတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ ခွဲမလျော့ဘဲ ဆက်ပြီး ရင်ဆိုင်သွားကြမယ်ဆိုရင် ရေရှည်မှာ သူ့ကို အနိုင်ယူနိုင်မှာ သေချာပါတယ်၊ ကဲ... လိုက်သွားကြတာပေါ့"

"ကောင်းပြီ"

ထို့နောက် ငါးယောက်သား တောအုပ်ထဲ ပြေးဝင်သွားကြလေသည်။

တောအုပ်ထဲ၌ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ဖုံးလွှမ်းထား လေသည်။

အတုမဲ့သိုင်းသခင်မှာ တောအုပ်ထဲ ဝင်ပြေးသွားပြီးနောက် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

ကိုချင်းထုံတို့ တောအုပ်ထဲရောက်လျှင် ချက်ခြင်း ခြေလှမ်း ရပ်သွားကြသည်။

အချင်းချင်း ကြည့်လိုက်မိကြသည်။

အတုမဲ့သိုင်းသခင်အား ရှာဖို့ မလွယ်မှန်း အားလုံး နား လည်လိုက်ကြလေသည်။

ကိုချင်းထုံက...

"သူ လွတ်သွားလို့ မလွယ်ဘူး၊ ကျုပ်တို့ လူစုခွဲပြီး လိုက် သွားကြမယ်"

ဟု အလောတကြီး ပြောလိုက်သည်။

ကျောက်ရိုက...

"လူခွဲလိုက်ရင် သတိတော့ ထားမှ ဖြစ်မယ်၊ ကျုပ်တို့ သိုင်း ပညာ ဘယ်လောက်ကောင်းကောင်း သူ့ကို တစ်ယောက်ချင်း ရင် ဆိုင်ဖို့တော့ မလွယ်သေးဘူး"

အချင်းချင်း ကြည့်လိုက်မိကြပြန်လေသည်။

ကိုချင်းထုံက...

"သူ့ကို တွေ့တာနဲ့ အသံပြုလိုက်ပါ၊ အသံကြားတဲ့အရပ်ကို ချက်ခြင်း အရောက်လာပါမယ်၊ မကောင်းဘူးလား"

သူ၏အဆိုပြုချက်ကို အားလုံး လက်ခံလိုက်ကြလေသည်။

ထို့နောက်...



"ဟူး... ဟူး... ဟူး"

လူချင်းခွဲကာ ပြေးလွှားသွားကြလေသည်။

အတုမဲ့သိုင်းသခင်အား အမြန်ဆုံးတွေ့အောင် ရှာဖွေကြရ လိမ့်မည် မဟုတ်ပါလား။

သူတို့ လူချင်းခွဲလိုက်ကြခြင်းသည် ကံဆိုးဖို့ ဖြစ်လာလေ တော့သည်။

♣ ♣ ♣

နန်းယုစိမ်းသည် သစ်ပင်များကြားသို့ ပြေးဝင်သွားပြီး မ ကြာမီ မလှမ်းမကမ်း၌ လူရိပ်တခုကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်မှာ ချုံပုတ်ကြီးတခုနောက်သို့ ရိပ်ခနဲ တိုးဝင် ပျောက်ကွယ်သွား၏။

နန်းယုစိမ်း မျက်မှောင်ကုပ်သွား၏။

"အတုမဲ့သိုင်းသခင်ပဲ ဖြစ်ရမယ်"

ချုံပုတ်နောက်သို့ တိုးဝင်ပျောက်ကွယ်သွားသူမှာ အတုမဲ့ သိုင်းသခင် ဖြစ်ရမည် ထင်မိသော်လည်း မသေချာပေ။

လူချင်းခွဲကာ တောအုပ်အတွင်းပိုင်းသို့ ဝင်လာခဲ့ကြသည့် သူတို့လူစုမှ အခြားတစ်ယောက်ယောက်လည်း ဖြစ်နေနိုင်သေး သည် မဟုတ်ပါလား။

ထို့ကြောင့် အသံမပြုဘဲ ချုံပုတ်ကြီးအနောက်ဘက်သို့

ကွေ့ပတ်လျှောက်သွားလိုက်လေသည်။

ချုံပုတ်ကြီးနောက်သို့ ရောက်သွားလျှင် လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရ၏။

အတုမဲ့သိုင်းသခင်ပင် ဖြစ်နေပါသည်။

အတုမဲ့သိုင်းသခင်က လက်နှစ်ဘက် နောက်ပစ်ကာ မလှုပ်မယှက်ရပ်နေ၏။

သူ၏စူးရှသော မျက်လုံးများက နန်းယုစိမ်းအား စိုက်ကြည့်နေ၏။

နန်းယုစိမ်းသည် အတုမဲ့သိုင်းသခင်အား တွေ့မြင်လိုက်ရခြင်းကြောင့် ဝမ်းသာသွားလေသည်။

"သည်ဘက်ကို လာကြဖို့"

ကျောက်ရီတို့လူစုအား အသံပြုလိုက်လေသည်။

တိတ်ဆိတ်နေသော တောအုပ်ထဲ၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အတုမဲ့သိုင်းသခင် ပြုံးလိုက်လေသည်။

"သူတို့ ရောက်မလာခင် ခင်ဗျား သေသွားနိုင်တယ်ဆိုတာ မေ့နေပြီ ထင်တယ်"

ယခုမှ နန်းယုစိမ်း သတိဝင်လာလေသည်။

အံတင်းတင်းကြိတ်ကာ...

"ကျုပ်က ကြောက်နေရမှာလား"

လက်ဦးမှု ရယူပြီး တိုက်ခိုက်လိုက်လေသည်။

သို့သော်...

အတုမဲ့သိုင်းသခင်၏ပညာမှာ သူ့ထက် အဆပေါင်းများစွာ



သာလွန်နေပြီ ဖြစ်ပါသည်။

"ခင်ဗျား ဘာတတ်နိုင်မှာမို့လဲ"

အတုမဲ့သိုင်းသခင်သည် လက်ဝါးနှစ်ဘက်ကို အသုံးပြုကာ ချက်ခြင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ နန်းယုစိမ်းမှာ အဝေးသို့ လွင့်စင်သွားတော့သည်။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင် ဟားတိုက်ရယ်မောလိုက်၏။

သူ၏ခန္ဓာကိုယ်တချက် လှုပ်ရှားလိုက်သည်နှင့် မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေသည့် နန်းယုစိမ်းအနီးသို့ ချက်ခြင်း ရောက်ရှိသွားလေသည်။

"မလှုပ်နဲ့"

အတုမဲ့သိုင်းသခင်က လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်ထားပြီး အော်ငေါက်လိုက်လေသည်။

နန်းယုစိမ်း မျက်နှာပျက်သွားသည်။

အတုမဲ့သိုင်းသခင်အား မည်သို့မျှ မယှဉ်နိုင်ဘဲ ဒုက္ခရောက်ရပေတော့မည်။

သို့သော်...

နန်းကုန်းစိမ်း အလျှော့မပေးဘဲ ခုခံတိုက်ခိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

အတုမဲ့သိုင်းသခင်က စည်းရုံးသိမ်းသွင်းလေသည်။

"ကျုပ်ကို ဆန့်ကျင်ခဲ့ပေမယ့် တစ်ကြိမ်တစ်ခါ ခွင့်လွှတ်လိုက်မယ်၊ ကျုပ်ကို သစ္စာခံပြီး ကျုပ်ရဲ့စကား နားထောင်မယ်၊ ကျုပ်ခိုင်းတာ လုပ်မယ်ဆိုရင် ခင်ဗျားကို ချမ်းသာပေးလိုက်မယ်"

"ကျုပ်ကို သတ်ပစ်လိုက်ပါ"

နန်းယုစိမ်း အံကြိတ်ကာ ပြောလေသည်။

အတုမဲ့သိုင်းသခင်က...

"ခင်ဗျား သေရမှာ မကြောက်ဘူးလား"

နန်းယုစိမ်းက...

"ခင်ဗျားရဲ့ ကျေးကျွန်ဖြစ်ရမှာထက်စာရင် သေသွားရတာက ပိုကောင်းပါသေးတယ်ဗျာ"

"ဩော်"

အတုမဲ့သိုင်းသခင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ထို့နောက်...

"ခင်ဗျား သဘောပါပဲလေ"

နန်းယုစိမ်းအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

နန်းယုစိမ်းကလည်း အကြောက်အကန် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သို့သော် အတုမဲ့သိုင်းသခင်အား မည်သို့မျှ မယှဉ်နိုင်တော့ပါချေ။

"ဝုန်း"

"အား"

အတုမဲ့သိုင်းသခင်၏ ပြင်းထန်သော လက်ဝါးရိုက်ချက် ဦး



ခေါင်းပေါ်သို့ ရောက်ရှိလာလျှင် နန်းယုစိမ်း ရူးရှစွာ အော်ဟစ်လိုက်လေတော့သည်။

♣ ♣ ♣

"အား"

ရူးရှသော အော်ဟစ်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်...

"ဟူး... ဟူး... ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ ကိုချင်းထုံတို့ ပြေးလွှားရောက်ရှိလာကြလေသည်။

မြေပေါ်လဲကျနေသော နန်းယုစိမ်းကို မြင်လျှင် ခံပြင်းသွားကြလေသည်။

ချင်းစုလင်းက...

"နန်းယုစိမ်းတော့ ခံလိုက်ရပြီ"

ဟု ရေရွတ်လိုက်သည်။

ကျောက်ရှီကလည်း မြေပေါ်ခြေဆောင့်လိုက်လေသည်။

"ကျုပ်တို့လူစုကွဲအောင် လုပ်ပြီး တစ်ယောက်ချင်း ရှင်းပစ်ဖို့ ကြိုးစားနေတာ ထင်ရှားတာပဲ"

ကိုချင်းထုံက...

"ကောင်းပြီလေ သူ့ရဲ့ ထောင်ချောက်ထဲ မဝင်မိအောင်

ကျုပ်တို့လူစု မခွဲဘဲ နေကြတာပေါ့"

မရဏဘွားဘွားက…

"ဒါအကောင်းဆုံးပဲ နန်းယုစိမ်း လုပ်ကြံခံလိုက်ရတာကို ကြည့်ရင် အတုမဲ့သိုင်းသခင်ဟာ အသာစီးရနေတာကောင် ခွန်အားကို ဖြုန်းတီးချင်ပုံ မရဘူး၊ ကျုပ်တို့နဲ့ တခါထဲ ရင်ဆိုင်မယ့်အစား တစ်ယောက်ချင်း ခွဲပြီး ရှင်းပစ်ချင်ပုံရတယ်"

ကျောက်ရီက…

"ဒါကို ကြည့်ရင် သူ ထွက်ပြေးရှောင်တိမ်းသွားမှာ မဟုတ်ဘူး၊ သည်အနီးတဝိုက်မှာပဲ ရှိနေလိမ့်မယ်၊ သူ့ကို ကျုပ်တို့ သုတ်သင်ရှင်းလင်းပစ်ချင်သလို သူကလည်း ကျုပ်တို့ကို သုတ်သင်ရှင်းလင်းပစ်ချင်မှာ သေချာနေတာပဲ"

ကိုချင်းထုံ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

တဖန်…

"ခင်ဗျား ဘာကြောင့် ပုန်းနေတာလဲ၊ ကျုပ်တို့ ရောက်လာပြီလေ၊ ခင်ဗျား ထွက်မလာသေးဘူးလား"

ဟု အော်ပြောလိုက်၏။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်…

"ဟား… ဟား… ဟား"

ကျယ်လောင်သော ရယ်မောသံနှင့်အတူ သစ်ပင်တစ်ပင်နောက်ကွယ်မှ လှမ်းထွက်လာသော အတုမဲ့သိုင်းသခင်အား တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣



အတုမဲ့သိုင်းသခင် သဘောကျစွာ ရယ်မောနေသည်။

"သတိထား"

ကိုချင်းထုံတို့က ချက်ခြင်း ဝိုင်းရံထားလိုက်ကြ၏။

အတုမဲ့သိုင်းသခင်အား မည်နည်းနှင့်မျှ အလွတ်မပေးနိုင်ကြပါချေ။

သို့တိုင်…

အတုမဲ့သိုင်းသခင်အား ရင်ဆိုင်နိုင်ဖို့ဆိုသည်မှာလည်း မသေချာဘဲ ဖြစ်နေ၏။

အတုမဲ့သိုင်းသခင်ကတော့ သူတို့လေးယောက်အား မှုမည်မဟုတ်ပါချေ။

ကျောက်ရီက…

"ဘာလဲ ခင်ဗျား အသုံးချဖို့ လူတစ်ယောက် လျော့သွားလို့လား"

"ဟဲ… ဟဲ… မှန်တာပေါ့ဗျာ၊ ခင်ဗျားတို့လေးယောက်ပါ ထပ်ပြီး လျော့သွားဦးမယ်ဆိုရင် ပိုတောင်စိတ်မကောင်းစရာ ဖြစ်ဦးမယ် ထားပါတော့လေ၊ ခင်ဗျားတို့ မရှိတော့လည်း ကျုပ်ဘာသာဆက်ပြီး ဆောင်ရွက်ရမှာပေါ့"

အတုမဲ့သိုင်းသခင်က ပြောရင်း ရှေ့တိုးလာ၏။

သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွား၏။

ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင်များ ဖြစ်ပေါ်လာသည်။

ကျောက်ရီတို့လူစုနှင့် ထိပ်တိုက်ရင်ဆိုင်ကာ သုတ်သင်ရှင်းလင်းပစ်တော့မည် ဖြစ်ပါသည်။

"ကျုပ်က မင်းတို့နဲ့ ယှဉ်ပြိုင်ပြီး ခွန်အားကို မဖြုန်းတီးပစ်ချင်ဘူး၊ ဒါပေမယ့် လူတစ်ယောက်နဲ့ ရင်ဆိုင်ရဦးမယ်ဆိုတော့ အချိန်လည်း မဖြုန်းချင်တော့ဘူး၊ သတိသာ ထားကြပေတော့"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက် အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

"ဟူး... ဟူး"

သူ၏လက်ဝါးနှစ်ဘက်မှ ပြင်းထန်သော လေပွေလှိုင်းများ ဖြစ်ပေါ်လာလေသည်။

ကိုချင်းထုံတို့လေးယောက်လည်း အတွင်းအား ဖော်ထုတ်ကာ လက်တွဲရင်ဆိုင်လိုက်ကြလေသည်။

တောအုပ်ထဲ၌ ပြင်းထန်သော တိုက်ပွဲတခု ဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣

ကိုချင်းထုံ၊ ကျောက်ရီ၊ ချင်းစုလင်းနှင့် မရဏဘွားဘွားတို့သည် တက်ညီလက်ညီ စုပေါင်းကာ အတုမဲ့သိုင်းသခင်အား ရင်ဆိုင်လိုက်ကြလေသည်။

သူတို့လေးယောက် ပေါင်းစည်းခြင်းဖြင့် ရင်ဆိုင်ဆုံးမနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားကြလေသည်။

သို့သော်...



ထိပ်တိုက်ရင်ဆိုင်လိုက်သောအခါ အတုမဲ့သိုင်းသခင်၏ သိုင်းပညာမှာ သူတို့ မျှော်လင့်ထားသည်ထက် ပို၍ မြင့်မားနေကြောင်း လက်တွေ့သိရှိလိုက်ကြရလေတော့သည်။

"ယား"

အတုမဲ့သိုင်းသခင်က ညာသံပေးကာ လက်ဝါးနှစ်ဘက်ကို အဆက်မပြတ် လှုပ်ရှားရိုက်ထုတ်လိုက်လျှင် လက်ဝါးရိပ်များ ရာထောင်ချီ ထွက်ပေါ်လာကာ ကိုချင်းထုံတို့လူစုအား ဖရိုဖရဲ ဖြစ်သွားစေတော့သည်။

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

ကိုချင်းထုံတို့လူစု ချက်ခြင်း ဖရိုဖရဲ လွင့်စင်သွားကြလေတော့သည်။

သူတို့လေးယောက် စုပေါင်းရင်ဆိုင်ခဲ့ကြသော်လည်း အတုမဲ့သိုင်းသခင်အား မည်သို့မျှ မယှဉ်နိုင်ကြောင်း ထင်ရှားသွားလေတော့သည်။

ကိုချင်းထုံတို့ လွင့်စင်လဲကျသွားပြီး မြေပေါ်မှ ကပျာကယာ လူးလိမ့်ထလိုက်ကြလေသည်။

ကိုချင်းထုံ၊ ကျောက်ရီနှင့် မရဏဘွားဘွားတို့ မြေပေါ်မှ ပြန်ထလာနိုင်ခဲ့ကြသော်လည်း ချင်းစုလင်းထ မလာနိုင်တော့ချေ။

မြေပေါ်၌ မှောက်ခုံကြီး လဲကျကာ မလှုပ်မယှက် ဖြစ်နေပါတော့သည်။

"တောက်"

"သိကြသေးတာပေါ့"

မရဏဘွားဘွားနှင့် ကျောက်ရီမှာ ဒေါသချောင်းချောင်းထွက်နေကြပြီ ဖြစ်သည်။

အတုမဲ့သိုင်းသခင်အား မယှဉ်နိုင်မှန်း သိထားကြသော်လည်း ကြောက်ရွံ့စိတ်လုံးဝ မရှိကြတော့ပါ။

ဒေါသတကြီး အော်ဟစ်ပြီး ပြေးဝင်သွားကြလေသည်။

ကိုချင်းထုံကတော့ ရှေ့မတိုးဘဲ နောက်ဆုတ်လိုက်၏။

ခပ်လှမ်းလှမ်းသို့ ရောက်လျှင် သစ်ပင်များကြား ပြေးဝင်သွားလေတော့သည်။

မရဏဘွားဘွားနှင့် ကျောက်ရီတို့က အတုမဲ့သိုင်းသမားနှင့် ရင်ဆိုင်နေကြချိန်၌ ကိုချင်းထုံ ထွက်ပြေးသွားလေတော့သည်။

အတုမဲ့သိုင်းသမား မဲ့ပြုံးပြုံးလိုက်သည်။

သူ့ထံသို့ ပြေးဝင်လာကြသော ကျောက်ရီနှင့် မရဏဘွားဘွားတို့အား ဆီးကြိုရင်ဆိုင်လိုက်လေသည်။

"ခင်ဗျားတို့ ဘာမှ မတတ်နိုင်သေးဘူးဆိုတာ ခုထိ မသိကြသေးဘဲကိုး"

ကျောက်ရီ၏တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းပေးပြီး မရဏဘွားဘွားအနီးသို့ လျှပ်တပြက် ချဉ်းကပ်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

သူ၏လှုပ်ရှားမှု လျင်မြန်လွန်းလှသဖြင့် မရဏဘွားဘွားမရှောင်နိုင်ခဲ့ပါချေ။

"ဝုန်း"



ရှုံးရှစ္စာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားတော့သည်။

မရဏဘွားဘွား ကံဆိုးသွားလျှင် ကျောက်ရီလည်း ထိတ်လန့်ကာ ထွက်ပြေးသွားမည်ဟု အတုမဲ့သိုင်းသမား ထင်မှတ်ထားလေသည်။

သို့သော်...

ကျောက်ရီသည် ထွက်ပြေးခြင်း မပြုသည့်အပြင် နောက်ဆုတ်ရှောင်တိမ်းခြင်းလည်း မပြုပါချေ။

"ယား"

ညာသံပေးကာ ရှေ့တိုးတိုက်ခိုက်လိုက်လေသည်။

မရဏဘွားဘွား သေဆုံးသွားပြီ ဖြစ်သော်လည်း အတုမဲ့သိုင်းသမားအား မယှဉ်နိုင်မှန်းသိသော်လည်း ရင်ဆိုင်ဖို့ ကြိုးစားခြင်းမှာ အဘယ်ကြောင့်ပါနည်း။

ကျောက်ရီသည် ကိုချင်းထုံ ပြောသကဲ့သို့ သူတပါး၏ကျေးကျွန်ဘဝ ရောက်ရမှာကို မလိုလားသဖြင့် အသက်စွန့်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကျောက်ရီက သူသေကိုယ်သေ ရင်ဆိုင်လေသည်။

ထိပ်တန်းသိုင်းသမားကြီးပီပီ သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

အခြားသူတစ်ယောက်ယောက်ဆိုလျှင် ကျောက်ရီ၏လက်ချက်ဖြင့် အသက်ပေးလိုက်ရမည် ဖြစ်ပါသည်။

ကျောက်ရီ၏တိုက်ခိုက်မှုကို ခံနိုင်လိမ့်မည် မဟုတ်ပါချေ။

သို့သော်...

အတုမဲ့သိုင်းသခင်ကား အလွန်ကြောက်စရာကောင်းသူ

ဖြစ်နေပါသည်။

ကျောက်ရီက ပြင်းထန်စွာ တိုက်ခိုက်လိုက်သော်လည်း မယှဉ်နိုင်တော့ပါချေ။

အတုမဲ့သိုင်းသခင်သည် လက်ဝါးတဘက် ဆန့်ထုတ်ကာ ကျောက်ရီ၏ရင်ဝကို ရိုက်ချလိုက်လေသည်။

သူ၏လက်ဝါးရိုက်ချက်သည် ကျောက်ရီ၏ရင်ဝကို တည့်တည့်မတ်မတ် တိုးဝင်သွားလေသည်။

ကျောက်ရီ မရှောင်နိုင်တော့ပါ။

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ကျောက်ရီမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင် ဟားတိုက်ရယ်မောလိုက်လေသည်။

♣ ♣ ♣

"ဟူး... ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေပါသည်။

ကိုချင်းထုံက တဟုန်ထိုး ပြေးသွားလေသည်။

သူ စည်းရုံးသိမ်းသွင်းခဲ့သော မရဏဘွားဘွား၊ ချင်းစုလင်း



နှင့် နန်းယုစိမ်းတို့မှာ အတုမဲ့သိုင်းသမား၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြပြီ ဖြစ်ပါသည်။

အတုမဲ့သိုင်းသခင်အား မည်နည်းနှင့်မျှ ရင်ဆိုင်နိုင်တော့မည် မဟုတ်ပါ။

ကိုချင်းထုံ ခံပြင်းဒေါသထွက်နေသကဲ့သို့ ကြောက်ရွံ့ထိတ်လန့်မှုများလည်း ဖြစ်ပေါ်နေပါသည်။

တဟုန်ထိုး ပြေးလွှားလာရင်း ကျောက်ရီ၏အော်ဟစ်သံ ကြားရလေသောအခါ ခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

နောက်ဆုံး ကျန်ရစ်ခဲ့သော ကျောက်ရီသည်လည်း အတုမဲ့သိုင်းသမားအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားပြီ ဖြစ်ပါသည်။

ကိုချင်းထုံ နောက်လှည့်ကြည့်လိုက်သည်။ ထိုစဉ်...

"ဟူး... ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်တခု လျင်မြန်စွာ ပြေးလွှားလာနေသည်ကို တွေ့ရလေသည်။

အတုမဲ့သိုင်းသခင် လိုက်လာပြီ ဖြစ်ပါသည်။

မည်သို့မျှ ရှောင်မလွတ်နိုင်တော့မှန်း သိ၍ ကိုချင်းထုံ အံတင်းတင်းကြိတ်ကာ ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

အတုမဲ့သိုင်းသခင်က ချက်ခြင်း ရောက်လာသည်။

ကိုချင်းထုံကို ခြေဆုံးခေါင်းဆုံးကြည့်ကာ မေး၏။

"ခင်ဗျား ထွက်မပြေးတော့ဘူးလား"

ကိုချင်းထုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ပြေးလည်း ခင်ဗျား အလွတ်ပေးမှာမှ မဟုတ်ပဲဗျာ"

အတုမဲ့သိုင်းသခင် ရယ်မောလိုက်သည်။

"ကျုပ်ကို သစ္စာဖောက်ရင် ဘယ်သူ့ကိုမှ ချမ်းသာမပေးဘူးဆိုတာ ခင်ဗျား သိပါတယ်"

"ကျုပ်က သည်အတိုင်း ခေါင်းငုံ့ခံနေရမှာတော့ မဟုတ်ဘူးဗျ"

"ခင်ဗျား ကြိုးစားကြည့်ပေါ့ဗျာ"

"ကောင်းပြီ"

ကိုချင်းထုံက စတင်တိုက်ခိုက်လိုက်လေသည်။

အတုမဲ့သိုင်းသခင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကိုချင်းထုံ အကြောက်အကန် တိုက်ခိုက်လိုက်ခြင်းကြောင့် အတုမဲ့သိုင်းသမားမှာ လွယ်လွယ်နှင့်တော့ အနိုင်မရချေ။

သိုင်းကွက်သုံးလေးဆယ်ခန့် ယှဉ်ပြိုင်ပြီးတော့မှ…

"ဝုန်း"

အတုမဲ့သိုင်းသခင် အသာစီးရသွားကာ ကိုချင်းထုံလည်း နောက်ဆုတ်လိုက်ရလေတော့သည်။

အတုမဲ့သိုင်းသမား အနိုင်ရလိုက်သော်လည်း ဆက်၍တိုက်ခိုက်ခြင်း မပြုချေ။

"ခင်ဗျား စဉ်းစားဦးမလား"

"ဘာဗျ"

"ကျုပ်ကို သစ္စာခံပြီး ကျုပ် ခိုင်းတာလုပ်ဖို့ ခင်ဗျား စဉ်းစားမယ်ဆိုရင်တော့ အသက်ရှင်ဖို့ အခွင့်အရေး ရှိပါသေးတယ်လေ"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် စဉ်းစားတော့မှာ မဟုတ်ပါဘူး"



"ဩော်"

အတုမဲ့သိုင်းသခင် မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား ကြိုက်တဲ့လမ်းကို ခင်ဗျား ရွေးချယ်လိုက်တယ်ဆိုတော့ ကျုပ် ဘာမှ မပြောလိုတော့ပါဘူး"

စကားဆုံးလျှင် ရှေ့သို့ လျှပ်တပြက်တိုးကာ ကိုချင်းထုံ၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကိုချင်းထုံ အကြောက်အကန် ခုခံနေသည့်ကြားမှ လျင်မြန်လှသော အတုမဲ့သိုင်းသမား၏ လက်ဝါးရိုက်ချက်ကို မရှောင်နိုင်ဘဲ…

"ဝုန်း"

"အား"

အဝေးသို့ လွင့်စင်သွားလေတော့သည်။

အတုမဲ့သိုင်းသခင်က ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ပါချေ။

တိုက်ခိုက်စရာ မလိုတော့ခြင်းကြောင့် ဖြစ်သည်။

ကိုချင်းထုံမှာ မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားသည် မဟုတ်ပါလား။

မြေပေါ်မှ ပြန်ထမလာနိုင်တော့ပါ။

ကိုချင်းထုံမှာ အတုမဲ့သိုင်းသခင်၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

♣ ♣ ♣

## နောက်ဆုံးလူ

လေပြည်လေညှင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

ရောင်စုံတောပန်းကလေးများ ငွားငွားစွင့်စွင့် ဖူးပွင့်နေသည့်တိုင် တိုက်ခတ်လာသော လေပြည်ထဲ၌ မွှေးကြိုင်သော ပန်းရနံ့များ အစား သွေးညှီနံ့များ လွင့်ပျံ့လာသည် ထင်ရ၏။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကျေးသံများကိုလည်း မကြားရပါ။

ဝန်းကျင်တခုလုံး ချောက်ခြားဖွယ်ကောင်းနေသည်ဟုပင် ထင်ရပေတော့သည်။

အတုမဲ့သိုင်းသခင်က တောအုပ်ထဲမှ ထွက်လာခဲ့လေ၏။

တောအုပ်အပြင်ဘက်သို့ ရောက်လျှင် လူကစ်ယောက်ကို တွေ့လိုက်ရလေသည်။



ယို့ချီ ဖြစ်လေသည်။

ယို့ချီက မလှုပ်မယှက် ရပ်နေရာ အတုမဲ့သိုင်းသခင်၏သွားရာလမ်းကို ပိတ်ဆို့တားဆီးထားသကဲ့သို့ ရှိနေတော့သည်။

အတုမဲ့သိုင်းသခင် သက်ပြင်းချလိုက်သည်။

"နောက်ဆုံး ကျုပ်တို့နှစ်ယောက် ဆုံတွေ့ကြရပြီပဲ"

ယို့ချီက...

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ် ရိပ်မိနေပါပြီဗျာ"

အတုမဲ့သိုင်းသခင် ခေါင်းညိတ်လိုက်သည်။

"ကျုပ် နားလည်တယ်၊ နေဝန်းဂေဟာ ပျက်စီးသွားချိန်မှာ မင်း အသက်ရှင်လျက် လွတ်မြောက်ခဲ့တာ ကံကောင်းတာပဲ၊ မင်း အသက်ရှင်နေရင် တစ်နေ့ ကျုပ်ကို ဒုက္ခပေးနိုင်တာဆိုတာ ကျုပ် ရိပ်မိတာပေါ့"

ယို့ချီက...

"ဒါကြောင့် ကျုပ် ဒုက္ခရောက်အောင် လုပ်ခဲ့တာပဲ မဟုတ်လား၊ ခင်ဗျားရဲ့ လက်ဝါးသိုင်းဟာ ကျုပ်တို့ဂေဟာရဲ့ လက်ဝါးသိုင်းနဲ့ ခပ်ဆင်ဆင်တူနေတယ်၊ ဒါကြောင့် ခင်ဗျား လက်ဝါးသိုင်း အသုံးပြုပြီး မကောင်းမှုတွေ ပြုလုပ်ကိုင်းမှာ ကျုပ်တို့ဂေဟာအပေါ် သိုင်းလောကသားတွေရဲ့ အထင်မှားစရာ ဖြစ်ခဲ့ရတယ်၊ အခုတော့ သည်အချက်တခုထဲကပဲ ခင်ဗျား ဘယ်သူလဲဆိုတာကို ကျုပ် ဖော်ထုတ်နိုင်ခဲ့ပါပြီဗျာ"

"ဟား... ဟား... ဟား"

အတုမဲ့သိုင်းသခင် သဘောကျစွာ ရယ်မောလိုက်လေ၏။

ယို့ချီက စိုက်ကြည့်နေသည်။

အတုမဲ့သိုင်းသခင်သည် ဟားတိုက်ရယ်မောပြီးလျှင် ယို့ချိုအား မေးလိုက်လေသည်။

"ကဲ... ကျုပ် ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး"

ယို့ချိုက...

"ခင်ဗျားဟာ နဂါးစံအိမ်ပိုင်ရှင် သွေးနဂါးလုံကျွန်းဆိုတာ ကျုပ် သိထားပါတယ်ဗျာ"

အတုမဲ့သိုင်းသခင် ခေါင်းညိတ်လိုက်သည်။

"မင်း မဆိုးဘူး၊ ကျုပ်ဟာ လုံကျွန်းပါပဲ"

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေတော့သည်။

♣ ♣ ♣

သွေးနဂါးလုံကျွန်း...

အတုမဲ့သိုင်းသခင်သည် ထင်ရှားသော သိုင်းရာဇာလေးဦး၌ ပါဝင်သည့် သွေးနဂါးလုံကျွန်း ဖြစ်နေပါသည်။

သိုင်းလောက၌ ထူးခြားထက်မြက်သော သိုင်းပညာရပ် ကိုယ်စီဖြင့် ထင်ရှားသည့် သိုင်းရာဇာလေးဦး ရှိခဲ့သည်ကို သိုင်းလောကသားတိုင်း အသိ ဖြစ်လေသည်။

သိုင်းရာဇာလေးဦး ပူးပေါင်းလိုက်ပါက သိုင်းလောကကိုပင် လွှမ်းမိုးနိုင်လောက်သည်ဟု ရောင်လင်ကျောင်းထိုင်ကိုယ်တိုင် မှတ်ချက်ပြုရသည်အထိ ထက်မြက်ခဲ့ကြသူများ ဖြစ်လေသည်။



သိုင်းရာဇာလေးဖော် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားခဲ့ကြသော်လည်း တစ်နေ့တွင် ရန်သူတစ်ယောက်၏လက်ချက်ဖြင့် လုပ်ကြံခံခဲ့ရလေသည်။

သိုင်းရာဇာလေးဦးစလုံး သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ကြသည်။

သို့ဖြင့်...

နောက်ပိုင်းတွင် သိုင်းရာဇာလေးဦးအား သိုင်းလောကတခုလုံး မေ့သွားကြသကဲ့သို့ ဖြစ်သွား၏။

သိုင်းလောကသည်လည်း အေးချမ်းငြိမ်သက်နေခဲ့ပြီးမှ တဖန် ထူးခြားသော ကိစ္စများ ဖြစ်ပေါ်လာခဲ့လေသည်။

ဇာတ်မြှုပ်ပျောက်ကွယ်နေသော အနက်ရောင်သိုင်းသမားများ သိုင်းလောက၌ ပြန်လည်ထွက်ပေါ်လာခဲ့ကြခြင်း ဖြစ်လေသည်။

အနက်ရောင်သိုင်းသမားများ ထွက်ပေါ်လာသည့်နည်းတူ ပန်းနီကျေးရွာ၌ နဂါးစံအိမ်ပိုင်ရှင် သွေးနဂါးလုံကျွန်း ခိုအောင်းနေသည်ဟူသော သတင်းများလည်း ဖြစ်ပေါ်လာခဲ့လေသည်။

ယခုတော့...

ထွက်ပေါ်ခဲ့သော သတင်းများ မှန်ကန်နေပြီ ဖြစ်သည်။

သွေးနဂါးလုံကျွန်း ပြန်လည်ထွက်ပေါ်လာသည်။

ယို့ချိုက သွေးနဂါးလုံကျွန်းကို ဖော်ထုတ်ကာ ရင်ဆိုင်နိုင်ခဲ့ပြီ ဖြစ်လေသည်။

♣ ♣ ♣

လေဝေ့ယမ်း တိုက်ခတ်လာသောအခါ ယို့ချီ၏အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်သွားလေသည်။

ယို့ချီက မလှုပ်မယှက် ရပ်နေသည်။

အတုမဲ့သိုင်းသခင်(ဝါ) သွေးနဂါးလုံကျန်းကလည်း မလှုပ်မယှက်…

ယို့ချီက မေးလိုက်သည်။

"ခင်ဗျားဟာ သိုင်းလောကတခုလုံး ကြည်ညိုလေးစားရတဲ့ သိုင်းရာဇာတစ်ဦး ဖြစ်ခဲ့ပေမယ့် ဘာကြောင့်များ ခုလို လုပ်ခဲ့ရတာလဲဗျာ"

"သိုင်းလောကကို လွှမ်းမိုးချင်လို့ပေါ့ကွာ"

"သိုင်းလောကသားတိုင်းရဲ့ ရင်ထဲမှာ သိုင်းပညာ တိုးတက်လိုစိတ်နဲ့ သိုင်းလောကတခုလုံး ဦးနိုက်ခံရတဲ့ဘဝကို လိုချင်မက်မောကြတယ်၊ သူ့လို ဘဝမျိုး ပိုင်ဆိုင်နိုင်အောင် ကြိုးစားကြတယ်၊ ကျုပ်လည်း သည့်သဘောပါပဲ"

"သိုင်းလောကဟာ တစ်ဦးကောင်းတစ်ယောက်ကောင်းအတွက်မှ မဟုတ်တာပဲဗျာ"

သိုင်းလောက၌ အမျိုးမျိုးသော သိုင်းသမားများ မှိတင်းနေထိုင်လျက် ရှိကြပေသည်။

သိုင်းလောကသားများသည် လွတ်လပ်မှုနှင့် ပျော်ရွှင်မှုကို မြတ်နိုးခုံမင်ပြီး ဇာတိမြေကို အရေးထား ခင်တွယ်သူများ ဖြစ်ကြပေသည်။

သိုင်းလောကသားတစ်ယောက် ဖြစ်ရသည်မှာ ဂုဏ်ယူစရာကောင်းသည့်ကိစ္စ ဖြစ်သော်လည်း သိုင်းလောကကို လွှမ်းမိုးချုပ်



ကိုင်လိုစိတ် ရှိသူများကြောင့် သိုင်းလောကသည် အရုပ်ဆိုးအကျည်းတန် သွားရတတ်ပေတော့သည်။

သိုင်းလောကသားများ၏ သဘောဆန္ဒမပါဘဲ လွှမ်းမိုးချုပ်ကိုင်လိုသူကား အလွန်အတ္တမာနကြီးပြီး မိမိ၏အကျိုးကိုသာ ရှေ့တန်းတင်သူ သိုင်းလောကအတွက် မလိုလားအပ်သူ ဖြစ်လေသည်။

ထိုကဲ့သို့သော လူစားမျိုးများ ပေါ်ပေါက်လာပါက သိုင်းလောကတခုလုံး ဝိုင်းဝန်းဆန့်ကျင်လေ့ ရှိသည်။

ယခုလည်း အတုမဲ့သိုင်းသခင်အား ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြပြီဖြစ်ပါသည်။

အတုမဲ့သိုင်းသခင်သည် သွေးနဂါးလုံကျန်း ဖြစ်နေသောအခါ ယို့ချီက ရင်ထဲမှ မရှင်းလင်းသော ကိစ္စများကို မေးမြန်းလိုက်လေသည်။

"သိုင်းရာဇာလေးယောက်ဟာ မိတ်ဆွေရင်းချာတွေ ဖြစ်ခဲ့ကြပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ သစ္စာဖောက်ပြီး လုပ်ကြံခဲ့တယ်၊ ဘာကြောင့်လဲ"

လုံကျန်းက…

"သူတို့က ကျုပ်နဲ့ ပူးပေါင်းလက်တွဲဖို့ ငြင်းခဲ့ကြလို့ပေါ့"

"ဘာဗျ"

"သူတို့သုံးယောက် ကျုပ်နဲ့ ပူးပေါင်းလက်တွဲမယ်ဆိုရင် သိုင်းလောကကို လွှမ်းမိုးနိုင်မှာ အသေအချာပဲ၊ သူတို့က ငြင်းခဲ့တယ် ကျုပ် အကြံကို လူသိမခံနိုင်ဘူး၊ ကျုပ် ဘာသာဆက်ပြီး ကြိုးစားရင်လည်း သူတို့က ဝိုင်းပြီး နှောင့်ယှက်ဟန့်တားကြတော့မယ်၊ ဒါကြောင့် ရှင်းပစ်ခဲ့ရတာပဲ၊ သူတို့သာ မဓိုက်မဲခဲ့ကြဘူးဆိုရင် သိုင်း

လောကတခုလုံး ကျုပ် ခြေဖဝါးအောက်ကို ရောက်နေတာ ကြာပြီ ပေါ့”

လုံကျွန်းသည် ပြောရင်း မကျေမနပ် ဖြစ်လာပုံရှိသည်။

သူ၏မျက်လုံးများလည်း ရီဝေလာသည်။

အတိတ်မှ ဖြစ်ရပ်များကို မြင်ယောင်လာပုံ ရှိလေသည်။

“ကျုပ်က သူတို့ကို ရှင်းပစ်ခဲ့တယ်”

သိုင်းရာဇာသုံးဦးအား လုပ်ကြံခဲ့ပုံများကို ပြောပြလိုက်လေတော့သည်။

♣ ♣ ♣



## အပြင်းပြဆုံးဆန္ဒ

အေးမြသော ညချမ်းအချိန်အခါ ဖြစ်လေသည်။

နဂါးစံအိမ်အပေါ် ထပ်ရှိ ကျယ်ဝန်းသော လေသာဆောင်၌ စားသောက်ပွဲတခု ကျင်းပရန် စီစဉ်ထားသော စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အရက်များ အလျှံပယ် ရှိနေသည်။

သို့သော်...

စားသောက်မည့်သူများတော့ ရှိမနေသေးပါ။

နဂါးစံအိမ်ပိုင်ရှင် လုံကျွန်း ချိန်းဆိုထားသော ဧည့်သည်များ ရောက်မလာကြသေးချေ။

လုံကျွန်းက မည်သည့်ဧည့်သည်များအား ချိန်းဆိုထားပါသနည်း။

လုံကျန်း ချိန်းဆိုထားသည့် ဧည့်သည်များကားနယ်နယ်ရရ သိုင်းသမားများ မဟုတ်ကြပါချေ။

နေမင်းရာဇာ ယို့မုပင်း

ဓားသခင် ကျင်းတိမိန်

သံမဏိလက်ညှိုး စုမာဖုံး

စသည့် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းရာဇာသုံးယောက် ဖြစ်လေသည်။

လုံကျန်းသည်လည်း သွေးနဂါးလုံကျန်းဟူသော ဘွဲ့ထူးဖြင့် သိုင်းလောက၌ ထင်ရှားနေသော သိုင်းရာဇာတစ်ဦးပင်...

သူတို့ သိုင်းရာဇာလေးဦးမှာ ခင်မင်ရင်းနှီးနေကြပြီး တစ်ယောက်နှင့်တစ်ယောက် ဝင်ထွက်သွားလာမှုများ ရှိခဲ့ကြလေသည်။

ယခု...

လုံကျန်းက အရေးကြီးသော ကိစ္စတခု တိုင်ပင်ဆွေးနွေးလိုသည်ဟူသော အကြောင်းပြချက်ဖြင့် ကျန်သိုင်းရာဇာလေးယောက်အား ဖိတ်ခေါ်ခဲ့လေသည်။

ကျန်သိုင်းရာဇာသုံးယောက်မှာ ဖိတ်ခေါ်မှုကို လေးစားလက်ခံကာ မဖြစ်မနေ အရောက်လာကြလိမ့်မည်ဟု လုံကျန်း ယုံကြည်ထားလေသည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

ဧည့်သည်တစ်ယောက် ရောက်ရှိလာပြီ ဖြစ်ပါသည်။

ထိုဧည့်သည်မှာ သိုင်းရာဇာလေးဦး၌ ပါဝင်နေသူတစ်ယောက် ဖြစ်ရပေမည်။



လုံကျန်းက စားပွဲ၌ ထိုင်ကာ အေးအေးဆေးဆေးပင် စောင့်ဆိုင်းနေလိုက်လေသည်။

မကြာပါချေ။

"ကြွပါ ခင်ဗျာ ကြွပါ"

အိမ်ဖော်လုလင်များ၏ ဖိတ်ခေါ်သံနှင့်အတူ ဧည့်သည်တစ်ယောက် လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

ရောက်လာသော ဧည့်သည်ကား နေမင်းရာဇာ ယို့မုပင်း ဖြစ်နေပါသည်။

"မိတ်ဆွေကြီး ရောက်လာပြီကိုး"

လုံကျန်း ထိုင်ရာမှထကာ ပျာပျာသလဲ ကြိုဆိုလိုက်သည်။

ယို့မုပင်းက...

"မိတ်ဆွေ ဖိတ်ခေါ်လိုက်တယ်ဆိုတော့လည်း အလေးထားပြီး လာခဲ့ရတာပေါ့ဗျာ"

"ဟဲ... ဟဲ... ကျုပ်ကို အလေးထားတဲ့အတွက် ကျေးဇူးပါပဲဗျာ။ ကဲ... ထိုင်ပါဦး"

လုံကျန်းက နေရာထိုင်ခင်းပေးပြီး ယို့မုပင်းအတွက် အရက်တခွက် ငှဲ့ပေးလိုက်လေသည်။

ယို့မုပင်းသည် စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည်ကို ကြည့်ပြီး...

"ခင်ဗျား တခြားဧည့်သည်တွေကိုလည်း ဖိတ်ခေါ်ထားသေးတယ် ထင်ပါရဲ့"

ဟု မေးလိုက်လေသည်။

လုံကျန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဘယ်သူများလဲဗျ"

"ကျုပ်တို့ မိတ်ဆွေရင်းချာတွေပါ"

ယို့မုပင်းက...

"ကျင်းတိမိန်နဲ့ စုမာဖုံးကို ပြောတာများလားဗျာ"

"ဟဲ... ဟဲ... သူတို့က လွဲပြီး ဘယ်သူရှိရဦးမှာလဲဗျာ"

"သူတို့ ခုထိ ရောက်မလာကြသေးဘူးလား"

ထိုစဉ်...

"ကျုပ် ရောက်လာပါပြီဗျာ"

စကားသံနှင့်အတူ ဓားသခင် ကျင်းတိမိန် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟော မိတ်ဆွေကြီး ရောက်လာပြီ"

လုံကျန်းက ကြိုဆိုလိုက်၏။

ကျင်းတိမိန်က...

"မိတ်ဆွေ ယို့မုပင်းလည်း ရောက်နေပြီဆိုတော့ စုမာဖုံး တစ်ယောက်ပဲ လိုတော့တယ်"

"ဟုတ်ပါတယ်ဗျာ"

"သူလည်း မကြာခင် ရောက်လာပါလိမ့်မယ်"

သူတို့၏စကားသံများနှင့် မရှေးမနှောင်းမှာပင် အပေါ်ထပ်သို့ လူတစ်ယောက် တက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား စုမာဖုံး ဖြစ်ပါသည်။

စုမာဖုံးလည်း ရောက်လာပြီ ဖြစ်ရာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းရာဇာလေးဦး ဆုံမိကြပြီ



ဖြစ်ပါသည်။

"ကဲ... မိတ်ဆွေတို့ စားသောက်လိုက်ကြပါဦးဗျာ"

လုံကျန်းက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံလိုက်လေတော့သည်။

♣ ♣ ♣

လုံကျန်းသည် မိတ်ဆွေသုံးယောက်အား လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေး ပြုစုခဲ့လေသည်။

ဟင်းလျာများကား ထိပ်တန်းလက်ရာများ ဖြစ်သည်။

ကောင်းပေ့ညွန့်ပေ့ဆိုသည့် ဟင်းလျာများအပြင် အကောင်းစားအရက်လည်း ပါရှိလေသည်။

စုမာဖုံးက ချီးကျူးလိုက်သည်။

"အင်း... နဂါးစံအိမ်ကို လာခဲ့ရတာ ထိပ်တန်းစားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ လာပြီး စားသောက်နေရသလိုပါပဲဗျာ"

ဓားသခင် ကျင်းတိမိန် ရယ်မောလိုက်လေသည်။

"မိတ်ဆွေကြီးလုံကျန်းက အထူးဂရုစိုက် ပြင်ဆင်ကျွေးမွေးပုံထောက်ရင် အကြောင်းတခုခုတော့ ရှိနေပြီ ထင်တယ်"

ယို့မုပင်း ထောက်ခံလိုက်သည်။

"ဟုတ်တယ်ဗျို့၊ ခုတလော မိတ်ဆွေကြီးလုံကျန်း သိုင်းလောကထဲမှာ ခြေများနေတယ်ဆိုတာ ကျုပ် သတိပြုမိတယ်၊ ထူး

ခြားတဲ့ အကြောင်းကိစ္စတခု ရှိနေမှာမလွဲဘူး၊ ကဲ ဘယ်လိုလဲ ကျုပ်တို့ပြောတာ ဟုတ်တယ် မဟုတ်လားဗျာ"

လုံကျန်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ၊ အရေးကြီးတဲ့ ကိစ္စတခု တိုင်ပင်ဆွေးနွေးချင်တာကြောင့် မိတ်ဆွေတို့ကို ဖိတ်ခေါ်လိုက်ရတာပါ"

အားလုံးက လုံကျန်းကို ကြည့်လိုက်ကြသည်။

စားသောက်ပြီးစီးသွားကြပြီ ဖြစ်သလို လုံကျန်း၏အရေးကြီးသောကိစ္စကို နားထောင်ဖို့သာ ရှိတော့သည် မဟုတ်ပါလား။

လုံကျန်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ် အခုတလော သိုင်းလောကထဲမှာ ခြေမျှားနေခဲ့တာ အမှန်ပါပဲ၊ ဘာကြောင့်လဲဆိုရင် သိုင်းလောကရဲ့ အခြေအနေကို လိုက်ပြီး လေ့လာစုံစမ်းနေခဲ့တာပါပဲ"

စုမာဖုံးက...

"အကြောင်းထူးတခုခုများ ရှိနေလို့လားဗျာ"

လုံကျန်းက...

"ဟုတ်ပါတယ်"

သိုင်းရာဇာများပီပီ အကြောင်းထူး ရှိနေသည်ဆိုခြင်းကို စိတ်ဝင်စားသွားကြလေသည်။

"ပြောပါဦးဗျာ"

"ဘယ်လိုအကြောင်းထူးများ ရှိလို့လဲ"

ဟုတိုင်းမေးလိုက်ကြသည်။

လုံကျန်းက...

"သိုင်းလောကထဲမှာ ကျုပ် လေ့လာကြည့်တဲ့အခါမှာ



ပေါ်ယံကြည့်ရင် အေးချမ်းငြိမ်သက်နေပေမယ့် ဂရုစိုက်ပြီး လေ့လာကြည့်ရင် သိုင်းလောကသား အတော်များများဟာ အထင်ကြီး တခွဲသားနဲ့ မာန်မာနတွေ တက်ပြီး သူတလူငါတမင်း လုပ်ချင်တဲ့သဘောမျိုးတွေ ရှိနေတာကို တွေ့ခဲ့ရတာပါပဲ"

စုမာဖုံးက...

"သည့်လိုအဖြစ်မျိုးတွေ သိုင်းလောကထဲမှာ အများကြီး ရှိနေတာ အမှန်ပါပဲဗျာ"

ဟု ထောက်ခံလိုက်လေသည်။

ယို့မုပင်းက...

"ဘယ်သူတွေ ဘယ်လောက်ပဲ မာန်မာန ထောင်လွှားကြပါစေ သိုင်းလောကကို နှောင့်ယှက်ဖျက်ဆီးဖို့ ကြိုးစားရင်တော့ ကျုပ်က ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး၊ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမှာပါ"

သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ဖြေလေ၏။

လုံကျန်းက...

"တစ်ယောက်ယောက်က သိုင်းလောကကို ဒုက္ခပေးလာမယ်ဆိုရင် အဲသည်လူကို တားဆီးဟန့်တားရမယ်၊ ဆုံးမနိုင်နင်းရမယ်ဆိုတာ သိုင်းလောကသားတိုင်း သိကြပါတယ်၊ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားခဲ့တဲ့ သိုင်းသမားတွေ ထွက်ပေါ်လာခဲ့ဖူးတဲ့ သာဓကတွေ ရှိပါတယ်၊ သူတို့ကို ဟန့်တားဆုံးမနိုင်ခဲ့ကြတာချည်းပါပဲ၊ ဒါပေမယ့်..."

စကားတပိုင်းတစဖြင့် ရပ်ထားလိုက်လေသည်။

ဓားသခင် ကျင်းတိမ်နက...

"ဒါပေမယ့် ဘာဖြစ်သလဲဗျာ"

လုံကျန်း ပြောလိုသည့် လိုရင်းအဓိပ္ပါယ်ကို မေး၏။

ထိုအခါမှ လုံကျန်း ဆက်ပြောလေသည်။

"အဲသည် လူစားမျိုးကို မဟန့်တားနိုင်ခင် ဟန့်တားဖို့ ကြိုးစားနေစဉ် အချိန်ကာလမှာတော့ သိုင်းလောက အတော်လေး ဒုက္ခရောက်ခဲ့တယ်ဆိုတာကို ကျုပ် သတိပြုမိထားပါတယ်"

"ဒါအမှန်ပါပဲဗျာ"

ဓားသခင် ကျင်းတိမိန် ထောက်ခံလိုက်လေသည်။

"သိုင်းလောကကို လွှမ်းမိုးချင်တဲ့ လူတစ်ယောက် ပေါ်ပေါက်လာပြီဆိုတာနဲ့ သွေးထွက်သံယို တိုက်ပွဲတွေ အဆက်မပြတ် ဖြစ်ပေါ်လာတော့တာပါပဲ၊ ဝမ်းနည်းကြေကွဲစရာတွေနဲ့ ကြုံတွေ့ပြီးမှ ဒုက္ခပေးတဲ့လူကို ဆုံးမနိုင်ကြတာချည်းပါပဲ"

လုံကျန်းက...

"ကျုပ်က သည်လိုအဖြစ်မျိုးတွေ ထပ်ပြီး မပေါ်ပေါက်လာရလေအောင် ဒုက္ခပေးမယ့်လူ ပေါ်ပေါက်လာမှ ဆုံးမနှိမ်နင်းနိုင်တာထက် ခုလို သိုင်းလောကတခုလုံး အေးချမ်းငြိမ်သက်နေတုန်းပဲ ကြိုတင်တားဆီး ကာကွယ်ထားတာ အကောင်းဆုံးလို့ ယူဆမိတယ်"

သူ၏စကားကို အားလုံး တက်ညီလက်ညီ ထောက်ခံလိုက်ကြလေသည်။

"သိပ်ကောင်းတာပေါ့ဗျာ"

"အတော့်ကို တန်ဖိုးရှိတဲ့ အတွေးမျိုးပဲဗျို့"

"မိတ်ဆွေ ပြောတာကို လက်ခံပါတယ်ဗျာ"

လုံကျန်း ကျေနပ်သွားလေသည်။



"သိုင်းလောကကို နှောင့်ယှက်မယ့်လူ မပေါ်ပေါက်လာရလေအောင် သိုင်းလောက အစဉ်အမြဲ အေးချမ်းသာယာနေရလေအောင် တာဝန်ယူဆောင်ရွက်မယ့် လူတစ်ယောက် ဒါမှမဟုတ် အဖွဲ့တဖွဲ့တော့ ရှိသင့်တယ်လို့ ကျုပ်ယူဆမိတယ်"

စုမာဖုံးက...

"သည်ကိစ္စကို ဘယ်သူမှ လျစ်လျူရှုမထားပါဘူး၊ အဖြူရောင်သိုင်းသမားအားလုံးက မဖြစ်သင့်တာ မဖြစ်ရလေအောင် တာဝန်ယူ ဖြေရှင်းပေးနေကြတာပဲ၊ ရှောင်လင်၊ ဝူတန်း၊ ဂူဗီး အစရှိတဲ့ သိုင်းအဖွဲ့ကြီးတွေကလည်း ကြိုးပမ်းဆောင်ရွက်နေကြတာပဲ မဟုတ်လားဗျာ"

ယို့မုပင်းက...

"ဟုတ်ပါတယ်၊ အားလုံး ဝိုင်းပြီး စောင့်ရှောက်နေကြတဲ့ သဘော ရှိနေတာပဲ မဟုတ်လားဗျာ"

လုံကျန်း၏မျက်နှာ ပို၍ တည်ကြည်လေးနက်လာသည်။

"အားလုံး ဝိုင်းပြီး စောင့်ထိန်းနေကြပေမယ့် သူ့လိုလို ကိုယ်လိုလိုနဲ့ လစ်ဟင်းမှုတွေ အများကြီး ရှိခဲ့ပါတယ်၊ ဒါကြောင့်လည်း တခါတခါ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာတာပေါ့ဗျာ"

စုမာဖုံးက...

"မိတ်ဆွေမှာ အကြောင်းတခုခုတော့ ရှိနေပြီ ထင်ပါတယ်"

လုံကျန်းက...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် ဖြစ်စေချင်တာက သိုင်းလောက အကျိုးကို တာဝန်ယူဆောင်ရွက်မယ့်လူတစ်ယောက် သီးသန့်ရှိနေသင့်တာပါပဲ၊ သူဟာ သိုင်းလောကမှာ ဘယ်လို ပြဿနာမျိုးမှ မ

ပေါ်ပေါက်ရလေအောင် သိုင်းလောက အေးချမ်းသာယာနေရလေအောင် တချိန်လုံး ဂရုစိုက် ဆောင်ရွက်သွားမယ့် လူစားမျိုးပဲ ဖြစ်ရမယ်၊ ဘဝတခုလုံး ရင်းနှီးမြှုပ်နှံပြီး သိုင်းလောကအကျိုးကို ဆောက်ရွက်လုပ်ကိုင်မယ့်လူ ဖြစ်ရပါ့မယ်"

ယို့မုပင်း ပြုံးလိုက်သည်။

"အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ စကားပဲဗျို့"

ကျင်းတိမိန်က...

"သိုင်းလောကအကျိုး ဆောင်ရွက်နေကြတယ်ဆိုပေမယ့် တခြားကိစ္စတွေနဲ့ အလုပ်ရှုပ်ပြီး မအားမလပ်တာမျိုး ရှိတတ်ပါတယ်၊ ဘယ်အချိန်မှာမဆို အာရုံစူးစိုက်ဆောက်ချထားရမယ်ဆိုတာတော့ ခက်ခဲပါလိမ့်မယ်၊ သည်လို လူစားမျိုး မရှိသေးတာ အမှန်ပဲ"

စုမာဖုံးလည်း သဘောတူလေသည်။

"သည်လို လူစားမျိုး ပေါ်ပေါက်လာရင်တော့ တခေတ်မှာ တစ်ယောက်ဆိုသလို ရာဇဝင်တွင်မယ့် သိုင်းလောက သူရဲကောင်း ဖြစ်လာမှာပါပဲ"

လုံကျန်း ကျေနပ်သွားလေသည်။

"စိတ်ချပါဗျာ သည်လို လူစားမျိုးတွေ ကျိန်းသေပေါ်ထွက်လာမှာပါ"

"ပေါ်ထွက်လာမယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

လုံကျန်းက လက်လေးချောင်း ထောင်ပြလိုက်သည်။

"တစ်ယောက်ထဲတော့ မဟုတ်ဘူး၊ လေးယောက် ရှိပါ



တယ်ဗျာ"

ယို့မုပင်း၊ စုမာဖုံးနှင့် ကျင်းတိမိန်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။ ဒါဖြင့်...

"သည်လို လူစားမျိုးက တကယ်ပဲ ရှိမှာလား"

"ဘယ်သူများလဲဆိုတာ သိချင်ပါသေးတယ်ဗျာ"

"တစ်ယောက်ထဲ မဟုတ်ဘဲ လေးယောက်ဆိုတော့ အံ့သြစရာတောင် ကောင်းနေပါပြီဗျာ"

လုံကျန်းက...

"ခင်ဗျားတို့ တွေ့ချင်ကြရင် ဝေးဝေးရှာနေစရာ မလိုပါဘူး၊ သည်နေရာမှာပဲ ရှိနေပါတယ်ဗျာ"

ဟု ပြောလျှင် စုမာဖုံးတို့ ဟာင်ခနဲ ဟာခနဲ ဖြစ်သွားကြလေတော့သည်။

♣ ♣ ♣

လုံကျန်း၏မျက်နှာ ပြုံးရွှင်နေသည်။

စုမာဖုံးတို့ကား ဘာအံ့ဩ ဖြစ်နေကြလေသည်။

အချင်းချင်း ကြည့်လိုက်ကြသည်။

ပြီးမှ လုံကျန်းဘက်သို့ လှည့်လိုက်ကြလေသည်။

လုံကျန်းက...

"မိတ်ဆွေတို့ ရာဇဝင်တွင်မယ့် သူရဲကောင်းလေးယောက်

ကို မတွေ့ချင်ဘူးလားဗျာ"

မုယုံပင်းက...

"မိတ်ဆွေပြောတဲ့ သူ့ရဲကောင်းလေးယောက်ထဲမှာ ကျုပ်ကိုပါ ထည့်တွက်ထားမယ်ဆိုရင် မိတ်ဆွေ မှားယွင်းနေပြီလို့ ပြောချင်ပါတယ်ဗျာ"

လုံကျန်းက...

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်ရဲ့ဘဝကို မြုပ်နှံပြီး ဓောက်ချလုပ်ကိုင်ဖို့ဆိုတာ မဖြစ်နိုင်လို့ပါ၊ ကျုပ်သား ယို့ချီနဲ့ တခြားကိစ္စတွေအတွက် အချိန်ပေးဖို့ ရှိနေသေးလို့ပါ"

ယို့မုပင်း၏စကားကို ခရေခြံဝင်းပိုင်ရှင် ဓားသခင် ကျင်းတိမိန် ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်ဗျို့၊ ကျုပ်လည်း သမီးလေးကျင်းကျင်းရဲ့ ဘဝရေ့ရေးအတွက် စီစဉ်ရဦးမယ်၊ ပြီးတော့ ကျုပ်ရဲ့ ကိုယ်ပိုင်အချိန်တွေဟာ ဝါသနာပါရာကိစ္စတွေ ဆောင်ရွက်ရမယ်ဆိုတော့ တချိန်လုံး အချိန်ပေးထားဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူးဗျာ"

သံမဏိလက်ညှိုး စုမာဖုံးလည်း ငြင်းလိုက်လေသည်။

"သိုင်းလောကဟာ ရှုပ်ထွေးပွေလီတဲ့သဘော ရှိပါတယ်၊ အန္တရာယ် မပေါ်ပေါက်လာအောင် ကြိုတင်တားဆီး ကာကွယ်သွားရမယ်ဆိုတာ မှန်ပေမယ့် ဘာဖြစ်လာမလဲဆိုပြီး တချိန်လုံး မျက်လုံးဒေါက်ထောက်ကြည့်နေဖို့ဆိုတာ မလွယ်ပါဘူး၊ ကျုပ်က သည်လောက် စိတ်ရှည်မယ့် လူတစ်ယောက် မဟုတ်တာ သေချာပါတယ်"

သုံးယောက်သား လုံကျန်း၏စကားကို လက်မခံနိုင်ဘဲ ငြင်း



ပယ်လိုက်ကြခြင်း ဖြစ်လေသည်။

လုံကျန်း မျက်နှာပျက်သွားလေသည်။

"ကျုပ်က သိုင်းရာဇာလေးယောက် ပူးပေါင်းလိုက်ရင် သိုင်းလောကမှာ ဘယ်သူ့ကိုမှ မှုစရာ မလိုတော့ဘူးလို့ ယုံကြည်ထားတယ်၊ အနက်ရောင်သိုင်းသမားတွေသာမကပဲ ရှောင်လင်၊ ဝူတန်း၊ ဂူဗီး အစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေ အပါအဝင်ပေါ့လေ၊ ကျုပ်တို့လေးယောက်ကို ဘယ်သူကမှ မော့မကြည့်ဝံ့ကြဘူးဆိုရင် ကျုပ်တို့စကားကို အားလုံး နားထောင်ကြမယ်ဆိုရင် ဘယ်သူကမှ ခေါင်းမထောင်ဝံ့ကြတော့တဲ့အတွက် သိုင်းလောကမှာ ပြဿနာ ဖြစ်ပေါ်လာဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

ယို့မုပင်းက...

"ရှောင်လင်၊ ဝူတန်း၊ ဂူဗီး စတဲ့ သိုင်းဂိုဏ်းကြီးတွေလည်း ပါတာပဲလား"

လုံကျန်းက...

"ပါတာပေါ့ သိုင်းလောကတခုလုံးပဲ"

"ဟာ... မဖြစ်နိုင်တာဗျာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"

"အားနာစရာ ကောင်းပါတယ်ဗျာ၊ ပြီးတော့ သူတို့ကို မလေးစားရာ ကျနေပါ့မယ်"

ယို့မုပင်းက သဘောရိုးဖြင့် ပြောလေသည်။

စုမာဖုံး ထောက်ခံလိုက်သည်။

"သည်ဂိုဏ်းကြီးတွေဟာ သိုင်းလောကမှာ ပေါ်ပေါက်လာခဲ့တာ နှစ်ပေါင်းရာချီနေပါပြီ၊ ခုတိုင်အောင် အခွန့်ရှည်တည်တံ့ပြီး

သိုင်းလောကအကျိုး အများအကျိုး သည်ပိုးဆောင်ရွက်နေကြတုန်း ပါပဲ၊ ကျုပ်တို့ သိုင်းရာဇာလေးဦးကတော့ မနေ့တနေ့ကမှ ပေါ် ပေါက်လာခဲ့ကြတာပါဗျာ၊ သူတို့ကို ကျော်ပြီး ကျုပ်တို့ တာဝန်ယူဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး"

ကျင်းတိမိန်က ချို့ယွင်းချက်တခုကို ထောက်ပြလိုက်လေ သည်။

"ရှောင်လင်၊ ဝူတန်း၊ ဂူဗီး၊ ငိုမီး အစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေ ကျုပ်တို့ လက်အောက်မှာ နေရမယ်၊ ကျုပ်တို့စကားကို နားထောင် ရမယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ သူတို့ကို စော်ကားမော်ကား လုပ်တာ နဲ့ အတူတူပါပဲ"

ဤတွင် လုံကျန်းက တဟားဟား ရယ်မောလိုက်လေတော့ သည်။

♣ ♣ ♣

လုံကျန်း၏ရယ်မောသံက အေးစိမ့်နေသည်။

သဘောကျ၍ ရယ်မောခြင်းမျိုး မဟုတ်ပါ။

ရယ်သံက ခြိမ်းခြောက်နေသကဲ့သို့ အေးစိမ့်နေသည် မ ဟုတ်ပါလား။

ယို့မုပင်းတို့ လုံကျန်းကို အကဲခတ်ကြည့်လိုက်ကြ၏။

လုံကျန်းက ရယ်မောပြီးမှ...



"ခင်ဗျားတို့သုံးယောက်က အတော့်ကို အားနာတတ်ကြ တာကိုး၊ ကိုယ့်ကိုကိုယ်လည်း ယုံကြည်စိတ်ချမှု မရှိကြတဲ့ သဘော မျိုးပဲ"

ယို့မုပင်းက...

"မိတ်ဆွေ ကျုပ်တို့နဲ့ အရေးတကြီး တိုင်ပင်ဆွေးနွေးချင် တယ်ဆိုတာ ဘယ်လိုကိစ္စလဲ ပြောပါဗျာ"

"ကျုပ် အခု ပြောနေတဲ့ ကိစ္စပဲဗျ"

"ဒါဆို ကျုပ်တို့လေးယောက်ပေါင်းပြီး သိုင်းလောကကို လွှမ်းမိုးကြမယ်ဆိုတဲ့ သဘောလားဗျ"

"သိုင်းလောက ကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်အနစ် နာခံပြီး ဆောင်ရွက်ရမယ့် သဘောပါဗျာ"

ယို့မုပင်းသည် သဘောမနောကောင်းသူ ဖြစ်သော်လည်း တိကျပြတ်သားသူ ဖြစ်ပါသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် ပူးပေါင်းလက်တွဲဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

ပြတ်ပြတ်သားသားပင် ငြင်းလိုက်လေသည်။

စုမာဖုံးကလည်း ထိုသို့ပင် သဘောထား ရှိလေသည်။

"သည်အလုပ်မျိုးတော့ ကျုပ်လည်း လုပ်မှာ မဟုတ်ပါဘူး ဗျာ"

"ကျုပ်လည်း အတူတူပဲ"

ကျင်းတိမိန် ကဗျာကယာ ဝင်ပြော၏။

လုံကျန်း စိတ်ပျက်သွားလေသည်။

"ကျုပ်ကတော့ ကျုပ်စိတ်ကူးကို ပြောပြလိုက်ရင် ခင်ဗျား

တို့ ချက်ခြင်း လက်ခံကြလိမ့်မယ် ထင်ခဲ့မိတာဗျ၊ သိုင်းလောကအတွက် တကယ်တမ်း အနစ်နာခံဆောင်ရွက်ဖို့ ကျုပ် စိတ်ကူးထားတာ"

ယို့မုပင်းက…

"မိတ်ဆွေရဲ့ သဘောထားကို ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် သိုင်းလောကသားတွေဘက်က ကြည့်ရင်တော့ ကျုပ်တို့ သိုင်းရာဇာလေးဦးဟာ ထိပ်တန်းသိုင်းပညာ ရှိကြတာနဲ့ ဝါရင့်ဂိုဏ်းကြီးတွေကိုတောင် အမှုမထားတော့ဘဲ သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်ကြိုးစားကြတယ်လို့ အပြစ်တင်ကြလိမ့်မယ်"

စုမာဖုံးက…

"အပြစ်တင်ရုံ ဘယ်ကမလဲ ဝိုင်းဝန်းဆန့်ကျင်ကြတော့မှာပေါ့၊ သိုင်းလောကအတွက် အရေးတကြီး လုပ်စရာ ဘာမှ မလိုသေးတာကြောင့် မိတ်ဆွေ ပြောသလို လုပ်ခဲ့ရင် သိုင်းလောကကို လက်ဝါးကြီးအုပ်ဖို့ ကြိုးစားတယ်လို့ သတ်မှတ်ခံရမှာ"

ကျင်းတိမိန် ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့က တစ်သက်လုံး နာမည်ကောင်းရခဲ့ပြီးမှ အထင်မှားခံရမယ်၊ စွပ်စွဲခံရမယ်၊ နာမည်ပျက်မယ်၊ သည်လို အဖြစ်မျိုးတော့ လုံးဝမလိုလားပါဘူးဗျာ"

လုံကျန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် အကြံအစည်က သည်လောက်တောင် ဖြစ်နေပြီလား၊ ဒါဆိုရင်တော့ အတော့်ကို ဝမ်းနည်းစရာ ကောင်းနေပါပြီဗျာ"

ယို့မုပင်း ဖျောင်းဖျလိုက်လေသည်။

"မိတ်ဆွေ စိတ်မပျက်ပါနဲ့ဗျာ၊ သိုင်းလောကအတွက် စိတ်



ကောင်း စေတနာထားပြီး ကြံစည်ခဲ့တာကို ကျုပ်တို့ နားလည်ပါတယ်၊ မဖြစ်နိုင်တဲ့ ကိစ္စတခုမို့ လက်လျှော့လိုက်စေချင်ပါတယ်၊ ဘယ်သူကမှ မိတ်ဆွေကို အပြစ်မပြောနိုင်ကြပါဘူး"

ကျင်းတိမိန်က…

"ဒါပေါ့လေ၊ သိုင်းလောက ကောင်းစားစေချင်တဲ့ဆန္ဒ ဖောကြီးလွန်းလို့ ခုလို တွေးတောကြံစည်မိတာ အပြစ်ပြောလို့ ဘယ်ရပ့်မလား"

စုမာဖုံးက လုံကျန်းကို ဦးညွှတ်လိုက်လေသည်။

"မိတ်ဆွေရဲ့ စေတနာကို လေးစားချီကျူးပါတယ်ဗျာ"

လုံကျန်း သက်ပြင်းချလိုက်လေသည်။

"ကျုပ်အပေါ် စာနာ နားလည်မှု ရှိကြတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ကဲ… ကျုပ် မဖြစ်နိုင်တာတွေကို ပြောခဲ့မိတာ မေ့ပစ်လိုက်ကြပါတော့ဗျာ၊ ကျုပ်တို့ မိတ်ဆွေလေးယောက် ဆုံတွေ့တုန်း ပျော်ပျော်ပါးပါး စားသောက်လိုက်ကြတာပေါ့"

ယို့မုပင်း ရယ်မောလိုက်လေသည်။

"ဟုတ်တယ် ဒါအကောင်းဆုံးပဲ"

စုမာဖုံးက…

"ကျုပ်တို့ ထပ်ပြီး စားသောက်ကြရဦးမှာပေါ့"

ကျင်းတိမိန်က…

"ထိပ်တန်း ဟင်းလျာတွေနဲ့ အကောင်းဆုံးဆိုတဲ့ အရက်ကို ဘယ်နှစ်ခါပဲ စားသောက်ရစမ်းပါစေ၊ ကျုပ်က ငြင်းမှာ မဟုတ်ပါဘူး"

အားလုံး ရယ်မောလိုက်ကြ၏။

ထို့နောက် စကားလမ်းကြောင်းပြောကာ တွေရာလေးပါး ပြောဆိုရင် ဝိုင်းဖွဲ့စားသောက်လိုက်ကြလေတော့သည်။

ယို့မုပင်းတို့သည် အမှန်တကယ်လည်း လုံကျန်း ပြောခဲ့သော စကားများကို မေ့ထားလိုက်ကြလေသည်။

လုံကျန်းအပေါ် မည်သို့မျှ သဘောမထားဘဲ မိတ်ဆွေရင်းခြာတစ်ယောက်အဖြစ် ဆက်လက်ဆက်ဆံခဲ့ကြလေသည်။

သို့သော်...

လုံကျန်းကတော့ သဘောထား ပြောင်းလဲနေပြီ ဖြစ်ပါသည်။

သိုင်းလောကအား လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း ရှိပါလျက် သူနှင့် လက်တွဲဖို့ ငြင်းဆန်ခဲ့ကြသော ယို့မုပင်းတို့အား မကျေမနပ်ဖြစ်သွားလေသည်။

"သူတို့ လက်မတွဲတော့ကော ငါဘာသာ တစ်ယောက်ထဲ မကြိုးစားနိုင်ဘူးလား"

သိုင်းလောကအား လွှမ်းမိုးနိုင်ရေးအတွက် တစ်ယောက်ထဲ ဆက်လက် ကြိုးစားသွားရန် ဆုံးဖြတ်လိုက်၏။

လုံကျန်း စိတ်သဘောထား ပြောင်းလဲသွားပြီဆိုသည် ကို ယို့မုပင်းတို့ လုံးဝမရိပ်မိခဲ့ကြချေ။

♠ ♠ ♠



## လက်တွေ့

သိုင်းလောက၌ ထူးခြားသော အဖြစ်အပျက်များ ဖြစ်ပေါ်လာလေသည်။

အေးချမ်းငြိမ်သက်နေသော သိုင်းလောကတခုလုံး လှုပ်ရှားသွားအောင်ပင် အနက်ရောင်သိုင်းသမားများ ထကြွသောင်းကျန်းလာကြခြင်း ဖြစ်လေသည်။

အနက်ရောင်သိုင်းသမားများသည် မြို့ရွာများ၊ အာမခံဌာနများအား တိုက်ခိုက်လုယက်ကြသည်။

အင်အားနည်းပါးသော အဖြူရောင်သိုင်းဂိုဏ်းလေးများအား တိုက်ခိုက်ဖျက်ဆီးကြလေသည်။

တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပေါ်လာပြီး သိုင်းလောက

တခုလုံး မငြိမ်မသက် ဖြစ်လာလေတော့သည်။

ထိုဖြစ်ရပ်များကြောင့် ယို့မုပင်း၊ ကျင်းတိမိန်နှင့် စုမာဖုံးတို့ လက်ပိုက်ကြည့်မနေနိုင်ကြတော့ဘဲ သိုင်းလောကထဲသို့ ဆင်းလာခဲ့ကြလေတော့သည်။

ယို့မုပင်းသည် မြင်းတစ်စီးဖြင့် အနက်ရောင်သိုင်းသမားများ ထကြွသောင်းကျန်းနေသော ကြူးရှူးမြို့သို့ ဦးတည်ထွက်လာခဲ့လေသည်။

တောအုပ်များ၊ တောင်ကုန်းများနှင့် ကျေးရွာကလေးများကို ဖြတ်ကျော်ပြီးလျှင် ကြူးရှူးမြို့သို့ သွားသော လမ်းမကြီးပေါ်သို့ ရောက်ရှိသွားလေသည်။

ထိုလမ်းမကြီးအတိုင်း ဆက်၍ ခရီးနှင်သွားရာ မြို့ကလေးတစ်မြို့သို့ ရောက်လာ၏။

နေဝန်းနီမှာ ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

နေမွန်းတည့်ချိန်သို့ပင် ရောက်ရှိနေပြီဖြစ်ရာ ယို့မုပင်းမှာ ခေတ္တအနားယူ စားသောက်ရန် ဆုံးဖြတ်လိုက်လေသည်။

သူ၏မြင်းကိုလည်း အနားပေးကာ အစာရေစာ ကျွေးမွေးရန် လိုအပ်နေသည်ဖြစ်ရာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်တန့်လိုက်လေသည်။

ဤတွင်...

ဆိုင်ရှေ့၌ မြင်းဖြူကြီးတစ်ကောင် ရပ်တန့်ထားသည်ကို တွေ့ရလေသည်။

ယို့မုပင်း အံ့ဩသွားလေသည်။



"သည်မြင်းဖြူကြီးဟာ လုံကျန်းရဲ့မြင်း ဖြစ်လိမ့်မယ် ထင်တယ်"

သူ တွေးတောနေစဉ်မှာပင် ဆိုင်ထဲမှ နှုတ်ဆက်စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဗျို့ မိတ်ဆွေကြီး ယို့မုပင်း ဘာတွေ စဉ်းစားနေတာလဲဗျ၊ ဆိုင်ထဲ မဝင်တော့ဘူးလား"

ထိုစကားသံမှာ လုံကျန်း၏စကားသံဖြစ်ကြောင်း ယို့မုပင်း မှတ်မိလေသည်။

လှမ်းကြည့်လိုက်လျှင် ဆိုင်ထဲမှ လက်ရပ်ခေါ်နေသည့် လုံကျန်းကို တွေ့လိုက်ရလေသည်။

"ဟာ... မိတ်ဆွေကြီးလည်း ရောက်နေတာကိုး"

ယို့မုပင်း ဝမ်းသာအားရဖြစ်ကာ ဆိုင်ထဲဝင်သွားလိုက်လေသည်။

လုံကျန်းကပင် ဆိုင်လုလင်ကို ခေါ်ကာ စားသောက်ဖွယ်ရာများ မှာကြားပေးလေသည်။

"ကဲ... မိတ်ဆွေ၊ ဆာနေပြီ မဟုတ်လား၊ ဗိုက်အရင် ဖြည့်လိုက်ဦး"

"ဟုတ်တယ်ဗျို့"

ယို့မုပင်း အားရပါးရ စားသောက်လိုက်လေသည်။

လုံကျန်းလည်း စားသောက်လိုက်လေသည်။

နှစ်ယောက်သား စားသောက်ပြီးစီးသွားကြတော့မှ လုံကျန်းက မေးလေသည်။

"မိတ်ဆွေက ကြူးရှူးမြို့ ပတ်ဝန်းကျင်မှာ ခုတလော ထကြွ

သောင်းကျန်းနေတဲ့ အနက်ရောင်သိုင်းသမားတွေ ခိုအောင်းနေကြတယ်လို့ သတင်းကြားလို့ နေဝန်းဂေဟာက ထွက်လာခဲ့တာ မဟုတ်လားဗျာ"

ယို့မုပင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားကော"

လုံကျန်းက...

"ကျုပ်လည်း သည်သတင်းကြောင့် လာခဲ့တာပါပဲ"

"ဒါဖြင့် ကျုပ်တို့နှစ်ယောက် အကြံချင်း တူနေကြပြီပေါ့"

"ဟုတ်ပါတယ်ဗျာ"

"သိုင်းရာဇာနှစ်ယောက် ရောက်လာကြတယ်လို့ သတင်းကြားတာနဲ့ လူဆိုးတွေ ထွက်ပြေးသွားမှာတောင် စိုးရိမ်နေရပြီ"

"နှစ်ယောက် မဟုတ်ဘူး လေးယောက်ဗျ"

"လေးယောက် ဟုတ်လား၊ ဒါဖြင့် ကျင်းတိမိန်နဲ့ စုမာဖုံးတို့လည်း ရောက်လာကြတယ် ဟုတ်လား"

"အနက်ရောင်သိုင်းသမားတွေ ဆိုးသွမ်းသောင်းကျန်းနေတဲ့ သတင်းကြားရင် သူတို့လည်း လက်ပိုက်ကြည့်နေကြမှာ မဟုတ်ပါဘူးဗျာ"

"သိုင်းလောကကို ဒုက္ခပေးမယ့် လူတွေ ပေါ်ပေါက်လာတဲ့ သတင်းကြားတာနဲ့ အားလုံး လက်မနှေးဘဲ ဆုံးမဖို့ လာခဲ့ကြတာ ဝမ်းသာစရာပါပဲ၊ သည်လိုသာ သတိရှိနေမယ် အသင့်ရှိနေကြမယ်ဆိုရင် သိုင်းလောကကို ဘယ်သူကမှ နှောင့်ယှက်ဝံ့ကြမှာ မဟုတ်သလို အစဉ်အမြဲ အေးချမ်းသာယာနေမှာ အမှန်ပါပဲ"

သိုင်းရာဇာလေးယောက် အနေဖြင့် သီးခြားရပ်တည်ကာ



သိုင်းလောက အေးချမ်းရေးအတွက် ဆောင်ရွက်စရာ မလိုသည့်သဘောပြော၏။

တချိန်က လုံကျန်း၏ အဆိုပြုချက်နှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။

လုံကျန်းက...

"တချိန်ကတော့ ကျုပ်လည်း စိတ်လေးနေခဲ့မိတယ်၊ ခုချိန်မှာတော့ အားလုံး သတိဝိရိယရှိပြီး ဆောင်ရွက်ဖို့ ဝန်မလေး လက်မနှေးပဲ ရှိကြတာကို သိရလို့ ကျုပ် စိတ်စောခဲ့မိတာကိုတောင် နောင်တရမိပါသေးတယ်၊ မိတ်ဆွေတို့သာ ဝိုင်းပြီး မတားမြစ်ကြဘူးဆိုရင် ကျုပ် မှားယွင်းမိခဲ့မှာ သေချာပါတယ်"

"သည်လိုလဲ မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေက စိတ်ကောင်းစေတနာထားခဲ့တာပါ၊ ဒါထက် ရန်သူတွေရဲ့ သတင်း ဘာများ ကြားမိသေးသလဲဗျာ"

"ကျူးရှူးမြို့ပြင်ရဲ့ တောအုပ်ထဲမှာ သူတို့ ခိုအောင်းနေကြတာပဲ၊ မိတ်ဆွေ သွားပြီး နှိမ်နင်းမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆိုရင် မိတ်ဆွေကို ပြောစရာတခုတော့ ရှိတယ်"

"ပြောပါဗျာ"

"စောစောက မိတ်ဆွေ ပြောခဲ့သလိုပဲ၊ ကျုပ်တို့ စုရုံးရောက်ရှိလာတယ်လို့ သတင်းကြားရင် လူဆိုးတွေ ရှောင်တိမ်းသွားမှာ စိုးရိမ်နေတယ်"

ယို့မုပင်းသည် လုံကျန်း ဆက်ပြောလာမည့် စကားကို နားစွင့်နေလိုက်လေသည်။

လုံကျန်းက...

"ကြူးစူးမြို့ပြင် တောအုပ်ကနေ တောင်ဘက်ကို သွားတဲ့ တောလမ်းတခု ရှိတယ်၊ လူဆိုးတွေ အဲသည်လမ်းကို အသုံးပြုပြီး ရှောင်တိမ်းသွားကြရင် ဘယ်လိုမှ ရှာတွေ့မှာ မဟုတ်ဘဲ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလိမ့်မယ်"

ယို့မုပင်းက...

"မိတ်ဆွေ ဘယ်လို လုပ်ချင်လို့လဲ ပြောပါဗျာ"

"ကျုပ် သဘောကတော့ တောင်ဘက်သွားတဲ့ တောလမ်းမှာ ကျုပ် ကြိုတင်သွားပြီး စောင့်နေချင်တယ်၊ မိတ်ဆွေကတော့ ပုံမှန်လမ်းအတိုင်းပဲ သွားပါ၊ မိတ်ဆွေ ရောက်လာတာကြောင့် ထွက်ပြေးမယ့် လူဆိုးတွေကို တဘက်က ကျုပ်ပိတ်ဆို့ထားမယ်ဆိုရင်ကော ဘယ်လိုသဘောရသလဲ"

ယို့မုပင်း သဘောတူလိုက်၏။

"သိပ်ကောင်းတာပေါ့ဗျာ၊ နှစ်ဘက်ညှပ်ပြီး ပိတ်ဆို့ထားတော့ ထွက်မပြေးနိုင်ကြတော့ဘူးပေါ့၊ လူဆိုးတွေ ခုလို ထကြွသောင်းကျန်းရဲတာ အကြောင်းတခုခုတော့ ရှိရမယ်"

"သူတို့ခေါင်းဆောင်ကို မိအောင် ဖမ်းရမယ်"

"ဟုတ်တယ်ဗျို့"

နှစ်ယောက်သား လူဆိုးခေါင်းဆောင် မည်သူမည်ဝါ ဖြစ်နိုင်ကြောင်း တိုင်ပင် ဆွေးနွေးကြပြီးလျှင် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ကြလေတော့သည်။

♣ ♣ ♣



ယို့မုပင်းသည် တောလမ်းအတိုင်း မြင်းဒုန်းစိုင်းနှင်လာခဲ့လေသည်။

လုံကျန်းက တောင်ဘက်တောလမ်းကို ပိတ်ဆို့ရန် ထွက်သွားပြီ ဖြစ်သည်။

ယို့မုပင်းလည်း ကြူးစူးမြို့ပြင် တောအုပ်သို့ အရောက် လှမ်းလာခဲ့ခြင်း ဖြစ်လေသည်။

ကြူးစူးမြို့ပြင် တောအုပ်ကား သစ်ပင်ချုံနွယ်များ ထူထပ်သော တောနက်တခု ဖြစ်နေသည်။

လူဆိုးဓားပြများ စခန်းချ ခိုအောင်းဖို့ အလွန်ကောင်းသော အရပ်တခု ဖြစ်နေ၏။

ယို့မုပင်း တောအုပ်ထဲ ရောက်သွားသည်နှင့်...

"ဝှစ်... ဝှစ်... ဝှစ်"

"ရှီး... ရှီး... ရှီး"

ဝဲယာတဘက်တချက်မှ လက်နက်ပုန်းကလေးများ မြားတံများ တဟုန်ထိုး ပစ်လွှင့်လာလေတော့သည်။

ယို့မုပင်း ဒေါပွသွားလေသည်။

"ကျုပ်ကို အလစ်ချောင်း တိုက်ခိုက်လို့ရမယ်များ ထင်နေကြသလား"

အော်ငေါက်ရင်း အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်၏။

"ဟူး... ဟူး"

ပြင်းထန်သော လေတိုးသံနှင့်အတူ လေပွေလှိုင်းများ ဖြစ်ပေါ်လာကာ လက်နက်ပုန်းကလေးများနှင့် မြားတံများ လာရာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်သွားလေသည်။

"အား"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်လိုက်ကြသော လူဆိုးများမှာ လက်နက်ပုန်းများ ပြန်လည် ထိမှန်ခံလိုက်ရလေတော့သည်။

"တိုက်ကြဟေ့"

"ယား"

အလစ်ချောင်း တိုက်ခိုက်၍ မရလျှင် လူဆိုးများသည် ညာသံပေးကာ ပြေးထွက်လာကြပြီး ဖြောင့်ကျကျ တိုက်ခိုက်ကြလေ၏။

"ခွမ်း"

ယို့မုပင်းကလည်း ဓားတလက် ဆွဲထုတ်ကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

တောလမ်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

"အား"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

လူဆိုးများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွား၏။

ကျန်လူဆိုးများသည် ယို့မုပင်းအား ဆက်၍ မတိုက်ခိုက်ဝံ့ကြတော့ဘဲ...

"ပြေးဟေ့... ပြေး... ပြေး"

အထိတ်တလန့် အော်ဟစ်ကာ ထွက်ပြေးသွားကြလေတော့သည်။



"ဟား... ဟား... ဟား"

ယို့မုပင်း ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းတို့ ပြေးလို့ မလွတ်ပါဘူး၊ နောက်ထပ်တစ်ခါ ခေါင်းမထောင်ရဲအောင် တခါထဲ ဆုံးမပစ်ဖို့ ကျုပ်ဆုံးဖြတ်ပြီးပါပြီ"

မြင်းကို တဟုန်ထိုးနှင်ကာ လူဆိုးများနောက်သို့ လိုက်လံတိုက်ခိုက်လေသည်။

လူဆိုးများ ပြေးမလွတ်နိုင်သဖြင့် ပြန်လည် ခုခံကြပါသော်လည်း ယို့မုပင်းအား မည်နည်းနှင့်မှ မယှဉ်နိုင်ကြချေ။

ယို့မုပင်း ဓားတချက် ဝှေ့ယမ်းလိုက်လျှင်...

"အား"

စူးရှသော အော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားပြန်လေတော့သည်။

ယို့မုပင်းသည် နေစကြာလက်ဝါးသိုင်းကိုသာမက ဓားပညာပါ ယိပ်ပြန်းအဆင့်ရှိသူတစ်ယောက် မဟုတ်ပါလား။

သူ၏ထက်မြက်သော ဓားပညာကြောင့် လူဆိုးများ မယှဉ်နိုင်ဘဲ အရေးနိမ့်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြခြင်း ဖြစ်ပေတော့သည်။

"လာခဲ့စမ်း"

ယို့မုပင်းသည် လက်လွတ်ထွက်ပြေးရန် ကြိုးစားနေသည့် လူဆိုးတစ်ဦးထံ ခုန်ဝင်ကာ လက်ရဖမ်းဆီးထားလိုက်လေသည်။

လူဆိုး ထိတ်လန့်သွားလေသည်။

"ကျုပ်... ကျုပ်ကို မသတ်ပါနဲ့၊ ချမ်းသာပေးပါ"

ကြောက်လန့်တကြား တောင်းပန်နေတော့သည်။

ယို့မုပင်းက...

"ကောင်းပြီ၊ မင်း အသက်ရှင်နေချင်သေးတယ်ဆိုရင် ကျုပ်မေးတာကို မှန်မှန် ဖြေရမယ်"

"မေး... မေးပါဗျာ"

"မင်းတို့ခေါင်းဆောင် ဘယ်သူလဲ ဘယ်မှာလဲ"

"ကျုပ်တို့ခေါင်းဆောင်ဟာ သိုင်းလောကကို လွှမ်းမိုးမယ့်လူပါ၊ သူ ဘယ်သူလဲဆိုတာ မသိပါဘူး၊ ကျုပ်တို့အားလုံး သခင်ကြီးလို့ပဲ ခေါ်ကြရပါတယ်"

"ဩော်"

"သိုင်းလောကကို လွှမ်းမိုးမယ့်လူ ဟုတ်လား၊ တော်တော်ကြီးကျယ်တာပဲ၊ သူ့မှာ ဘယ်လောက်များ အစွမ်းအစ ရှိလို့လဲ ပြောစမ်းပါဦး"

"ကျုပ်တို့ သခင်ရဲ့ သိုင်းပညာ အင်မတန် ထက်မြက်ပါတယ်၊ ခင်ဗျားဘယ်လောက်ပဲ တော်တော် သူ့ကိုယှဉ်နိုင်မှာ မဟုတ်ပါဘူး"

"ဟား... ဟား... ဟား"

"ကောင်းပြီလေ၊ သူ ဘယ်လောက်တော်သလဲဆိုတာ ကျုပ်စမ်းကြည့်ချင်သေးတယ်၊ ကဲ... သူ ဘယ်မှာ ရှိသလဲ ပြောပါ"

လူဆိုးက တောင်ဘက်သို့ ညွှန်ပြလိုက်သည်။

"တောင်ဘက်က တောင်ကုန်းနှစ်ခုကြားမှာ လှိုဏ်ကြီးတစ်ခုရှိပါတယ်၊ သခင်ကြီး အဲသည်နေရာမှာ ရှိနေပါတယ်"

ယို့မုပင်းက လူဆိုးကို လွှတ်ပေးလိုက်သည်။

"ကျုပ်ကို လိမ်ပြောတာဆိုရင်တော့ မင်းကို တွေ့အောင်ရှာပြီး ဆုံးမရမှာပဲ"



"ကျုပ် မလိမ်ဝံ့ပါဘူးဗျာ"

ယို့မုပင်းသည် လူဆိုးကို အမှုမထားတော့ဘဲ လှိုဏ်ကြီးရှိရာသို့ ဦးတည်ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

လူဆိုး ပြောသည့်အတိုင်း တောအုပ်အပြင်ဘက်၌ တောင်ကုန်းလေးနှစ်ခု ရှိနေ၏။

တောင်ကုန်းနှစ်ခုကြား၌လည်း ချုံပုတ်များ ဖုံးလွှမ်းထားသည့် လှိုဏ်ကြီးတစ်ခု ရှိနေသည်။

လှိုဏ်ထဲဆင်းသည့်လမ်းမှာ မတ်စောက်နေသဖြင့် ယို့မုပင်း မြင်းပေါ်မှ ဆင်းလိုက်၏။

သူ၏မြင်းကို တောင်ကုန်းလေးနှစ်ခုအနီး၌ ထားခဲ့ပြီး လှိုဏ်ထဲ ဆင်းလာခဲ့လေသည်။

လှိုဏ်ထဲ၌ အေးစိမ့်နေသည်။

လူတစ်ရပ်မက မြင့်မားသော ချုံပုတ်ကြီးများကလည်း ထူထပ်စွာ ရှိနေသည်။

လူဆိုးစားပြများ ခိုအောင်းဖို့ အလွန်ကောင်းသော နေရာတခု ဖြစ်လေသည်။

ယို့မုပင်း သတိထားပြီး လှိုဏ်ထဲ ဆင်းလာရင်း ပတ်ဝန်းကျင်

ကို မျက်ခြည်မပြတ် အကဲခတ်လိုက်လေသည်။

လှိုဏ်ကြီးထဲ၌ လူရိပ်လူရောင် မတွေ့ရပါ။

လူဆိုးခေါင်းဆောင် ရှိနေနိုင်ပါမည်လော...

ကြောက်ရွံ့နေသော လူဆိုးမှာ လိမ်ညာပြောဆိုဝံ့လိမ့်မည် မဟုတ်ပါချေ။

ယို့မုပင်း အကဲခတ်နေစဉ်မှာပင်...

"ကျုပ်ကို လိုက်ရှာနေတာလား မိတ်ဆွေ"

နောက်ကျောဘက်မှ ထွက်လာသော စကားသံကြောင့် ယို့မုပင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကပျာကယာ လှည့်ကြည့်လိုက်မိလေသည်။

ထိုအခါ...

မလှမ်းမကမ်းရှိ ချုံပုတ်ကြီးတခုရှေ့၌ အနက်ရောင်ဝတ်ထားသူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် ခေါင်းစွပ်နက်စွပ်ကာ မည်သူမည်ဝါမှန်း မသိအောင် ရုပ်ဖျက်ထားလေသည်။

ယို့မုပင်းက မေးသည်။

"သခင်ကြီးဆိုတာ ခင်ဗျားလား"

ထိုလူ ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ကျုပ်ဟာ သိုင်းလောကတခုလုံးကို လွှမ်းမိုးချုပ်ကိုင်မယ့်သခင် သိုင်းလောကဘုရင် အတုမဲ့သိုင်းသခင်ပဲ"

"ဟား... ဟား... ဟား"

ယို့မုပင်း ရယ်မောလိုက်လေသည်။

"ခင်ဗျား တော်တော် စိတ်ကူးယဉ်တာပဲ၊ သိုင်းလောကကို



လွှမ်းမိုးနိုင်ရအောင် ခင်ဗျား ပညာ ဘယ်လောက် ရှိလို့လဲ"

ထိုလူက...

"ကျုပ် ပညာကို သိချင်ရင် လက်တွေ့စမ်းသပ်ကြည့်နိုင်ပါတယ်"

"ကောင်းပြီ"

လူဆိုးခေါင်းဆောင်နှင့် ထိပ်တိုက်တွေ့နေပြီ ဖြစ်ရာ ရင်ဆိုင်ရန် ယို့မုပင်း ဆုံးဖြတ်လိုက်သည်။

ယို့မုပင်းက ရှေ့တိုးလိုက်သည်။

လူဆိုးခေါင်းဆောင်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

ခေါင်းစွပ်နက်စွပ်ကာ ရုပ်ဖျက်ထားသည်ကို စိတ်ဝင်စားသွားလေသည်။

"ခင်ဗျား ခေါင်းစွပ်နက်စွပ်ပြီး ရုပ်ဖျက်ထားတာ မရိုးသားဘူး၊ ခင်ဗျားကို လူတွေ သိသွားကြမှာ စိုးရိမ်လို့ မဟုတ်လား"

လူဆိုးခေါင်းဆောင် ဘာမှမပြောပါ။

ယို့မုပင်းက...

"ခင်ဗျားကို လူတွေ သိနေကြလို့ပဲ ဖြစ်မယ်၊ ဒါဆိုရင် ခင်ဗျားဟာ လူသိများ ထင်ရှားတဲ့လူတစ်ယောက် ဖြစ်နေပြီပဲ"

ဟု ဝေဖန်သုံးသပ်လိုက်သောအခါ လူဆိုးခေါင်းဆောင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ယို့မုပင်းက မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲဆိုတာ သိချင်ပါသေးတယ်ဗျာ"

လူဆိုးခေါင်းဆောင် သက်ပြင်းချလိုက်သည်။

"ကျုပ်ကို ဒါ နိုင်ယှဉ်နိုင်မယ်ဆိုရင်တော့ ကျုပ် ဘယ်သူလဲဆို

တာ သိရပါလိမ့်မယ်ဗျာ"

"ကောင်းပြီ၊ ကျုပ် ကြိုးစားကြည့်မယ် သတိထားပါ"

ယို့မုပင်းသည် ဓားဝှေ့ယမ်းကာ စတင် တိုက်ခိုက်လိုက်လေသည်။

လူဆိုးခေါင်းဆောင်က လက်နက်အသုံးမပြုဘဲ လက်ဝါးနှစ်ဘက်ဖြင့် ပြန်လည်တိုက်ခိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်ကာ သူတပြန် ကိုယ်တပြန် တိုက်ခိုက်လေသည်။

လက်တွေ့ရင်ဆိုင်မိမှ လူဆိုးခေါင်းဆောင်၏ပညာ အတော်ပင် ထက်မြက်နေသည်ကို ယို့မုပင်း သိလိုက်ရလေသည်။

သူ၏ဓားကွက်များကို ချေဖျက်နိုင်သည်။

ရှောင်တိမ်းနိုင်သည်။

ထို့ကြောင့်...

လက်ဝါးသိုင်းကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေသည်။

ယို့မုပင်းမှာ ဓားကိုင်ဆောင်ကာ တိုက်ခိုက်နေသည့်တိုင်အောင် လူဆိုးခေါင်းဆောင်အား အသာစီးမရနိုင်သောကြောင့် ခံပြင်းလာလေသည်။

အတွင်းအားကို ဓားကိုင်ဆောင်ထားသော လက်ဆီသို့ ပို့ဆောင်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

"ဝှစ်... ဝှစ်"

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်နေ၏။

ဓားရိပ်များသည် လူဆိုးခေါင်းဆောင်၏တကိုယ်လုံး လွှမ်းခြုံသွားလေသည်။



လူဆိုးခေါင်းဆောင်က ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ပွတ်ကာသီကာ ရှောင်တိမ်းရင်း လက်ဝါးနှစ်ဘက်ဖြင့် ပြန်လည် တိုက်ခိုက်နေပါသည်။

ဓားရိပ်များကြားမှ ထိုးဖောက်ထွက်ပေါ်လာသော လူဆိုးခေါင်းဆောင်၏ လက်ဝါးရိုက်ချက်များမှာ ယို့မုပင်းအား အသက်ရှူမှားသွားစေသည်။

"သူ့ရဲ့ လက်ဝါးသိုင်း မခေပါလား ဘယ်သူများပါလိမ့်"

လူဆိုးခေါင်းဆောင် မည်သူမည်ဝါဖြစ်ကြောင်း တွေးတောစဉ်းစားလိုက်သော်လည်း အဖြေမရချေ။

လုံကျွန်း ရောက်ရှိလာလျှင် ကောင်းမည်ဟုပင် တွေးတောမိလိုက်လေသည်။

နှစ်ယောက်သား ရင်ဆိုင်တိုက်ခိုက်ရင်း သိုင်းကွက်တစ်ရာကျော်လာလျှင် လူဆိုးခေါင်းဆောင် အထက်စီးရသွားကာ ယို့မုပင်းမှာ တဖြည်းဖြည်း အရေးနိမ့်လာလေတော့သည်။

"ဝုန်း"

"ခြွမ်း"

လူဆိုးခေါင်းဆောင်သည် လက်ဝါးနှစ်ဘက်ဖြင့် တိုက်ခိုက်နေရာမှ ရုတ်တရက် ခြေထောက်ဆန့်ထုတ် ကန်ကျောက်လိုက်ရာ ယို့မုပင်း မရှောင်တိမ်းနိုင်ဘဲ ဖြစ်သွား၏။

ဓားကိုင်ထားသော လက်ကို အကန်ခံလိုက်ရသဖြင့် ဓားမှာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

"ဟား... ဟား... ဟား"

လူဆိုးခေါင်းဆောင်က ဟားတိုက်ရယ်မောပြီး ရိပ်ခနဲ ခုန်ဝင်လာလေသည်။

ယို့မုပင်းလည်း မတတ်သာတော့ဘဲ နေစကြာလက်ဝါးသိုင်းကို ထုတ်ဖော်လိုက်ရလေသည်။

သူ၏နေစကြာလက်ဝါးသိုင်းမှာ ထက်မြက်နေပါသည်။

အလွန်အစွမ်းထက်သော လက်ဝါးသိုင်းအဖြစ် သိုင်းလောကတခုလုံး ချီးကျူး သက်ခံကြလေသည်။

နေစကြာလက်ဝါးသိုင်းကို ထုတ်ဖော်လိုက်ခြင်းဖြင့် လူဆိုးခေါင်းဆောင်အား ကောင်းစွာ ရင်ဆိုင်အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။ သို့သော်...

"ဟူး... ဟူး"

သူ၏လက်ဝါးရိုက်ချက်များမှာ လေထဲသို့ ရောက်သွားပြီး လူဆိုးခေါင်းဆောင်၏ အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ခဲ့ချေ။

လူဆိုးခေါင်းဆောင်က ရိပ်ခနဲ ရိပ်ခနဲ ရှောင်တိမ်းသွားပြီး...

"ကျုပ်ရဲ့ လက်ဝါးသိုင်းကိုလည်း မြည်းကြည့်ပါဦး"

ဟု အော်ပြောကာ သိုင်းကွက်ပြောင်းလဲလိုက်လေ၏။

သူ၏လက်ဝါးသိုင်းကွက်မှာ အံ့သြစရာကောင်းအောင် ထက်မြက်လာတော့သည်။

ဝဲဘက်သို့ တိုက်ခိုက်ရန် ဟန်ပြကာ ယာဘက်သို့ တိုက်ခိုက်လေသည်။

ယာဘက်ဟန်ပြကာ ဝဲဘက် တိုက်ခိုက်လေသည်။

ထို့အပြင်...

လက်ဝါးရိပ်များစွာ ထွက်ပေါ်လာပြီး အတုအစစ် ခွဲခြားမရ



နိုင်တော့ပေ။

လူဆိုးခေါင်းဆောင်၏ သိုင်းပညာ ဤမျှ ထက်မြက်နေသည်မထင်၍ ယို့မုပင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူ၏ခုခံတိုက်ခိုက်မှု အရှိန်လည်း လျော့ကျသွားသည်။

လူဆိုးခေါင်းဆောင်သည် အခွင့်အရေးကို လက်လွတ်မခံဘဲ ဖိ၍ တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အား"

ယို့မုပင်း လက်ဝါးတချက် အရိုက်ခံရကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

"ဟား... ဟား... ဟား"

လူဆိုးခေါင်းဆောင် ဟားတိုက်ရယ်မောလိုက်လေသည်။

အသာစီး ရသွားသော်လည်း ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်လိုက်လေသည်။

"ခင်ဗျားနဲ့ အတူ လုံကျန်း ပါလာသေးတယ် မဟုတ်လား၊ သူ့ကို သွားပြီး ဆုံးမလိုက်ဦးမယ်"

ဟု ပြောကာ ခုန်ထွက်သွားလေသည်။

လူဆိုးခေါင်းဆောင်၏ လှုပ်ရှားမှု လျင်မြန်လွန်းသဖြင့် တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

"ရပ်လိုက်"

ယို့မုပင်း ဟန့်တားလိုက်သော်လည်း မမီတော့ချေ။

ယို့မုပင်း ဒေါသထွက်ကာ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"တိုက်ကြဟေ့"

"ယား"

ညာသံပေးသံများနှင့်အတူ ချုံပုတ်များကြားမှ လူဆိုးအချို့ ပြေးထွက်လာကြပြီး ယို့မုပင်းအား တိုက်ခိုက်လိုက်ကြလေသည်။

"တောက်... လာကြစမ်း"

ယို့မုပင်းလည်း ခံပြင်းသွားကာ လူဆိုးများနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်လေသည်။ ထိုစဉ်...

"ဟူး"

အဝတ်အစား လေတိုးသံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာပြီး လူဆိုးများအား တိုက်ခိုက်လိုက်လေသည်။

ထိုလူ၏ တိုက်ခိုက်မှု ပြင်းထန်နေရကား လူဆိုးများ မယှဉ်နိုင်ကြတော့ပါချေ။

"ဝုန်း"

စူးရှသော အော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

♣ ♣ ♣

လူဆိုးများ မရှုမလှ အရေးနိမ့်သွားကြ၏။

သေသူသေ ထွက်ပြေးသူပြေးဖြင့် ဖရိုဖရဲ ဖြစ်သွားကြ၏။

ယို့မုပင်းက လာရောက်ကူညီသူကို တွေ့မြင်ရလျှင် ဝမ်းသာသွားလေသည်။



"ဟင်... မိတ်ဆွေကြီး လုံကျန်းပါလား"

လာရောက်ကူညီသူမှာ လုံကျန်း ဖြစ်နေပါသည်။

"ကျုပ် တောင်ဘက်လမ်းက စောင့်နေပေမယ့် ဘယ်သူမှ ထွက်မလာကြဘူး၊ ဒါနဲ့ မိတ်ဆွေအတွက် စိုးရိမ်ပြီး လိုက်လာခဲ့တာ"

"လူဆိုးခေါင်းဆောင်က ခင်ဗျားနဲ့ ကျုပ် လာခဲ့တာကို သိနေတယ်ဗျ"

"သူ အခု ဘယ်မှာလဲ"

"ထွက်သွားပြီ"

"တောက်... လွတ်သွားတာ နာတာပဲ"

လုံကျန်း မကျေမနပ် ရေရွတ်လိုက်လေသည်။

ယို့မုပင်းက...

"သည်လူ အတော် ကြောက်စရာကောင်းတယ်၊ ထိပ်တန်းသိုင်းပညာ ရှိတယ်၊ မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားတာကြောင့် လူသိများပြီး ထင်ရှားတဲ့ လူတစ်ယောက် ဖြစ်ရမယ် ကျုပ်တောင်..."

စကားဆုံးအောင် မပြောနိုင်ဘဲ မျက်နှာရှုံ့မဲ့သွားသလို လုံကျန်း ရင်ထိတ်သွားသည်။

"ခင်ဗျား ဒဏ်ရာရထားတာလား"

"ဟုတ်တယ်ဗျ"

"ဘယ်လို ဖြစ်ရတာလဲဗျာ"

"သည်လူ အတော် ကြောက်စရာကောင်းတယ်၊ သူ့ရဲ့ လက်ဝါးတချက် ကျုပ်ကို ထိသွားတယ်"

"ဒုက္ခပါပဲ ခင်ဗျား ခံနိုင်ရည်ရှိရဲ့လား"

"အတွင်းအားဖော်ထုတ်ပြီး ကျုပ် စမ်းသပ်ကြည့်ပြီးပါပြီဗျာ၊ အသက်အန္တရာယ် စိုးရိမ်စရာ မရှိပါဘူး၊ ဒါပေမယ့် သိုင်းပညာကို လိုသလို အသုံးချလို့မရဘူး"

"အတွင်းဒဏ်ရာ ရသွားတာပဲ ဖြစ်မယ်"

"ဒါဖြင့် လူဆိုးခေါင်းဆောင်ကို လိုက်ရှာတာထက် သမားတော်ဆီကို အရင်သွားကြတာ ပိုကောင်းမယ်၊ သူ့ရဲ့ သိုင်းပညာဘယ်လောက်ပဲ တော်တော် ကျုပ်တို့ လက်ထဲက ပြေးလွတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

"သည်တစ်ကြိမ် ကျုပ် ခံလိုက်ရတာ အတော့်ကို ခံပြင်းစရာကောင်းပါတယ်ဗျာ၊ ရန်သူကို အထင်သေးမိလိုက်လို့ပါ၊ ကျုပ် ခံလိုက်ရတယ်ဆိုတာ သိုင်းလောကသားတွေ သိသွားကြမယ်ဆိုရင်တော့ ကျုပ်တို့ နေဝန်းဂေဟာရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားတော့မှာပါပဲ"

သိုင်းလောက၌ ဂုဏ်သိက္ခာ ကျဆင်းရမည့် ကိစ္စကို သိုင်းလောကသားတိုင်း စိုးရိမ်ပူပန်ကြလေသည်။

အထူးသဖြင့်...

ယို့မုပင်းကဲ့သို့ ထိပ်သီးသိုင်းရာဇာလေးယောက်၌ ပါဝင်နေသူတစ်ယောက် ပို၍ စိုးရိမ်ထိတ်လန့်လိမ့်မည် ဖြစ်သည်။

လုံကျန်းက...

"မိတ်ဆွေ ဘာမှ မပူပါနဲ့ဗျာ၊ နေဝန်းဂေဟာကို ပြန်သွားပြီး ဟန်မပျက်နေပါ၊ အခုကိစ္စ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့၊ ကျုပ်လည်း လျှို့ဝှက်ထားပါ့မယ်"

"ခင်ဗျားကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးဗျာ"



"ခက်တာက သည်ကိစ္စကို လျှို့ဝှက်ထားရမယ်ဆိုတော့ သမားတော် ပင့်ဖိတ်ပြီး ဆေးကုသမှု ခံယူဖို့ဆိုတာ..."

သူ၏စကားမဆုံးမီ ယို့မုပင်း ကြားဖြတ်ပြောလိုက်လေ၏။

"ကိစ္စမရှိဘူး၊ ကျုပ်က အတွင်းအားပညာသုံးပြီး ကုသမယ်၊ သမားတော် မခေါ်ဘူး၊ လူသိမခံနိုင်ဘူးဗျ"

လုံကျန်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"အတွင်းအားပညာနဲ့ ကုသမယ်ဆိုရင် ခင်ဗျားလည်း အတွင်းအားတွေ ကုန်ခမ်းသွားပြီး ဒဏ်ရာပျောက်ကင်းသွားတောင်မှ သိုင်းပညာ အပြည့်အဝ အသုံးချနိုင်ဖို့ ချက်ခြင်း မဖြစ်နိုင်တော့ဘူး၊ အချိန်ယူရလိမ့်မယ်"

"ခင်ဗျား ပြောတာ မှန်ပါတယ်ဗျာ"

"ခင်ဗျား သိုင်းအား လျော့ကျနေချိန်မှာ ရန်သူ ရောက်လာမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

ယို့မုပင်း မျက်နှာပျက်သွားလေသည်။

သူ၏သိုင်းအား လျော့ကျနေချိန်၌ ရန်သူ ရောက်ရှိလာပါက နေဝန်းဂေဟာ ပျက်စီးသွားဖို့သာ ရှိတော့သည် မဟုတ်ပါလား။

ယို့မုပင်း ပင့်သက်ရှိုက်လိုက်သည်။

"နေဝန်းဂေဟာကို ဘယ်သူမှ လာပြီး မစော်ကားဝံ့ပါဘူး၊ ကျုပ်အကြောင်းကို ဘယ်သူမှ မသိဖို့ဘဲ အရေးကြီးပါတယ်၊ ကျုပ်ဒဏ်ရာရသွားတာကို လူဆိုးခေါင်းဆောင် သိနေရင်တောင် နေဝန်းဂေဟာအထိ ဖြောင်ကျကျလာပြီး တိုက်ခိုက်ဝံ့မယ် မထင်ပါဘူးဗျာ"

လုံကျန်း သဘောတူလိုက်သည်။

"မိတ်ဆွေ ပြောတာ မှန်ပါတယ်၊ နေဝန်းဂေဟာရဲ့ အရှိန်အဝါကြောင့် ဘယ်သူမဆို ရုတ်တရက် လာပြီး ရန်ပြုခဲ့ကြမှာ မဟုတ်ပါဘူး"

"ခင်ဗျားသာ သည်အကြောင်းကို ဘယ်သူမသိအောင် လျှို့ဝှက်ပေးထားပါ"

"စိတ်ချပါဗျာ၊ ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်က လွဲပြီး ဘယ်သူမှ မသိစေရဘူးလို့ ကျုပ်ကတိပေးပါတယ်"

ယို့မုပင်းမှာ လုံကျန်းကို ကျေးဇူးတင်မဆုံးအောင် ဖြစ်သွားလေတော့သည်။

ထို့နောက်...

နှစ်ယောက်သား လှိုဏ်ကြီးထဲမှ ဟန်မပျက် ပြန်ထွက်လာခဲ့ကြပြီး လမ်းခွဲလိုက်ကြလေတော့သည်။

♣ ♣ ♣

ကြူးစူးမြို့ အနီးတဝိုက်၌ ခိုအောင်းနေသည်ဆိုသော လူဆိုးဓားပြများမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားခဲ့ကြသည်။

သိုင်းလောက၌ နောက်ထပ် တိုက်ပွဲများ ဖြစ်ပေါ်မလာတော့ပါချေ။

သိုင်းပညာ ထက်မြက်လှသော လူဆိုးခေါင်းဆောင်သည်



လည်း မည်သူမည်ဝါမှန်း မသိနိုင်တော့ပါ။

သိုင်းလောက ပြန်လည်အေးချမ်းငြိမ်သက်သွားခြင်းကြောင့် အားလုံး စိတ်အေးသွားခဲ့ကြလေသည်။

သို့သော်...

နေဝန်းဂေဟာပိုင်ရှင် ယို့မုပင်း စိတ်မအေးနိုင်ခဲ့ပါ။

သိုင်းလောက အေးချမ်းငြိမ်သက်သွားခြင်းသည် မုန်တိုင်းမကျမီ ပင်လယ်ပြင်၏ ငြိမ်သက်ခြင်းမျိုးသာ ဖြစ်သည်ဟု နားလည်ထား၏။

ကြောက်မက်ဖွယ်ကောင်းလှသည့် လူဆိုးခေါင်းဆောင်သည် တစုံတခု ကြံစည်နေခြင်းသာ ဖြစ်မည်ဟုလည်း ယုံကြည်ထားလေသည်။

ယို့မုပင်း၏အတွေး မှန်ကန်နေပါသည်။

သိုင်းလောကသားများ စိတ်အေးလက်အေး ဖြစ်သွားကြပြီး မကြာမီ နေဝန်းဂေဟာအား ရန်သူများ စီးနင်းတိုက်ခိုက်ခဲ့ကြလေ၏။

ယို့မုပင်းနှင့် အစောင့်အကြပ်များသည် ရန်သူအား အစွမ်းကုန် ခုခံခဲ့ကြသည်။

သို့တိုင် ရန်သူအား တွန်းလှန်ဖယ်ရှားနိုင်ခြင်း မရှိဘဲ ရန်သူ၏လက်ချက်ဖြင့် ယို့မုပင်း သေဆုံးကာ နေဝန်းဂေဟာလည်း ပျက်စီးသွားခဲ့ရလေတော့သည်။

♣ ♣ ♣

"တောက်"

စုမာဖုံး ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။

နေ့ဝန်းဂေဟာ ဖျက်ဆီးခံရခြင်း၊ ယို့မုပင်း သေဆုံးသွားခြင်းတို့အတွက် ဖခံမရပ်နိုင်အောင် ဖြစ်နေမိသည်။

ရန်သူ မည်သူမည်ဝါမှန်း မသိရဘဲ တိုက်ခိုက်လုပ်ကြံခံလိုက်ရသည်ကို ပို၍ ခံပြင်းနေ၏။

စုမာဖုံး ဆုံးဖြတ်ချက်ချလိုက်သည်။

သံမဏိရဲတိုက်မှ ထွက်ကာ သိုင်းလောကသို့ ဆင်းပြီး နေဝန်းဂေဟာ ဖျက်ဆီးခံရသည့် ကိစ္စကို စုံစမ်းရန် ဖြစ်လေသည်။

စုမာဖုံးသည် ခရီးထွက်ရန် မြင်းတစ်ကောင် ပြင်ဆင်ခိုင်းလိုက်၏။

သံမဏိရဲတိုက်မှ လူများက စုမာဖုံးအတွက် လိုလေသေးမရှိအောင် ပြင်ဆင်ပေးနေချိန်မှာပင်...

"ဒေါင်ဒေါင်... ဒေါင်ဒေါင်"

"ရန်သူ... ရန်သူ"

အချက်ပေး သံချောင်းခေါက်သံများ အော်ဟစ်လိုက်သောအသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စုမာဖုံး မဲ့ပြုံးပြုံးမိသည်။

"အတော်ပဲ ငါ အပင်ပန်းခံပြီး လိုက်ရှာနေစရာ မလိုတော့ဘူးပေါ့"

ချက်ခြင်းပင် ရဲတိုက်ထဲမှ ထွက်လာခဲ့လေသည်။

ရဲတိုက်အပြင်ဘက်သို့ ရောက်လျှင် အနက်ရောင်ဝတ်ထားသည့် ရန်သူများနှင့် သံမဏိရဲတိုက်မှ သိုင်းသမားများ အပြင်းအထန်



တိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရလေသည်။

"သံမဏိရဲတိုက်ကို စော်ကားရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး"

ရန်သ ...များအား ဆုံးမဖို့ ဟန်ပြင်လိုက်ချိန်မှာပင် အနက်ရောင်ဝတ်ဆင်ထားသူများကြားမှ ခေါင်းစွပ်နက်စွပ်ကာ ရုပ်ဖျက်ထားသူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

"အား"

ထိုလူ၏ လက်ဝါးရိုက်ချက်များကြောင့် သံမဏိရဲတိုက်မှလူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

"လက်စသတ်တော့ မင်းက ခေါင်းဆောင်ကိုး၊ သိကြသေးတာပေါ့"

စုမာဖုံး ချက်ခြင်း ပြေးသွားလိုက်လေသည်။

လမ်းတလျှောက် တွေ့ရသော ရန်သူများကိုလည်း တိုက်ခိုက်ပစ်ခဲ့လေသည်။

"အား"

စုမာဖုံး ပြေးသွားသည့် လမ်းတလျှောက်၌ ရန်သူများ အတုန်းအရုန်း ဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

တခဏအတွင်းမှာပင် ရန်သူခေါင်းဆောင်ရှေ့သို့ ရောက်ရှိသွားလေသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ရဲ့ ရဲတိုက်ကို လာပြီး ရန်ရှာရတာလဲ"

စုမာဖုံး အော်ငေါက်မေးမြန်းလိုက်သည်။

ရန်သူခေါင်းဆောင်က...

"သိုင်းလောကမှာ သိုင်းရာဇာလေးယောက် တွင်ကျယ်နေတာကို ကျုပ် သဘောမကျဘူး၊ ခင်ဗျားကို့ သိုင်းလောကကို ကာကွယ်စောင့်ရှောက်နိုင်မယ်လို့ ဘဝင်မြင့်နေကြတာကိုး၊ ကျုပ်က လက်တွေ့ပညာပြချင်လို့ပဲ"

စုမာဖုံး နှာခေါင်းရှုံ့လိုက်သည်။

"သည်လိုဆိုရင် ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ဘဝင်မြင့်နေတဲ့လူဟာ ခင်ဗျားကိုယ်တိုင် ဖြစ်နေပြီ၊ သံမဏိရဲ့တိုက်ကို လာပြီး ကျူးကျော်စော်ကားတဲ့ ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

စကားဆုံးလျှင် သံမဏိလက်ညှိုး သိုင်းပညာ အသုံးပြုကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ရန်သူခေါင်းဆောင်ကလည်း လက်ဝါးနှစ်ဘက် အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်ရာမှ ဖြစ်ပေါ်လာသောလေအရှိန်ကြောင့် တဟူးဟူး မြည်သံများ နားကွဲမတတ် ထွက်ပေါ်လာသကဲ့သို့ ဖုန်များ သဲများ တထောင်းထောင်း ထသွားလေသည်။

စုမာဖုံး၏ သံမဏိလက်ညှိုးပညာ ထက်မြက်လှသည်။

ရန်သူခေါင်းဆောင်၏ လက်ဝါးသိုင်းလည်း မခေပါချေ။

သိုင်းကွက်တစ်ရာကျော် ယှဉ်ပြိုင်မိသည့်တိုင် မည်သူမျှ အသာမရနိုင်ဘဲ ဖြစ်နေ၏။

စုမာဖုံး အံ့သြလာလေသည်။

သူ့အား လက်ရည်တူ ယှဉ်ပြိုင်နိုင်သူမှာ နှယ်နှယ်ရရ လူတစ်ယောက် မဟုတ်ကြောင်း ဆင်ခြင်မိသည်။

ရုပ်ဖျက်ထားခြင်းကြောင့် လူသိမခံနိုင်သူ ဖြစ်ရကာ လူ



သိများ ထင်ရှားသူ ဖြစ်ရသည်ဟုလည်း နားလည်လာ၏။

ထို့ကြောင့်

"ခင်ဗျား ဘယ်သူလဲ"

သံမဏိလက်ညှိုးသိုင်းဖြင့် အဆက်မပြတ် တိုက်ခိုက်ရင်း မေးလိုက်လေသည်။

ထိုလူ အဖြေမပေးဘဲ သိုင်းကွက်ပြောင်းလဲလိုက်၏။

သူ၏လက်ဝါးသိုင်းမှာ တမူ ထူးခြားကာ မထင်မှတ်သော ရှုထောင့်များမှ တိုက်ခိုက်လာလေသောကြောင့် စုမာဖုံး အခက်ကြုံသွားလေသည်။

အံ့သြစိတ် ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ်များကြောင့် စုမာဖုံး၏ တိုက်ခိုက်မှု အရှိန်လျော့ကျသွားချိန်၌ ထိုလူက သိုင်းကွက်ပြောင်းကာ ဖိ၍ တိုက်ခိုက်လာသောအခါ စုမာဖုံး တဖြည်းဖြည်း အခက်ကြုံသွားလေတော့သည်။

တိုက်ခိုက်ခြင်းထက် ခုခံမှုကို ဦးစားပေးလိုက်ရလေတော့သည်။

ထိုလူ အသာစီးရသွားသည်နှင့် ဖိ၍ တိုက်ခိုက်လာလေတော့သည်။

စုမာဖုံး တဖြည်းဖြည်း နောက်ဆုတ်လိုက်ရသည်။

သူ၏လှုပ်ရှားမှုသည် ခါတိုင်းနှင့် မတူဘဲ နှေးကွေးလေးလံကာ အတွင်းအားကိုလည်း ကောင်းစွာ ဖော်ထုတ်မရနိုင်အောင် ဖြစ်လာသည်ဟုလည်း ခံစားနေရ၏။

အတွေ့အကြုံ ရင့်ကျက်သူပီပီ အခြေအနေ မဟန်တော့ဘဲ ရှုံးနိမ့်တော့မည်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထိုစဉ်…

စုမာဖုံးသည် ထိုလူ၏ လက်ဝါးသိုင်း၌ ထူးခြားချက်တခု ရှိနေသည်ကို အမှတ်မထင် သတိပြုမိလိုက်လေသည်။

ပို၍ အံ့သြသွား၏။

"သူ့ရဲ့ လက်ဝါးသိုင်းဟာ ယို့မုပင်းရဲ့ နေကြာလက်ဝါးသိုင်းနဲ့ အတော်ဆင် နေပါလား၊ သူဟာ ယို့မုပင်းများ ဖြစ်နေသလား"

ယို့မုပင်းကား သေဆုံးသွားခဲ့ချေပြီ။

"ဟား… ဟား… ဟား"

အသာစီးရလိုက်သော ထိုလူက တဟားဟား ရယ်မောလိုက်လေသည်။

"ကျုပ်ရဲ့ လက်ဝါးသိုင်းကို ကြည့်ပြီး အံ့သြနေတာလား၊ နေဝန်းဂေဟာက လက်ဝါးသိုင်းလို့ ထင်မှတ်နေတာ မဟုတ်လား"

"ခင်… ခင်ဗျား"

"နေဝန်းဂေဟာပိုင်ရှင် ယို့မုပင်းက သေဆုံးသွားခဲ့ပါပြီလေ"

"ကျုပ် သိမြီ"

စုမာဖုံး ထအော်လိုက်သည်။

ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း သူ ရိပ်မိလိုက်ချေပြီ။

"ခင်ဗျား ဘယ်လိုပဲ ရုပ်ဖျက်ထားပေမယ့် ခင်ဗျားဟာ ဘယ်သူဘယ်ဝါဆိုတာ ကျုပ် ရိပ်မိလိုက်ပါပြီဗျာ"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"သည်လောက် ယှဉ်ပြိုင်တိုက်ခိုက်ပြီးမှ ကျုပ် ဘယ်သူလဲဆိုတာကို ခင်ဗျား ရိပ်မိသွားနိုင်တယ်ဆိုတာ ကျုပ် ကြိုတင် မတွေးမိဘဲ နေပါ့မလား၊ ဒါပေမယ့် ကျုပ်အကြောင်း ဖော်ထုတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"



စကားဆုံးလျှင် စုမာဖုံးထံ ခုန်ဝင်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

စုမာဖုံးသည် သံမဏိလက်ညှိုး သိုင်းပညာကို အသုံးပြုကာ အကြောက်အကန် ရင်ဆိုင်လိုက်သော်လည်း ထိုလူအား မယှဉ်နိုင်တော့ပါ။

ထိုလူ၏ လက်ဝါးတဘက်က စုမာဖုံး၏ရင်ဝကို တည့်တည့်မတ်မတ် ရိုက်ချမိသွားလေတော့သည်။

"ဝုန်း"

"အား"

စုမာဖုံး အဝေးသို့ လွင့်စင်သွားတော့သည်။

ထိုလူသည် အနိုင်ရလိုက်သော်လည်း ရပ်တန့်ခြင်း မရှိပါချေ။

"ဟူး"

စုမာဖုံးနောက်သို့ ပြေးလိုက်သွားပြီး လက်ဝါးဖြင့် သုံးချက်ဆင့်ကာ ရိုက်ချလိုက်လေသည်။

မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေသော စုမာဖုံးမှာ အဆက်မပြတ် ကျရောက်လာသော လက်ဝါးရိုက်ချက်များကြောင့် မည်သို့မျှ မဟန်နိုင်တော့ဘဲ…

"ဝုန်း"

မြေပေါ် ပြန်လဲကျကာ အသက်ပျောက်သွားလေတော့၏။

♣ ♣ ♣

ကျင်းတိမိန်သည် လက်နှစ်ဘက် နောက်ပစ်ကာ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေ၏။

သူ၏မျက်နှာ လေးနက်တည်ကြည်နေ၏။

မျက်မှောင်ကုပ်ထားသဖြင့် တစုံတခုအား လေးလေးနက်နက် တွေးတောစဉ်းစားနေကြောင်း ထင်ရှားနေပါသည်။

ကျင်းတိမိန်က နေဝန်းဂေဟာနှင့် သံမဏိရဲတိုက်အကြောင်း စဉ်းစားနေခြင်း ဖြစ်ပါသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းရာဇာလေးဦး၌ ပါဝင်သည့် စုမာဖုံးနှင့် ယို့မုပင်းတို့ ဦးဆောင်သည့် ဂေဟာနှင့် ရဲတိုက်မှာ ရစရာမရှိအောင် တိုက်ခိုက်ဖျက်ဆီးခံလိုက်ရလေသည်။

စုမာဖုံးကော ယို့မုပင်းပါ သေဆုံးသွားရသဖြင့် မယုံနိုင်အောင် ဖြစ်ရလေသည်။

ကျင်းတိမိန် ခြေလှမ်းရပ်လိုက်သည်။

"စုမာဖုံးနဲ့ ယို့မုပင်းတို့ လုပ်ကြံမခံရခင်မှာ သူတို့ရဲ့ သိုင်းပညာကို အပြည့်အဝ အသုံးမပြုနိုင်အောင် အနှောင့်အယှက် တခုခု ခံခဲ့ရပုံပဲ၊ ဒါကြောင့် ရန်သူကို မရှုမလှ အရှုံးပေးလိုက်တာ ဖြစ်မယ်"

စုမာဖုံးနှင့် ယို့မုပင်းတို့သာ သူတို့၏သိုင်းပညာကို ထိထိရောက်ရောက် ဖော်ထုတ်အသုံးချနိုင်မည်ဆိုပါလျှင် ရန်သူအား အရေးနိမ့်ခဲ့သည့်တိုင် သူတို့အား အနိုင်ယူခဲ့သည့် ရန်သူလည်း သက်သာလိမ့်မည် မဟုတ်ပါ။

အနည်းနှင့်အများ ထိခိုက်ဒဏ်ရာရလိမ့်မည်သာ ဖြစ်ပေသည်။



သို့သော်...

ရန်သူ၏သတင်းကို ဘာမျှ မကြားရပါ။

နေဝန်းဂေဟာနှင့် သံမဏိရဲတိုက်တို့သာလျှင် ဝမ်းနည်းကြေကွဲစရာကောင်းအောင် ဖျက်ဆီးခံလိုက်ရလေသည်။

ကျင်းတိမိန်သည် အတန်ကြာ တွေးတောစဉ်းစားပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

သူ၏သမီး ကျင်းကျင်း၏အသက်အန္တရာယ်ကို ကာကွယ်ရန် ကြိုတင်စီမံထားဖို့ ဖြစ်သည်။

ရန်သူသည် သိုင်းရာဇာနှစ်ယောက်အား တိုက်ခိုက်ပြီးနောက် သိုင်းရာဇာတစ်ယောက် ဖြစ်သည့် သူ့ကိုလည်း တိုက်ခိုက်ခြင်းမပြုဟု မည်သူမျှ ပြောနိုင်ကြလိမ့်မည် မဟုတ်ချေ။

အကယ်၍...

ရန်သူ၏တိုက်ခိုက်ခံရကာ သူ သေဆုံးသွားပြီး ခရေခြံဝင်း ပျက်စီးသွားသည့်တိုင် သမီးဖြစ်သူ ကျင်းကျင်း အသက်ရှင် ကျန်ရစ်ခဲ့ရပေမည်။

သို့မှသာ...

နောင်တစ်ချိန်တွင် ရန်သူကို ဖော်ထုတ်ဆုံးမနိုင်လိမ့်မည် ဖြစ်ပေသည်။

ကျင်းတိမိန်သည် ရန်သူကို ရင်ဆိုင်ဖို့ထက် သမီးကျင်းကျင်းအတွက် မည်သို့ စီစဉ်ရမည်ကို အလေးအနက်ထားကာ တွေးတောစဉ်းစားလိုက်လေတော့သည်။

♣ ♣ ♣

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

ခရေခြံဝင်းသည် ညအမှောင်ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နေဝန်းဂေဟာနှင့် သံမဏိရဲတိုက်တို့၏ သတင်းဆိုးများကြောင့် အစောင့်အကြပ်များ သတိဝီရိယဖြင့် စောင့်ကြပ်နေကြမည် ဖြစ်ပါသည်။

ရန်သူ ကျူးကျော်ဝင်ရောက်လာသည်နှင့် ချက်ခြင်း သိရလိမ့်မည်ဟု ကျင်းတိမိန် ယုံကြည်ထားလေသည်။

သူ၏အခန်းထဲရှိ စားပွဲတစ်လုံး၌ ထိုင်ကာ တွေးတောစဉ်းစားနေမိသည်။

ကျင်းကျင်းအတွက် အကောင်းဆုံး ဖြစ်နိုင်မည့်နည်းလမ်းကို တွေးတောနေခြင်း ဖြစ်သည်။

ညက တစထက်တစ နက်ရှိုင်းလာ၏။

ရုတ်တရက် ည၏ပိုးကောင် မွှားကောင်လေးများ၏ အော်မြည်သံများ ရပ်တန့်သွားလေသည်။

ကျင်းတိမိန်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ကြည့်လိုက်လျှင် မသဲမကွဲ ဖြာကျနေသော လရောင်ဖြင့် ခရေပင်ကြီးတပင်အောက်၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ မည်သူ ဖြစ်ပါသနည်း။

ကျင်းတိမိန် ကြက်သီးမွေးညှင်း ထသွားသည်ဟု ခံစားလိုက်ရလေသည်။



"ဘယ်သူလဲ"

အော်ပေါက်ရင်း ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

"ဟူး"

ကျင်းတိမိန်သည် လေထဲကျွမ်းတပတ်ပစ်ပြီးနောက် ခရေပင်ကြီးအောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်။

သူ၏လက်ထဲ၌လည်း လက်စွဲတော်ဓားက အသင့်ပါလာ၏။

ခရေပင်အောက်မှ လူက ရှေ့သို့ လှမ်းထွက်လိုက်လျှင် လရောင်အောက်သို့ ရောက်ရှိလာလေသည်။

ထိုလူကို မြင်လျှင် ကျင်းတိမိန်၏ရင်ထဲ အေးစိမ့်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ကာ ရုပ်ဖျက်ထားသူ ဖြစ်သည်။

နေဝန်းဂေဟာနှင့် သံမဏိရဲတိုက်တို့အား ဖျက်ဆီးပစ်ခဲ့သူဟု သတင်းကြီးနေသူပင်။

"ခင်ဗျားကိုး"

ထိုလူက...

"ကျုပ်က နေဝန်းဂေဟာနဲ့ သံမဏိရဲတိုက်ကို ဖျက်ဆီးပြီးမှ ခရေခြံဝင်းကိုလည်း ရောက်လာလိမ့်မယ်ဆိုတာ သိသင့်တာပေါ့ဗျာ"

ပြောပြီး သဘောကျသွားသည့်အလား ခပ်အုပ်အုပ် ရယ်မောလိုက်လေသည်။

ကျင်းတိမိန်က ပမာမခန့် ပြန်ပြောလိုက်၏။

"ခင်ဗျား ရောက်လာတော့ကော ဘာဖြစ်ဦးမှာလဲဗျာ၊ ခင်

ဗျားကို ဆုံးမဖို့ လိုက်ရှာစရာ မလိုတော့ ကျုပ် မပင်ပန်းတော့ဘူး ပေါ့"

ထိုလူက...

"ခရေခြံဝင်း ပျက်စီးသွားမှာကိုကော ထည့်မတွက်တော့ဘူးလား"

ကျင်းတိမိန် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ရဲ့ ခရေခြံဝင်းကို ဘယ်သူက ဖျက်ဆီးပစ်နိုင်မှာတဲ့လဲဗျာ"

ထိုစဉ်...

"ရန်သူ... ရန်သူ"

ဆူဆူညံညံ အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မီးရောင်များလည်း ရုတ်ခြည်းထွက်ပေါ်လာကာ ခြံဝင်းတခုလုံး လင်းထိန်သွားသည်ဟုပင် ထင်ရလေတော့သည်။

ခရေခြံဝင်းအနောက်ဘက်မှ မီးဖိုဆောင်နှင့် မြင်းဇောင်းများ မီးစွဲလောင်သွားခြင်း ဖြစ်သည်။

ရန်သူများကား ခရေခြံဝင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြချေပြီ။

ခရေခြံဝင်းကို ဖျက်ဆီးဖို့ ကြိုးစားနေကြပြီ ဖြစ်လေသည်။

"တိုက်ကြဖျော့"

"ဝုန်း"

"အား"

ခရေခြံဝင်းမှ သိုင်းသမားများနှင့် ကျူးကျော်လာသည့် ရန်သူများ ထိပ်တိုက်ရင်ဆိုင်နေကြပြီ ဖြစ်ပါသည်။



ကျင်းတိမိန် ပိုပြီး ခံပြင်းလာသည်။

"ကျုပ်တို့ ခရေခြံဝင်းဟာသိုင်းလောကမှာ နှစ်ပေါင်းများစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်လာနိုင်ခဲ့တာပါ၊ သည်ကနေ့ညမှ ဖျက်ဆီးခံရမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့၊ သည်လို ကိစ္စမျိုးဟာ ကျုပ် အသက်ရှင်နေလျက်နဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ် သေသွားမှသာ ဖြစ်ကောင်းဖြစ်လိမ့်မယ်"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ခင်ဗျား သေရမှာပါ"

"ကောင်းပြီ၊ ခင်ဗျား ပြောတဲ့အတိုင်း လုပ်နိုင်ပါ့မလား ကြည့်ကြသေးတာပေါ့"

ကျင်းတိမိန်သည် ဓါးမှဓားကို ခြမ်းခနဲမြည်အောင် ဆွဲထုတ်ကာ စတင်တိုက်ခိုက်လေတော့သည်။

♣ ♣ ♣

ခရေခြံဝင်းထဲ၌ တိုက်ပွဲ ပြင်းထန်နေသည်။

ရန်သူများသည် လက်နက်ပုန်းများ၊ အဆိပ်လူးမြားကလေးများ အသုံးပြုကြသဖြင့် ခရေခြံဝင်းမှ သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားကြလေတော့သည်။

လက်နက်ချင်း ပြင်းထန်စွာ ထိခိုက်မိသော အသံများ၊ ရူးရှသော အော်ဟစ်သံများလည်း တခဲနက် ထွက်ပေါ်နေ၏။

သတိထားနေကြသည့်ကြားမှ အငိုက်ဖမ်း တိုက်ခိုက်ခံလိုက်ရခြင်းကြောင့် ခရေခြံဝင်း အရေးနိမ့်သွားခဲ့လေတော့သည်။

ခရေခြံဝင်းပိုင်ရှင် ကျင်းတိမိန်သည် ရန်သူခေါင်းဆောင်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ၏။

ရန်သူခေါင်းဆောင်ကို အနိုင်ယူနိုင်မှ ခရေခြံဝင်း၏ဂုဏ်သိက္ခာကို ဆယ်နိုင်မည်ဖြစ်ကာ သိုင်းလောက ရန်စွယ်တခုကိုလည်း သုတ်သင်ဖယ်ရှားသွားပြီးသား ဖြစ်သွားမည်ဟု ခံယူထားလေသည်။

သို့သော်...

သိုင်းကွက်သုံးဆယ်ကျော် ယှဉ်ပြိုင်မိသောအခါ မျှော်လင့်သလို မဖြစ်နိုင်တော့ကြောင်း ကျင်းတိမိန် နားလည်သွားလေတော့သည်။

ရန်သူခေါင်းဆောင်သည် လက်နက်မဲ့ ရင်ဆိုင်နေသော်လည်း တစထက်တစ အသာစီး ရသွားသည် မဟုတ်ပါလား။

ရန်သူခေါင်းဆောင်၏ လက်ဝါးရိုက်ချက်များသည် မိမိ၏ ဓားကွက်များထက်ပင် ပို၍ အစွမ်းထက်ကြောင်း သိလိုက်ရ၏။

ဓားကွက်များ အဆက်မပြတ် ထုတ်ဖော်နေသည့်တိုင်အောင် ဓားရိပ်များကြားမှ တိုးဝင်လာသည့် လက်ဝါးရိုက်ချက်များက ကျင်းတိမိန်အား တုန်လှုပ်သွားစေခဲ့လေတော့သည်။

လက်ဝါးရိုက်ချက်များကို သတိထားနေရသဖြင့် ဓားကွက်များပျက်လာသည်။

အစီအစဉ်တကျ ထုတ်ဖော်တိုက်ခိုက်နိုင်ခြင်းမျိုး မရှိတော့ဘဲ ဖရိုဖရဲ ဖြစ်လာ၏။

ရန်သူခေါင်းဆောင်မှာ အလွန်ကြောက်မက်ဖွယ်ကောင်းသူ



ဖြစ်ကြောင်း လက်တွေ့သိလိုက်ရပြီ ဖြစ်ပါသည်။

ကျင်းတိမိန် ဖရိုဖရဲ ဖြစ်ကာ နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

ထိုအချိန်မှာပင်...

"သွားစမ်း"

ရန်သူခေါင်းဆောင်က အော်ငေါက်ကာ ခြေတစ်ဘက် ဆန့်ထုတ်ကန်ကျောက်လိုက်လျှင်...

"ခြွမ်း"

ကျင်းတိမိန်၏လက်ထဲမှဓား လွင့်စင်သွားတော့သည်။

"ဟာ"

ကျင်းတိမိန် ထိတ်လန့်သွား၏။

ဓားကို ကပျာကယာ ပြန်လည်ဖမ်းယူဖို့ ကြိုးစားလိုက်စဉ်မှာပင်...

"ဟူး"

ရန်သူခေါင်းဆောင်သည် အနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျင်းတိမိန် ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပါ။

"ဝုန်း"

"အား"

ဆူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စင်သွားတော့သည်။

ရန်သူခေါင်းဆောင် ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ရပ်တန့်လိုက်လေသည်။

သူ၏လက်ဝါးရိုက်ချက်ကို ယုံကြည်ထားခြင်းကြောင့် ဖြစ်

လေတော့သည်။

သူ၏လက်ဝါးရိုက်ချက် မိသွားသော ကျင်းတိမိန်မှာ အသက်ရှင်ဖို့ မည်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

ရန်သူခေါင်းဆောင်သည် အနက်ရောင်ဝတ်ထားသူများအား အော်ဟစ်အမိန့်ပေးလိုက်သည်။

"တစ်ယောက်မှ မလွတ်စေနဲ့"

"တစ်ယောက်မှ အရှင်မထားနဲ့"

သူ၏အမိန့်ပေးသံက ပြတ်သားလှ၏။

ရက်စက်ကြမ်းကြုတ်လှသော ရန်သူခေါင်းဆောင်ကြောင့် ခရေခြံဝင်း ရက်ရက်စက်စက် တိုက်ခိုက် ဖျက်ဆီးခံလိုက်ရလေတော့သည်။

♣ ♣ ♣



## စတုတ္ထမြောက်သိုင်းရာဇာ

လေဝှေ့ယမ်း တိုက်ခတ်လာ၏။

ရော်ရွက်ကလေးတချို့ ဝေ့ကာဝဲကာ ကြွေကျလာသည်။

ယို့ချီနှင့် လုံကျန်းတို့ မျက်နှာချင်းဆိုင် ရပ်နေကြ၏။

ထင်ရှားခဲ့သော သိုင်းရာဇာလေးယောက် သေဆုံးသွားခဲ့ကြပြီဟု သိုင်းလောကတခုလုံး ယုံကြည်ထားခဲ့ကြသော်လည်း လုံကျန်းက အသက်ရှင်နေ၏။

ကျန်သိုင်းရာဇာသုံးယောက်အား ကောက်ကြံကာ လုပ်ကြံခဲ့သည်မှာ လုံကျန်းကိုယ်တိုင် ဖြစ်နေပါတော့သည်။

လုံကျန်း သက်ပြင်းချလိုက်သည်။

"တခြားသိုင်းရာဇာသုံးယောက် လုပ်ကြံခံလိုက်ရပေမယ့် ကျုပ်က အသက်ရှင်လျက် ကျန်ရစ်ခဲ့ရင် အထင်မှားစရာ ဖြစ်လာနိုင်တာကြောင့် နဂါးစံအိမ်ကို ကျုပ်ကိုယ်တိုင် ဖျက်ဆီးပြီး သေချင်ဟန်ဆောင်ခဲ့တာပဲ၊ သိုင်းရာဇာလေးယောက်စလုံး သေဆုံးသွားပြီလို့ အားလုံး ယုံကြည်ထားလိုက်ကြတော့ ကျုပ် ပိုပြီးလွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်တာပေါ့လေ"

ယို့ချီက...

"ခင်ဗျားရဲ့ လက်ဝါးသိုင်းဟာ ကျုပ်တို့ နေဝန်းဂေဟာရဲ့ နေစကြာ လက်ဝါးသိုင်းနဲ့ ခပ်ဆင်ဆင်တူနေတာကြောင့် ခင်ဗျားရဲ့ လက်ချက်နဲ့ ဒုက္ခရောက်ခဲ့ကြပေမယ့် ကျုပ်တို့ နေဝန်းဂေဟာရဲ့ လက်ချက် ဖြစ်တယ်လို့ သံသယ ဝင်ခဲ့ကြတယ်၊ အထင်မှား ခံခဲ့ရတယ်၊ ခင်ဗျား တော်တော် ဒုက္ခပေးခဲ့တာပဲ"

"ငါ အသက်ရှင်နေတာကို မင်း ရိပ်မိပြီး၊ ငါ့အကြောင်း စုံစမ်းဖော်ထုတ်နိုင်ခဲ့တဲ့အတွက် မင်းကို ချီးကျူးပါတယ်ကွာ"

"ခင်ဗျားဟာ သိုင်းရာဇာတစ်ယောက် ဖြစ်ပေမယ့် တခြားသိုင်းရာဇာသုံးယောက်ကို လွယ်လွယ်ကူကူ အနိုင်ရစရာအကြောင်း မရှိပါဘူး၊ သူတို့ကို ခင်ဗျား အကောက်ကြံခဲ့တာပဲ မဟုတ်လား"

သူ၏ရင်ထဲ မရှင်းလင်းသည့် ကိစ္စကို မေးလိုက်လေသည်။

"ဟား... ဟား... ဟား"

လုံကျန်း ရယ်မောလိုက်လေသည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

"မင်း မဆိုးဘူး၊ သိုင်းလောကမှာ သိုင်းရာဇာလေးယောက်



လုပ်ကြံခံရတဲ့ ကိစ္စကို အမျိုးမျိုး ပြောဆိုနေကြတယ်၊ ဒါဟာ သူတို့စိတ်ထဲထင်တာကို မှန်းဆပြီး ဝေဖန်ပြောဆိုကြတာပါ၊ တစ်ခုမှ မဟုတ်ပါဘူး၊ အဖြစ်မှန်ကတော့ မင်း ပြောသလိုပါပဲ၊ ကျုပ်ရဲ့ သိုင်းပညာ ဘယ်လောက်ပဲ ထက်မြက်ပေမယ့် ကျန်တဲ့ သိုင်းရာဇာသုံးယောက်ကို လွယ်လင့်တကူ သုတ်သင်ပစ်ဖို့ဆိုတာ မလွယ်ပါဘူး"

"ခင်ဗျား အကောက်ကြံခဲ့တာ မဟုတ်လား"

"ဒါအမှန်ပဲ၊ ကျုပ် အကောက်ကြံခဲ့တယ်၊ သိုင်းလောကကို လွှမ်းမိုးနိုင်ဖို့ သူတို့ကို ဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့တယ်၊ ကျုပ်ရဲ့ အကြံအစည်ကို သူတို့က သဘောမတူကြဘူး၊ လက်မခံကြဘူးဆိုရင် အခက်ကြုံရနိုင်တာကို ကျုပ် သိတယ်၊ ကျုပ်ကတော့ သိုင်းလောကကို လွှမ်းမိုးဖို့ ဆက်ပြီး ကြိုးစားသွားမှာကိုး၊ ကျုပ်အတွက် အနှောင့်အယှက် မဖြစ်ရလေအောင် ကျုပ်ရဲ့ အကြံကို လက်မခံဘူးဆိုတာနဲ့ သူတို့ကို သုတ်သင်ရှင်းလင်းပစ်နိုင်အောင် ကြိုတင် စီစဉ်ထားခဲ့တာပဲ"

"ခင်ဗျား ဖိတ်ခေါ်ဆွေးနွေးရင်း ဧည့်ခံကျွေးမွေးတဲ့အခါ အရက်နဲ့ စားသောက်ဖွယ်ရာတွေထဲမှာ ကြိုတင်ပြီး အဆိပ်ခတ်ထားခဲ့တာ မဟုတ်လား"

"ဟား... ဟား... ဟား... မှန်လိုက်လေကွာ၊ ကျုပ်ရဲ့ လုပ်ရပ်တွေကို မင်းက တိတ်တဆိတ် ချောင်းကြည့်နေတဲ့ အတိုင်းပါပဲလား"

လုံကျန်း သဘောကျနေသော်လည်း ယို့ချီကား မခံမရပ်နိုင်အောင် ဖြစ်နေပါတော့သည်။

"ကျုပ်အဖေဟာ အဆိပ်မိခဲ့လို့သာ ခင်ဗျားကို မယှဉ်နိုင်

အောင် ဖြစ်ခဲ့ရတာပဲ၊ ဒါမှ မဟုတ်ရင် ခင်ဗျား ဘယ်လွယ်မလဲ”

“မှန်တာပေါ့ကွာ၊ ကျုပ်ရဲ့ အဆိပ်ဟာ တဖြည်းဖြည်း အစွမ်းပြတာ၊ သူတို့ အဆိပ်မိလို့တောင် မိသွားမှန်း မသိကြဘူး၊ သူတို့ရဲ့ အတွင်းအားတွေ ကုန်ခမ်းသွားချိန် သိုင်းအား ယုတ်လျော့သွားချိန်ရောက်မှ ကျုပ်က အကြောင်းအမျိုးမျိုး ဖန်တီးပြီး သုတ်သင်ရှင်းလင်းပစ်လိုက်တာပဲ”

“သူတို့ကို ရှင်းပစ်နိုင်ခဲ့ပေမယ့် သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့နဂါးစံအိမ်ကို ဂရုစိုက်လာနိုင်တာကြောင့် နဂါးစံအိမ်ကို ဖျက်ဆီးပြီး ကျုပ်ကိုယ်တိုင် သေချင်ဟန်ဆောင်ခဲ့ရတာ အတော့်ကို ဝမ်းနည်းစရာ ကောင်းတယ်၊ နဂါးစံအိမ်လောက် ဘယ်နေရာက ပိုပြီးစိတ်ချရမလဲ”

ယို့ချီက...

“ဒါပေမယ့် ပန်းနီကျေးရွာမှာ ခင်ဗျား ခိုလှုံနိုင်ခဲ့တာပဲ မဟုတ်လား”

“ပန်းနီကျေးရွာက ဘယ်လောက်များ စိတ်ချရလို့လဲ၊ ကျုပ်အပေါ်မှာ ဘယ်လောက်များ သစ္စာရှိနိုင်ကြမှာမို့လဲ”

“ကျုပ်အပေါ်မှာ တကယ်တမ်း သစ္စာရှိတယ် မရှိဘူးဆိုတာ နောက်ဆုံး ပေါ်လွင်လာခဲ့တာပဲ မဟုတ်လား၊ ဒါကြောင့် သူတို့အားလုံးကို ရှင်းပစ်လိုက်ရတာ၊ သူတို့သာ ကျုပ် စကားနားထောင်မယ်၊ ကျုပ်အပေါ်မှာ သစ္စာရှိမယ်၊ ကျုပ်နဲ့ လက်တွဲပြီး ခိုင်းတာ လုပ်မယ်ဆိုရင် သိုင်းလောကတခုလုံး ကျုပ်ရဲ့ ခြေဖဝါးအောက် ရောက်လာမှာပဲ မဟုတ်လား”

“မထင်ပါနဲ့ဗျာ၊ ခင်ဗျားနဲ့ ဘယ်သူမှ ရေရှည်လက်တွဲကြ



မှာ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ လုပ်ရပ်တွေကို ဘယ်သူမှ လက်ခံကြမှာ မဟုတ်ပါဘူး၊ နောက်ဆုံးမှာ ခင်ဗျားကို ဝိုင်းဝန်းဆန့်ကျင်ကြမှာပါပဲ၊ ခင်ဗျားရဲ့ နဂါးစံအိမ် ရှိနေခဲ့သေးရင်တောင်မှ စံအိမ်က လူတွေရဲ့ ဝိုင်းဝန်းဆန့်ကျင်မှုကို ခင်ဗျား ခံရမှာပါ”

“ကျုပ်ကို ဆန့်ကျင်ကြတော့ကော ကျုပ် ဂရုစိုက်ရမှာလား၊ သိုင်းလောကတခုလုံးကို ကျုပ် ဖျက်ဆီးပစ်နိုင်၊ ၁ယ်ဆိုတာ မှတ်ထားပါ”

“သိပ်အထင် မကြီးပါနဲ့ဗျာ၊ ကျုပ်ကိုပဲ အနိုင်ရအောင် အရင်ဆုံး ကြိုးစားကြည့်ပါဦး”

“မင်း ဘာများ တတ်နိုင်မှာမို့လဲ”

“ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာကို ဖော်ထုတ်နိုင်သလို ခင်ဗျားရဲ့ပညာ ဘယ်လိုရှိသလဲဆိုတာ ကျုပ် သိနေတယပဲ၊ ဘာကြောင့် မတတ်နိုင်ရမှာလဲ”

လုံကျန်း၏မျက်နှာ ခက်ထန်သွားလေတော့သည်။

“ကောင်းပြီလေ၊ ကျုပ်ကို တတ်နိုင်တယ် ထင်ရင် ကြိုးစားကြည့်ပေတော့”

စကားဆုံးလျှင် လက်ဝါးနှစ်ဘက် အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

“ယား”

ယို့ချီလည်း ညာသံပေးကာ ပြန်လည် ရင်ဆိုင်တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣

လုံကျန်း၏အကြောင်း ပေါ်ပေါက်သွားပြီ ဖြစ်ပါသည်။

ယို့ချီသည် လုံကျန်းနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ပြီ ဖြစ်၏။

နှစ်ယောက်စလုံး လက်ဝါးသိုင်းကို အသုံးပြုလိုက်ကြခြင်း ဖြစ်လေသည်။

"ဟူး... ဟူး... ဟူး"

"ဝှစ်... ဝှစ်"

လေတိုးသံများနှင့်အတူ လက်ဝါးရိပ်များ ရာထောင်ချီကာ ထွက်ပေါ်လာလေသည်။

လက်ဝါးရိပ်များသည် ပန်းပွင့်ကလေးများနှင့် တူနေပြီး ယို့ချီနှင့် လုံကျန်းတို့ကား လိပ်ပြာကလေးများနှင့် တူနေပါတော့သည်။

ပန်းဝတ်ရည် စုပ်ယူရန် ဟိုမှသည်မှ ပျံသန်းနေသော လိပ်ပြာကလေးများအလား...

နှစ်ယောက်သား လျင်မြန်စွာ လှုပ်ရှားလိုက်ကြသည်နှင့် လက်ဝါးရိပ်များက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွား၏။

လက်ဝါးသိုင်းပညာ တဘက်ကမ်းခတ် ထူးချွန်သူနှစ်ဦး ထိပ်တိုက်ရင်ဆိုင်မိကြခြင်း ဖြစ်သည်။

ယို့ချီမှာ ဖခင်ကြီး ယို့မုပင်းကဲ့သို့ အဆိပ်ခတ်ခံထားရခြင်း မရှိဖြင့် လုံကျန်းအား ကောင်းစွာ ယှဉ်ပြိုင်နိုင်ခဲ့လေတော့သည်။

ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာကာ နှစ်ယောက်သား ပြိုင်တူ နောက်ဆုတ်လိုက်ကြရလေတော့သည်။

လုံကျန်း အံ့သြသွားသည်။



"မင်း ဘယ်ဆိုးလို့လဲ"

ယို့ချီက...

"ကျုပ်အဖေသာ အဆိပ်ခတ် မခံရဘူးဆိုရင် ခင်ဗျားကို ရှုံးစရာ ဘာအကြောင်းမှ မရှိပါဘူး၊ ကျုပ်တို့ နေဝန်းဂေဟာရဲ့ လက်ဝါးသိုင်းဟာ ခင်ဗျားရဲ့ လက်ဝါးသိုင်းထက် ပိုပြီး အစွမ်းထက်တယ်ဆိုတာ မှတ်ထားပါ"

နေဝန်းဂေဟာ နေစကြာလက်ဝါးသိုင်းမှာ အလွန်ထက်မြက်လှပေသည်။

နေစကြာလက်ဝါးသိုင်းသည် မိမိ၏လက်ဝါးသိုင်းထက် ပို၍ ထက်မြက်သည်ကို လုံကျန်းကိုယ်တိုင် သိထား၏။

ထို့ကြောင့်...

နေစကြာလက်ဝါးသိုင်းကို တုပပြီး လေ့ကျင့်ခဲ့သေးသည် မဟုတ်ပါလား။

သူ၏လက်ဝါးသိုင်းနှင့် နေစကြာလက်ဝါးသိုင်း ခပ်ဆင်ဆင် တူနေခြင်းသည် တုပလေ့ကျင့်ထားခဲ့ခြင်းကြောင့် ဖြစ်ပါတော့သည်။

လုံကျန်း အံ့ကြိတ်လိုက်သည်။

"နေဝန်းဂေဟာ ပျက်စီးသွားပေမယ့် မင်း အသက်ရှင်လျက် လွတ်မြောက်ခဲ့တာ ကံကောင်းသွားတယ်၊ ရန်ကြွင်းရန်စတခု ချန်ထားခဲ့မိတာ ကျုပ်အမှားပဲ"

သူ၏အမှားကို ဝန်ခံလေသည်။

ယို့ချီ အသက်ရှင်လျက် လွတ်မြောက်သွားသည်ဆိုလျှင် ရေးမဆွကပင် လိုက်လံရှာဖွေကာ သုတ်သင်ရှင်းလင်းပစ်ရမည် မဟုတ်ပါလား။

ယို့ချီ အသက်ရှင်လျက် ကျန်ရစ်ခဲ့ခြင်းသည် သူ့အတွက် အန္တရာယ်ဖြစ်ကြောင်း ယခုတော့ ထင်ရှားခဲ့ချေပြီ။

ယို့ချီ ရယ်မောလိုက်သည်။

"ကျုပ်တစ်ယောက်ထဲ မဟုတ်ပါဘူးဗျာ"

"ဘာကွ"

"ခရေခြံဝင်းက သခင်မလေးကျင်းကျင်းလည်း ရှိနေပါသေးတယ်ဗျာ"

လုံကျန်း ပိုပြီး ဒေါပွသွားသည်။

"ကျုပ်က မင်းတို့နှစ်ယောက်ကို မှုရမှာလား၊ မင်းတို့ကို သုတ်သင်ရှင်းလင်းပစ်မယ့်အပြင် သိုင်းလောကကိုပါ ဖျက်ဆီးပစ်မယ်ဆိုတာ မှတ်ထားပါ"

ယို့ချီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မတတ်နိုင်တော့ပါဘူးဗျာ"

"သိကြသေးတာပေါ့"

လုံကျန်း ဒေါသတကြီးဖြစ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ယို့ချီလည်း နေစကြာလက်ဝါးသိုင်းမှ သိုင်းကွက်များကို အစီအစဉ်တကျ ထုတ်ဖော်ကာ ရင်ဆိုင်လိုက်လေသည်။

သူတို့နှစ်ယောက်၏ တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ယို့ချီသည် လုံကျန်းအား ကောင်းစွာ ရင်ဆိုင်နိုင်ခဲ့သည်။

သို့သော်...

လုံကျန်းမှာ အတွေ့အကြုံ ရင့်ကျက်သော ဝါရင့်သိုင်းသမား



ကြီးတစ်ယောက် ဖြစ်၍ အတွေ့အကြုံချင်း ကွာခြားနေသည်ဖြစ်ရာ လုံကျန်းအား ရုတ်တရက် အနိုင်ယူဖို့ မဖြစ်နိုင်တော့ပေ။

လုံကျန်းမှာ အကောက်ဉာဏ်များသူလည်း ဖြစ်ရာ ကြာလျှင် ယို့ချီပင် အကောက်ကြံရကာ ဒုက္ခရောက်နိုင်သည့်သဘော ရှိလေသည်။

ယို့ချီကတော့ အသက်စွန့် ရင်ဆိုင်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

နှစ်ယောက်သား သဲကြီးမဲကြီး တိုက်ခိုက်နေကြချိန်မှာပင် ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်။

"ကျွန်မ ရှိနေသေးတယ်ဆိုတာကို သိလျက်နဲ့ မေ့ထားလို့ ဘယ်ဖြစ်ပါ့မလဲရှင်"

ကျင်းကျင်းသည် သစ်ပင်များကြားမှ ထွက်လာသည်။

သူမ၏လက်ထဲ၌ ဓားတလက် ကိုင်ထားပြီး ခရေခြံဝင်း၏ ဓားပစ်ပညာကို အသုံးပြုကာ ပစ်လွှတ်လိုက်၏။

"ဝှစ်"

သူမ၏ဓားသည် အရှိန်ပြင်းစွာ ပစ်လွင့်သွားပြီး လုံကျန်း၏ ကျောပြင်၌ စိုက်ဝင်သွားလေသည်။

ယို့ချီနှင့် ရင်ဆိုင်ရသော လုံကျန်းမှာ ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပါချေ။

"ဒုတ်"

"အား"

အသံနက်ကြီးဖြင့် အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

ယို့ချီ ဝမ်းသာသွား၏။

လုံကျန်းကို သုတ်သင်ကာ သိုင်းလောကရန်စွယ်ကို ချေမှုန်းနိုင်ခဲ့ပြီ မဟုတ်ပါလား။

ကျင်းကျင်းလည်း ဝမ်းသာနေ၏။

သူတို့ ကြုံတွေ့ခဲ့ရသည့် အခက်အခဲ ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပြီ ဖြစ်သည်။

သိုင်းလောက အေးချမ်းသာယာသွားတော့မည် ဖြစ်သလို သူတို့နှစ်ယောက်၏ဘဝသည်လည်း ပျော်ရွှင်ချမ်းမြေ့ရတော့မည် ဖြစ်ပါသည်။

"ညီမ"

"အစ်ကို"

ကျင်းကျင်းက ယို့ချီထံသို့ ပြေးသွား၏။

ယို့ချီ လက်ကမ်း ကြိုဆိုနေလေတော့သည်။

ပြီးပါပြီ။